
(ဧပြီ–မေ–ဂျွန် – ၂၀၁၉)

(အတွဲ ၂၁။အမှတ် – ၂)

အသင်းတော်အတွင်း(ကန့်သတ်)
၃ လတစ်ကြိမ်ထုတ်ဝေသည်။



နှလုံးသည် အသက်၏အခြေအမြစ်ဖြစ်သောကြောင့်၊
သင်၏နှလုံးကိုအထူးသဖြင့်စောင့်ရှောက်လော့။ (သုတ္တံကျမ်း ၄ း ၂၃)

# ကြေးစည်

စာစောင်



# ရွှေနိုင်ငံဖြစ်အောင် ပြန်လည်ကြိုးပမ်းကြပါစို့။ ငြိမ်းချမ်းရေးအသီးအပွင့်များကို ကိုယ်တိုင်ခံစားကြပါစို့။

## မြန်မာပြည်လက်နက်ကိုင်ပဋိပက္ခအားလုံးချုပ်ငြိမ်းရေး

ကာဒီနယ် ချားလ်စ်ဘို
ရန်ကုန် ကက်သလစ် ဂိုဏ်းချုပ်သာသနာ၊ မြန်မာနိုင်ငံ။

မြန်မာနိုင်ငံဟာသမိုင်းအစဉ်အလာကြီးမားလွန်းလှပါတယ်။

တစ်ချိန်က မြန်မာနိုင်ငံကို သုဝဏ္ဏဘူမိ-ရွှေနိုင်ငံလို့ ခေါ်ဆိုကြပါတယ်။ မြေပေါ်မြေအောက် သယံဇာတတွေနဲ့ ပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်ပါတယ်။ ကျောက်စိမ်း၊ ပတ္တမြား၊ အဖိုးတန် ကျောက်မျက်တွေ၊ ရွှေ၊ ပယင်း၊ သဘာဝဓာတ်ငွေ့၊ သံ၊ ခဲမဖြူ၊ စကျင်နဲ့ အခြားတွင်းထွက်ပစ္စည်း အမြောက်အမြားထွက်ရှိတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့ "ကျွန်းရွှေဝါ"ရဲ့ ထက်ဝက်လောက်ကို ပိုင်ဆိုင်ထားပါတယ်။ ကြီးမားခန့်ညားတဲ့မြစ်ကြောင်းများစွာကလည်း သာယာလှပတဲ့လွင်ပြင်တစ်လျှောက် ကွေ့ကောက်စီးဆင်းပြီး၊ စိမ်းလန်းတဲ့တောတောင်တွေနဲ့မြန်မာနိုင်ငံကို အာရှတိုက်ရဲ့ဆန်အိုးကြီးဖြစ်စေတဲ့လယ်ကွင်းပြင်တွေကို ရေချိုပေးဝေလျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ ပြည်သူပြည်သားတွေကို အလေးပေးချစ် မြတ်နိုးတော်မူတဲ့ကရုဏာတော်အရှင် ဘုရားသခင်ရဲ့ လက်ဆောင်မွန်တစ်ခုလိုပါပဲ။

ကျွန်ုပ် ချစ်မြတ်နိုးရသောတိုင်းပြည်၊ ကြေကွဲစိတ်နဲ့ ဟစ်ကြွေးပါလော့။

များပြားတဲ့ သယံဇာတတွေရှိနေပါလျက်နဲ့ ယခုအချိန်မှာ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှရဲ့အဆင်းရဲဆုံးနိုင်ငံတွေထဲမှာ ပါဝင်နေပါတယ်။ ကုလသမဂ္ဂရဲ့ "ဖွံ့ဖြိုးမှုအနိမ့်ဆုံးတိုင်းပြည်" ဆိုတဲ့သတ်မှတ်ချက်ကြောင့် နိုင်ငံတကာမှာ မျက်နှာငယ်နေရဆဲပါ။ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကိုလည်း တောင်းခံနေရဆဲပါ။ ဆာငတ်နေတဲ့ပြည်သူပြည်သားတွေဆိုရင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နဲ့ဆက်လက်စားသောက်နေရဆဲပါ။ တစ်ချိန်က ကမ္ဘာက အားကျခဲ့ရတဲ့ မြန်မာနိုင်ငံဟာ ရွှေခွက်နဲ့ တောင်းစားနေရတဲ့မျက်မမြင်လို မိမိလိုအင်ဆန္ဒတွေကို အင်အားကြီး ဒေါ်လာငွေနဲ့ ဖြည့်ဆည်းပေးမယ့် ပြည်ပကယ်တင်ရှင်တွေကို မျှော်လင့်စောင့်စားနေရပါတယ်။

ကျွန်ုပ် ချစ်မြတ်နိုးရသောတိုင်းပြည်၊ ကြေကွဲစိတ်နဲ့ ဟစ်ကြွေးပါလော့။

တစ်ချိန်က ကျွန်ုပ်တို့ကို တစ်ကမ္ဘာလုံးက အားကျခဲ့ရပါတယ်။ ၁၉၅၀ နဲ့ ၁၉၆၀ အစောပိုင်းကာလတွေမှာဆိုရင် ကျွန်ုပ်တို့ဟာ အရှေ့တောင်အာရှမှာ ချမ်းသာတဲ့နိုင်ငံတစ်ခုပါ။ အဲဒီအချိန်မှာ တရုတ်ပြည်ဟာ အပျက်အစီးပုံအောက်မှာ ရှိနေခဲ့တယ်။ ဂျပန်နိုင်ငံဟာလည်း စစ်ကြောင့် ပြာပုံဘဝ

ရောက်ခဲ့ရတယ်။ ကိုရီးယားမှာ ပဋိပက္ခအကြီးအကျယ်ဖြစ်နေခဲ့တယ်။ စင်္ကာပူက ကိုလိုနီစနစ်ဆိုး ဒဏ်ခံနေရဆဲဖြစ်ပြီး မလေးရှားကလည်း ပြည်တွင်းစစ်တွေနဲ့ ထိခိုက်ရှုန်းကန်နေခဲ့ရတယ်။

မြန်မာနိုင်ငံကတော့ အရှေ့တောင်အာရှမှာ အချမ်းသာဆုံးနိုင်ငံဖြစ်ပြီး၊ အကောင်းဆုံး တက္ကသိုလ်တွေ၊ အဆင့်မြင့်ပညာရေးနဲ့ ဘာသာသာသနာ၊ အစဉ်အလာကြီးတဲ့နိုင်ငံအဖြစ်နဲ့ သုခ နိုင်ငံတော်ဖြစ်ခဲ့ပါတယ်။ ပြည်သူပြည်သားတွေဟာလည်း တိုင်းရင်းသားလူမျိုးကြီး (၈)မျိုး၊ လူမျိုး ငယ်ပေါင်း (၁၃၅)မျိုးနဲ့ အရောင်အသွေးစုံလင်ခဲ့ပါတယ်။ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု၊ အက အလှတွေနဲ့ မြန်မာနိုင်ငံဟာ ပြိုးပြက်တောက်ပနေတဲ့ သက်တံ့နိုင်ငံတော်ကြီးဖြစ်ခဲ့ပါတယ်။

ကျွန်ုပ် ချစ်မြတ်နိုးရသောတိုင်းပြည်၊ ကြေကွဲစိတ်နဲ့ ဟစ်ကြွေးပါလော့။

ကမ္ဘာပေါ်မှာ သုခနိုင်ငံတော်အဖြစ် ရပ်တည်ခဲ့တဲ့နိုင်ငံဟာ ငရဲခန်းတစ်ခုလိုဖြစ်လာခဲ့ပါပြီ။ နှစ်ပေါင်း (၆၀) လုံးလုံး ပဋိပက္ခတွေနဲ့ ချွတ်ခြုံကျခဲ့ရပါပြီ။ တိုင်းရင်းသားလူမျိုးတိုင်းမှာ လက်နက်ကိုင် တပ်ဖွဲ့တွေရှိနေကြပါပြီ။ ကျွန်ုပ်တို့ရဲ့မိခင်ဧရာဝတီဟာ ဒီမြေပေါ်မှာသွေးချောင်းစီးခဲ့တာကို တိတ်တ ဆိတ်ကြည့်နေခဲ့ရပါတယ်။ အချင်းချင်းအပြန်အလှန်မုန်းတီးပြီး တရားမဲ့ပြုကျင့်မှုတွေကြောင့် စိတ် ပျက်ကြေကွဲဖွယ်ကိန်းဂဏန်းတွေ အခုလိုထွက်ပေါ်လာခဲ့ရပါတယ်။

- စစ်ပွဲတွေကြောင့် နေရပ်စွန့်ခွာထွက်ပြေးရတဲ့ ဒုက္ခသည် (၁)သန်းကျော်၊
- ပြည်တွင်း အိုးအိမ်စွန့်ခွာ ဒုက္ခသည် (၁)သန်းကျော်၊
- တိုင်းတစ်ပါးကို သွားရောက်ပြီး ကျွန်ပြုခံနေကြရတဲ့ လူငယ်(၄)သန်းကျော်၊
- နိုင်ငံ့လူဦးရေရဲ့ (၂၀%)ဖြစ်တဲ့ ပြည်သူပြည်သား (၁၀)သန်းကျော်ဟာ စီးပွားရေးမှာ နလံမထူနိုင်ဖြစ်နေကြပါတယ်။ တိုင်းပြည်မှာ အားနည်းတဲ့လူ၊ ထိခိုက်လွယ်တဲ့ လူတွေ အတွက် မျက်ရည်ကျစရာနဲ့ ချွတ်ခြုံကျစရာပဲ ဖြစ်ပါတော့တယ်။
- တိုင်းပြည်မှာ ဆင်းရဲချို့တဲ့မှုရာခိုင်နှုန်းက (၄၀)အထက်ရှိနေပါတယ်။

မြန်မာနိုင်ငံကြုံတွေ့နေရတဲ့ဆင်းရဲဒုက္ခဟာ ဆိုးဝါးတဲ့ကံကြမ္မာကြောင့်မဟုတ်ပါဘူး။ ဒါဟာ လူလုပ်တဲ့ကပ်ဆိုးကြီးပါ။ ဘုရားသခင်အလိုတော်ရှိလို့ ဖြစ်လာတာမဟုတ်ပါဘူး။ ရွှေနိုင်ငံကို ဆင်းရဲ ဒုက္ခတွင်းအဖြစ် ပြောင်းလဲခဲ့တဲ့ လူတွေရဲ့မိုက်မဲမှုပဲဖြစ်ပါတယ်။ ဒါဟာ လူက ဖန်တီးခဲ့တဲ့ကပ်ဆိုး ဖြစ်တာကြောင့် အမျိုးကောင်းသားသမီးတွေရဲ့ စိတ်ကောင်းနှလုံးကောင်းနဲ့ အပြီးအပိုင်ရပ်တန့် ပစ်လိုက်လို့ရပါတယ်။

အခုအချိန်မှာ အရမ်းနောက်မကျသေးပါဘူး။ မျှော်လင့်စိတ်နဲ့ငြိမ်းချမ်းရေးမှာ ပြန်လည်အား စိုက်ထုတ်မယ်ဆိုရင် နဂိုမူလရွှေနိုင်ငံဘဝကို ပြန်ရောက်နိုင်ပါတယ်။ လက်နက်ရဲ့အစွမ်းကိုသာ ယုံကြည်နေသူကို ကျွန်ုပ်အလေးအနက်တောင်းဆိုချင်ပါတယ်။

- နှစ်ပေါင်း (၆၀)အတွင်းမှာ သေခြင်းနဲ့မျက်ရည်တွေကလွဲလို့ ဘယ်သူ့အတွက်မှ ကျေနပ် စရာရလဒ်မထွက်ပေါ်ခဲ့ပါဘူး။

♦ ငြိမ်းချမ်းရေးအတွက် အလားအလာရှိနေပါတယ်။ ငြိမ်းချမ်းရေးသာ တစ်ခုတည်းသော ထွက်ပေါက်ပါ။ သေနတ်တွေဟာ ပဋိပက္ခတွေကို မဖြေရှင်းပေးနိုင်ဘူးဆိုတာ သက်သေပြခဲ့ပြီးပါပြီ။

♦ ပင်လုံငြိမ်းချမ်းရေးလမ်းကြောင်းဟာ ပြီးပြည့်စုံတဲ့လမ်းကြောင်းမဟုတ်ပေမဲ့ အဲဒီကနေပဲ စတင်လုပ်ဆောင်ရပါလိမ့်မယ်။ သေနတ်သံတွေရပ်စဲလိုက်ပါ။ ငြိမ်းချမ်းဖို့အတွက်အခွင့်အရေးပေးလိုက်ပါ။ ကျွန်ုပ်တို့ဖြစ်ပွားနေတဲ့ ပဋိပက္ခဟာ ပြည်ထောင်စုသွေးချင်းအကြားမှာပဲဖြစ်ပွားနေတာပါ။ မြန်မာနိုင်ငံဆိုတာကျွန်ုပ်တို့ရဲ့မိသားစုပါ။ ကောင်းကျိုးချမ်းသာခံစားရတဲ့မိသားစုဖြစ်ဖို့ ကျွန်ုပ်အချင်းချင်းငြိမ်းချမ်းရေးလက်ဆောင်ပေးရပါလိမ့်မယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ဟာ ဒီနိုင်ငံကို စောင့်မျှော်နေပါတယ်။ အမုန်းတရားတွေနဲ့ စစ်ပွဲတွေကို ရပ်တန့်ကြပါ။

♦ တရားမျှတမှုနဲ့ ငြိမ်းချမ်းရေးဟာ ဧရာဝတီမြစ်လို စီးဆင်းနေပါစေ။ စစ်မှန်တဲ့နိုင်ငံရေး၊ စီးပွားရေး ဖက်ဒရယ်စနစ်ကြောင့် လူ့အသိုင်းအဝိုင်းအကြား ယုံကြည်မှုတည်ဆောက်နိုင်ကြပါစေ။ ပွင့်လင်းမြင်သာမှုရှိကြပါစေ။ အတူတကွပါဝင်ခွင့်ရှိတဲ့ စစ်မှန်တဲ့ဒီမိုကရေစီစနစ်ကို အစိုးရက ဖော်ဆောင်ပေးခြင်းအားဖြင့် ကျွန်ုပ်တို့ရဲ့ဒဏ်ရာတွေပြန်ကောင်းလာပါလိမ့်မယ်။ ပဋိပက္ခတွေဟာလည်း အတိတ်သမိုင်းမှာပဲ ကျန်ခဲ့ပါလိမ့်မယ်။ လက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးက သေနတ်သံတွေကို ရပ်စဲနိုင်ပါတယ်။ ငြိမ်းချမ်းရေးအတွက်ကိုပဲ ကြိုးစားတိုက်ပွဲဝင်ကြပါ။ ကျွန်ုပ်တို့အတွက် တပ်မတော်တစ်ခုရှိရင် လုံလောက်ပါပြီ။ အဲဒီတပ်မတော်ဟာလည်း တရားမျှတမှုနဲ့ ငြိမ်းချမ်းရေးကို လိုလားတဲ့တပ်မတော် ဖြစ်ရပါလိမ့်မယ်။

♦ မြန်မာပြည် စောင့်စားခဲ့ရတဲ့နှစ်တွေကြာညောင်းလှပါပြီ။ ရွှေနိုင်ငံဖြစ်အောင် ပြန်လည်ကြိုးပမ်းကြပါစို့။

ငြိမ်းချမ်းရေးအတွက် အလားအလာရှိနေပါတယ်။
ငြိမ်းချမ်းရေးသာ တစ်ခုတည်းသောထွက်ပေါက်ပါ။

လွတ်လပ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အိပ်မက်တွေနဲ့အတူ
ကျွန်ုပ်ရဲ့တိုင်းပြည်နိုးကြားထကြွနိုင်ပါစေ။

**ကာဒီနယ် ချားလ်စ်ဘို**
ရန်ကုန် ကက်သလစ် ဂိုဏ်းချုပ်သာသနာ၊ မြန်မာနိုင်ငံ။



# လူသားနဲ့ဝါသနာ (နီလာရှိုင်း)

ဝါသနာဆိုတာ အဓိကအားဖြင့် (၂) မျိုးရှိတယ်။ ကောင်းတဲ့ဝါသနာနဲ့မကောင်းတဲ့ ဝါသနာပါပဲ။ ကောင်းတဲ့ဝါသနာဆိုသေရာပါသွားဖို့လိုသလို၊ မကောင်းတဲ့ဝါသနာကိုနေ့စဉ်ဖယ်ရှားဖို့လိုပါတယ်။ ဝါသနာတွေ ပါဝါမြင့်နေတာ၊ အဆင့်ဆင့်၊ ကျင့်ခဲ့ကြလို့ပဲ။ မကောင်းတဲ့ဝါသနာတွေပါဝါ မြင့်နေရင် ဒီအကျင့်တွေဟာရင့်နေတယ်ဆိုတာသိနိုင်သလို ကောင်းတဲ့ဝါသနာတွေ ပါဝါမြင့်နေရင်လည်း ဒီအကျင့်တွေဟာ ရင့်နေပြီဆိုတဲ့သဘောပါပဲ။ အမျိုးသမီးတစ်ဦးကပြောတယ်၊ ကျမယောကျ်ားကလိမ်ညာတတ်တဲ့ ဝါသနာတစ်ခုပဲရှိတယ်။ ကျန်တာအကုန်ကောင်းတယ်တဲ့။ မိမိလင်ကိုရှာကြံပြီး ချီးကျူးတတ်တာတော်ပါတယ်။ ဒါပေမဲ့ လိမ်ညာတဲ့ဝါသနာလေးရှိနေမှတော့ မှန်မှန်ကန်ကန် လုပ်တတ်မှာမဟုတ်ဘူးနော်။ အမြင်မကောင်းတာတွေကို အကောင်းမြင်တာမမှန်ပါ။

မကောင်းတဲ့ဝါသနာတွေ ပါဝါမမြင့်ခင်၊ နုစဉ်ကတည်းက ဒီအကျင့်တွေကို ကြိုးစားဖယ်ရှားသင့်သလို ကောင်းတဲ့ဝါသနာတွေ၊ ပါဝါမြင့်ဖို့အဆင့်ဆင့်ကြိုးစားကြရပါမယ်။ အကျိုးရှိတဲ့ဝါသနာကောင်းတွေနဲ့ လူငယ်တွေကို ကောင်းအောင်ပျိုးထောင် လေ့ကျင့်ပေးကြရမှာဖြစ်သလို မကောင်းတဲ့ဝါသနာဆိုးတွေ မလွှမ်းမိုးအောင်လည်း လူငယ်တွေကို ပျိုးထောင်လေ့ကျင့်ပေးရပါမယ်။

မကောင်းတဲ့ဝါသနာတွေဟာ လူတွေအတွက်အဖျက်ဖြစ်သလို ကောင်းတဲ့ဝါသနာတွေဟာလည်း လူတွေအတွက် အသက်ဖြစ်ပါတယ်။ မကောင်းတာတွေလုပ်ပြီး ပျော်နေကြတာထက် ကောင်းတာလုပ်ပြီး ပျော်နေရတာကသာတယ်။ မကောင်းတဲ့ဝါသနာတွေဟာ လူ့ရဲ့အကျိုးတွေကိုဖျက်လို့ အဆိုးတွေကိုဖက်စေတယ်။ လူ့ရဲ့အသက်တွေကို တိုစေတယ်၊ လူ့ရဲ့အရှက်တွေကိုလည်း ပိုစေတယ်။

မကောင်းတဲ့ ဝါသနာအမှားတွေဟာ ဘဝရဲ့အဆိပ်ခါးတွေဖြစ်ပါတယ်။ ဒီအဆိပ်ခါးတွေကို ဝါးမျိုချလို့ချိုနေကြရင် ဘဝကိုပြုပြင်ဖို့ခက်ပါတယ်။

ကောင်းတဲ့ဝါသနာက လူကိုအကျိုးတွေဖက်စေပြီး အဆိုးတွေကိုပျက်စေတယ်။ အရှက်တွေကို ရှောင်စေနိုင်ပြီး အသက်တွေကိုအိုအောင်နေနိုင်စေတယ်။ လူ့ရဲ့ဝါသနာဟာ လူ့ရဲ့သိက္ခာကိုတက် စေသလို လူ့ရဲ့မျက်နှာလည်းပျက်စေပါတယ်။ မကောင်းတဲ့ဝါသနာ သေရာပါရင် သံသရာမှာရင်နာရအုံးမယ်။ ကောင်းတဲ့ဝါသနာသေရာပါရင် သံသရာမှာ၊ ရင်မှာပျော်ရွှင်ရအုံးမယ်။ ဝါသနာကောင်းနဲ့ လူကောင်းတွေဖြစ်လာရင် စစ်ပွဲတွေအစား အချစ်ပွားတဲ့ကမ္ဘာ ဖြစ်လာမှသေချာတယ်။

မြင့်မြတ်ရာကိုတက်လှမ်းဖို့ အကျင့်တွေပြောင်းရမယ်။ အကျင့်တွေကောင်းကြမယ်။ အကျင့်တွေမပြောင်းရင်၊ အကျင့်တွေမကောင်းရင် အပြစ်ဟောင်းထဲမှာ နစ်နေတတ်ကြပါတယ်။ အညစ်ထဲ၊ အပြစ်ထဲမှာ နစ်နေရင်၊ မြင့်မြတ်ရာကို တက်ဖို့ခက်တာကိုလည်းတွေ့ရပါတယ်။ ဒါကြောင့်မကောင်းတဲ့အကျင့်၊ မကောင်းတဲ့ဝါသနာတွေကို သေရာပါမသွားဖို့လိုပါတယ်။ အတိတ်မှာဝါသနာတွေ မကောင်းခဲ့ရင်လည်း၊ ပစ္စုပ္ပန်မှာ ဝါသနာကောင်းတွေကို ပြောင်းပြီးကျင့်လို့ရပါတယ်။ ပြီးခဲ့တဲ့အတိတ်ကို ပြုပြင်ပြောင်းလဲပိုင်ခွင့်မရှိတော့ပေမဲ့

မျက်မှောက် ပစ္စုပ္ပန်မှာ၊ မိမိတို့ဘဝကိုပြုပြင်ပြောင်းလဲနိုင်တဲ့အခွင့်အရေး၊ လူသားတိုင်းအတွက်ရှိနေပါသေးတယ်။ ဝါသနာဆိုးတွေကြောင့်အတိတ်ရဲ့အရိပ်ဆိုးတွေလွှမ်းမိုးနေခဲ့ရင်တောင် ပစ္စုပ္ပန်မှာအတိတ်ရဲ့အမှားတွေကိုသင်ခန်းစာယူတတ်ကြရင် အရိပ်ဆိုးတွေအောက်ကလွတ်မြောက်နိုင်ပြီး၊ အနာဂတ်ကိုလှပစွာတည်ဆောက်နိုင်ကြလို့၊ စိတ်ဓါတ်မကျပဲ အမှောင်ထဲကရုန်းထွက်ကြရပါမယ်။ အလင်းအောက်ရောက်ရင် အမှောင်ကိုကြောက်လန့်စရာမလိုပဲ အမြဲပျော်ရွှင်ခွင့်ရကြမှာပါ။

ကောင်းတဲ့ဝါသနာတွေဟာ ကမ္ဘာကြီးကို တစ်စိတ်တစ်ဒေသ ပိုကောင်းအောင် ပြောင်းပေးနိုင်စွမ်းရှိပါတယ်။ လူတွေရဲ့ဝါသနာဆိုးတွေကလည်း ကမ္ဘာကြီးကိုအကျိုးနည်းစေပါတယ်။ ဒါကြောင့် ဆရာမိဘ၊ အကြီးအကဲတွေက လူငယ်သားသမီးများရဲ့ ကောင်းတဲ့ဝါသနာများကို ငယ်ငယ်ကတည်းက ပျိုးထောင်ကြရမဲ့တာဝန်ရှိသလို မကောင်းတဲ့ဝါသနာများကိုလည်း ငယ်ငယ်ကတည်းက တားဆီးပြုပြင်ပေးကြရပါမယ်။ ငယ်ငယ်ထဲက ကောင်းတဲ့ဝါသနာတွေနဲ့ယဉ်ပါးလာရင် ကြီးလာတဲ့အခါ သူတို့လေးတွေဟာတိုင်းပြည်နဲ့ ကမ္ဘာကြီးရဲ့ အပြုအင်အားတွေဖြစ်လာမှာ မုချပါပဲ။

လူသားဆိုတာ နေ့စဉ်နေ့စဉ် အကောင်းနဲ့အဆိုး ဒွန်တွဲလွန်ဆွဲနေရတာပါ။ နေ့စဉ်နေ့တိုင်းမှာပဲ ကောင်းတဲ့အကျင့် ကောင်းတဲ့ဝါသနာတွေကို ကြိုးစားလေ့ကျင့်ရင် မြင့်မြတ်တဲ့အဆင့်တစ်နေရာကို ပိုင်ဆိုင်နိုင်ကြပါလိမ့်မယ်။ အကောင်းနဲ့အဆိုးနေ့စဉ် တိုက်ပွဲတွေမှာကျင့်စဉ်နဲ့ဝါသနာတွေက မမိုက်မဲဘူးဆိုရင် ဒီဘဝမှာ ပျော်ရွှင်ကြရမှာဖြစ်သလို နောင်ဘဝမှာလည်း ဘုရားရှင်ရဲ့မေတ္တာရိပ်မှာ ထာဝစဉ်ခိုနားပျော်ရွှင်နိုင်ကြမယ်ဆိုတာ အသေအချာပါပဲ။

(Beethovan) ဘီသိုဗန်ဆိုတဲ့ ကမ္ဘာကျော်သီချင်းရေးစပ်သူ၊ ဂီတအနုပညာရှင်ဟာ အနုပညာဖျော်ဖြေရေးပွဲများမှာ ဖျော်ဖြေမှုတွေ အလွန်ကောင်းလို့ ဂုဏ်ပြုခံရလေ့ရှိပြီး အမြဲချီးကျူးခံခဲ့ရပါတယ်။ ပရိတ်သတ်အချို့ကသူ့ကိုနှုတ်ဆက်မိတ်ဖွဲ့ပြီး "ဆရာကြီးကပါရမီရှင်ကြီးပဲ" လို့ပြောတဲ့အခါသူက အနုပညာဆိုတာပါရမီရှိတာနဲ့ မလုံလောက်ပါဘူး၊ ကျွန်ုပ်အနေနဲ့ စန္ဒယားကိုတစ်နေ့(၈)နာရီနဲ့ နှစ်ပေါင်း(၄၀)တိုင်တိုင်လေ့ကျင့်ခဲ့ရတာပါ၊ လို့ပြန်ဖြေခဲ့ပါတယ်။

ဒီအနုပညာရှင်ကြီးဟာ သူ့ရဲ့အနုပညာဝါသနာကို နှစ်ပေါင်း(၄၀)ကြာအောင်ကျင့်ခဲ့လို့ရင့်ခဲ့တဲ့အကျင့်တွေကြောင့်စင်မြင့်ပေါ်မှာပွဲလယ်တင့်ခဲ့ရတာလို့ဆိုရမှာပါ။ အောင်မြင်ကျော်ကြားနေသူတွေဟာ မိမိတို့ရဲ့ကောင်းတဲ့ဝါသနာတွေကို ဇွဲရှိရှိအမြဲလေ့ကျင့်နေရတာပါ။

ဝါသနာဆိုးတွေကိုဖယ်ရှားဖို့နဲ့ ဝါသနာကောင်းတွေကို မိမိနဲ့အတူ သယ်သွားဖို့က မိမိတို့စိတ်ကိုမိမိတို့ပိုင်ရပါမယ်။ မိမိစိတ်ကို မိမိတို့နိုင်ကြရပါမယ်။ ဒီလိုမိမိတို့စိတ်ကိုမိမိတို့ပိုင်နိုင်ဖို့ကမိမိတို့စိတ်ကိုထိန်းချုပ်နိုင်တဲ့ ခြိုးခြံမှုအကျင့်လည်းလိုအပ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဘုရားရဲ့ ကျေးဇူးတော်သာဆိုးတဲ့ဝါသနာနဲ့ အကျင့်ဆိုးတွေကို ဖယ်ရှားနိုင်ပြီး ကောင်းတဲ့ဝါသနာနဲ့ ကောင်းတဲ့အကျင့်တွေကို သယ်ဆောင်သွားနိုင်ကြမှာဖြစ်ပါတယ်။

(Alexander the great) အလက်ဇန္ဒြားဘုရင်ကြီးဟာ ကမ္ဘာရဲ့တစ်ဝက်ကျော်နယ်မြေများကိုအောင်နိုင်ခဲ့တဲ့သူပါ။ သူက"ငါသည်ကမ္ဘာကြီးရဲ့အရှင်ဖြစ်တယ်" လို့အတွေးအခေါ် ပညာရှင်ကြီးဒိုင်အိုဂျင်း(Diogense)ကို ပြောတဲ့အခါ၊ ဒိုင်အိုဂျင်းက "ဘုရင်ကြီးဟာ ကျွန်တော်မျိုး ကျွန်ရဲ့ကျွန်လောက်ပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်မျိုးဟာ မကောင်းတဲ့ လောဘ၊ ဒေါသ၊ မောဟတွေကိုချုပ်ထိန်းနိုင်ပေမဲ့ အရှင်မင်းကြီးကတော့ ဒီဒေါသ၊ လောဘ၊ မောဟစိတ်တွေရဲ့ ကျွန်ဖြစ်နေလို့ပါပဲ" လို့ ပြန်ဖြေခဲ့ပါသတဲ့။

ဒါကြောင့် မိမိစိတ်ကိုအောင်နိုင်သူဟာ ကမ္ဘာကြီးကို အောင်နိုင်သူဟုဆိုကြတယ် မဟုတ်ပါလား။ ကောင်းတဲ့ဝါသနာ၊ ကောင်းတဲ့အကျင့်တွေနဲ့ မြင့်မြတ်တဲ့အဆင့်ကို တက်လှမ်းကြပါစို့။

**နီလာရိုင်း**




ကျွန်တော်တို့ရဲ့ဘဝမှာ ပြောင်းလဲခြင်းတွေကလွဲပြီးတည်မြဲသောအရာမရှိ၊စိန်ခေါ်ခြင်းတွေကလွဲပြီးသေချာသောအရာမရှိ၊အဆင်မပြေမှုတွေကလွဲပြီး လွယ်ကူသောအရာဟူသည်မရှိဆိုသည်ကို ရှင်သန်နေသူတိုင်း နားလည်သဘောပေါက်ကြပြီးသားပင်ဖြစ်ပါတယ်။

ပုထုစဉ် လူသားများပေမို့ ပျော်ရာမှာမနေပဲ၊ တော်ရာမှာနေရင်းမလုပ်ခြင်ပေမယ့်မလုပ်မပြီး၊ မလုပ်မဖြစ်သောအခြေနေတွေမို့ အလုပ်တာဝန်များကို အကောင်းဆုံးအတွက်မျှော်ကိုးပြီးစိတ်အလိုကိုဆန့်ကျင်ရင်း၊ဘဝအလိုတိုင်းသာအသက်ရှင်လှုပ်ရှားနေကြရသူတွေပါ။

ကြိုးစားနေချိန် အခန့်မသင့်၊အကြောင်းမလှလို့အခက်အခဲတွေနဲ့ရင်ဆိုင်ရင်း အရှုံးသမားဖြစ်နေချိန်မှာ၊မနိုင်သောဝန်ကိုထမ်းခဲ့ရတဲ့အဖြစ်တွေလည်းရှိခဲ့ဖူးကြတယ်။ဖေးမကူညီပြီး၊ ရိုင်းပင်းလက်တွဲသူတွေထက်၊ ကဲ့ရဲ့ပြစ်တင်ဝေဖန်ရှုတ်ချသူတွေသာများတဲ့ပတ်ဝန်းကျင်အသိုင်းဝိုင်းရဲ့ ဖိအားတွေအောက်မှာ၊ ရှင်သန်ခြင်းဆိုတဲ့အဓိပ္ပာယ်ထက်၊ ယုံကြည်ခြင်းရဲ့အနှစ်သာရကပိုပြီးအရေးကြီးလာတယ်။

ယုံကြည်ခြင်းလို့ ဆိုလိုက်တာနဲ့အများနားလည်နေတာက ဘုရားပေါ်ထားရှိတဲ့ယုံကြည်ခြင်း (Faith in God)လို့နားလည်ကြတယ်။ယုံကြည်ခြင်းဆိုသည်မှာ ဘုရားကိုယုံကြည်ခြင်း၊ကိုယ့်ကိုယ်ကိုယုံကြည်ခြင်း၊ကိုယ်နဲ့နီးစပ်ပတ်သက်နေသူများအပေါ် ယုံကြည်ခြင်းတို့ရှိကြပါတယ်။

ပတ်ဝန်းကျင်က စကားသံတွေကြားဖူးနေကြမှာပါ။မလုပ်နိုင်ရင်မလုပ်နဲ့မနိုင်တဲ့ဝန်ကိုမထမ်းနဲ့၊မသေချာရင်မလုပ်နဲ့၊အဆုံးထိမလျှောက်နိုင်ရင်အစမပြုနဲ့ဆိုတာတွေပေါ့။အားပေးစကားမဟုတ်တာတော့သေချာပါတယ်။ဒီလိုမျိုးအဖြစ်အခြေအနေပတ်ဝန်းကျင်အသိုင်းဝန်းမှာယုံကြည်ခြင်းကိုဘယ်လိုနားလည်ကြပြီးဘယ်လိုရှင်သန်ကြမလဲ?လူတိုင်းဟာအားနည်းချက်ကိုယ်စီနဲ့မပြည့်စုံကြသူတွေပါ။ ဘယ်တော့မှလည်းပြည့်စုံသွားကြမယ့်သူတွေမဟုတ်ကြပါ။ အားနည်းချက်တွေနဲ့မပြည့်စုံတဲ့အဖြစ်မှာမသေချာတဲ့ဘဝခရီးကိုလျှောက်ကြရင်းအခက်အခဲတွေ၊စိန်ခေါ်မှုတွေ၊ဆုံးရှုံးခြင်းတွေအမျိုးမျိုးကိုရင်ဆိုင်နေကြရသူတွေပါ။ဒါကြောင့်ယုံကြည်ခြင်းအနှစ်ကိုနားလည်နိုင်ဖို့ကိုယ်ကဘယ်သူလည်း(who am I?)ဆိုတာအရင်ဆုံးနားလည်ဖို့အရေးကြီးပါတယ်။

(ကမ္ဘာဦးကျမ်း ၁း၂၇) မှာ လူတိုင်းဟာ ဘုရားရှင်ရဲ့ရွှေပုံသဏ္ဍာန်နဲ့တူရုံမကဘဲ၊ ဘုရားရှင်ကိုန်းအောင်းရာ ဗိမ္မာန်တော်ဖြစ်ကြတာမို့ တန်ဖိုးရှိကြသူတွေပါ။ ကိုယ်စီအားနည်းချက်မျိုးစုံဖြင့်မပြည့်စုံကြဘဲမကြာခဏအပြစ်ထဲလဲကျနေကြတာ ဘုရားရှင်သိလို့ အမြဲ နားလည်ပေးနေတယ်။ ဒါကြောင့်ဘုရားရှင်အနေနဲ့ဘယ်အပြစ်သားကိုမှစွန့်ပစ်တယ်၊ စီရင်ချက်ချတယ်၊ ရှုတ်ချတယ်ဆိုတာမရှိဘူး။အပြစ်မျိုးစုံ၊အားနည်းချက်မျိုးစုံနဲ့ ဘယ်လိုပုံစံ ဘယ်လိုဘဝရောက်နေပါစေ၊ဘုရားရှင်ကအမြဲနားလည်ပေးတယ်၊ စိတ်ရှည်သည်းခံပေးတယ်၊ ခွင့်လွှတ်ပေး

တယ်။ ဆိုလိုချင်တာကလူ့အဖြစ်အခြေအနေတိုင်းဘုရားကလူတိုင်းကိုချစ်မြဲချစ်နေတာပါ။ကိုယ်ပြုတဲ့အပြစ်တွေကြောင့်ဘုရားရှင်နဲ့ဝေးကွာနေကြသလိုဖြစ်နေကြပေမယ့်ကျွန်တော်တို့ကိုအစဉ်ထာဝရချစ်တဲ့ဘုရားကကျွန်တော်တို့နဲ့အတူအမြဲရှိနေပါတယ်။ ချစ်လို့အမြဲအတူရှိနေသလိုပဲဘုရားရှင်ကလည်းသူနဲ့အတူအမြဲရှိနေနိုင်ဖို့ကျွန်တော်တို့ကိုသူလိုလိုလားလားရှိနေပါတယ်။ဒါကြောင့်ပုံမှန်ဆုတောင်းခြင်း၊မကြာခဏစက္ကရမင်တူးခံယူခြင်း၊သဒ္ဓါတရားနဲ့ပေးကမ်းစွန့်ကြဲခြင်းဖြင့်ဘုရားနဲ့အတူအမြဲရှိနိုင်ရန်အတွက် ကျွန်တော်တို့ကြိုးစားနေကြတာဖြစ်တယ်။

ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါလဲကျနေပါစေ၊ ဘယ်လောက်ပဲခက်ခဲ ကြမ်းတမ်းသောခရီးဖြစ်နေပါစေ၊ ကျွန်တော်တို့အလိုအပ်ဆုံးနှင့်ဘုရားရှင်အလိုလားဆုံးသောအရာသည်အရှုံးမပေးသောစိတ်ဓာတ်၊ ဇွဲ၊ လုံ့လ၊ ဝီရိယ ပဲဖြစ်ပါသည်။

ရှေးပညာရှင်တွေ တွေးတောခဲ့ကြတဲ့စကားပုံတွေလို ဘဝဆိုတာတိုက်ပွဲ။ ခုရေတွင်းတူးပြီး ခုရေကြည်သောက်ချင်လို့မရဆိုသလို၊ ဇွဲဝီရိယအတွက် လုံ့လနှင့်စိတ်ရှည်ခြင်းပါရမီတို့သည်လူတိုင်းအတွက်အရေးကြီးလိုအပ်သောအရာဖြစ်သည်။

ဒီလိုပါပဲ၊ ယုံကြည်ခြင်းဆိုတာ ဇွဲလုံ့လဝီရိယရှိခြင်း သဘောပင်ဖြစ်ပါသည်။ အရှုံးမပေးသောစိတ်ဓာတ်၊လုံ့လဝီရိယဖြင့်ကြိုးစားရှင်သန်နေသူတိုင်းဟာ ပထမဆုံးကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုရှိလာကြတယ်။ လုပ်ရဲကိုင်ရဲလာတယ်။ ကိုယ့်ကိုယ်ကိုယုံကြည်နေသူသည်ဘုရားအပေါ် ထားရှိသောယုံကြည်ခြင်းအနှစ်သာရကိုပိုမိုခံစားတတ်လာတယ်။ ဘုရားရှင်ရဲ့စစ်မှန်သော တည်ရှိခြင်းကိုပိုမိုထိတွေ့နားလည်လာတယ်။

ကျွန်တော်တို့သည် သစ္စာသုံးပါးရှင်သူတော်စင်တွေကိုတခါတလေပြစ်တင်ရှုတ်ချကဲ့ရဲ့တတ်ကြသည်မှာ စစ္စတာရ်တွေ၊ ဘုန်းကြီးတွေဖြစ်ကြပြီး ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့အပြောခံဖူးကြတဲ့ ပုဂ္ဂိုလ်တွေပါ။ မပြည့်စုံလို့ရုန်းကန်ကြိုးစားနေကြတဲ့အချိန်မှာ (Mt-28:20) ကတိတော် အတိုင်း ဘုရားရှင်ဟာ ကျွန်တော်တို့ကိုဘယ်တော့မှ ပစ်မသွားဘဲ သစ္စာရှိစွာ အမြဲချစ်နေတယ်ဆိုတာသတိမူရင်း၊ အဆုံးတိုင်သစ္စာစောင့်ရင်းဇွဲရှိကြမယ်ဆိုလျှင် ရွှေနိုင်ငံတော် သုခဘုံကိုသေချာမလွဲရောက်လိမ့်မည်။

အရှုံးမပေးသောဇွဲဖြင့် ဘုရားရှင်၏အချစ်ရိပ်အောက်မှာရှင်သန်နေရင်း၊ရင့်ကျက်လာသောသူတိုင်းသည် ဘဝကိုနားလည်လက်ခံတတ်လာသလို လူတိုင်းအပေါ် မှာလည်းနားလည်မှု၊ စိတ်ရှည်ခွင့်လွှတ်တတ်မှုတို့ဖြင့် အချစ်စစ်ဖြစ်သောဘုရားရှင်ကိုသက်သေခံနိုင်လာကြသည်။ ယုံကြည်ချက်အတိုင်းရှင်သန်ကြရင်း စံနမူနာကောင်းများဖြစ်ကြသော ရဟန္တာသူတော်သူမြတ်များကို အတုယူပြီးအဆုံးတိုင် လျှောက်လှမ်းနိုင်ကြပါစေ။

**Fr. George Phe Mang, O.P**

ခရစ်တော်သခင်ကို ကယ်တင်ပိုင်ရှင်အဖြစ်မအပ်နှံဘူး။
မိရိုးဖလာခရစ်ယာန်ယုံကြည်ခြင်းအသက်တာနဲ့ပဲအသက်
ရှင်သွားရုံနဲ့ အဆုံးအထိမအောင်မြင်နိုင်ဘူး။ ကိုယ်ကိုယ်တိုင်
ကိုယ့်ဘဝကို ခရစ်တော်ဘုရားရှင်ထံအပ်နှံမှသာ ဘဝမှာ
ဘာမဆိုအောင်မြင်ခြင်းရလိမ့်မယ်။ အသံမကောင်းတာကို
အဆိုတော်လုပ်မဲ့အစား မိမိဘဝမှာ ဘုရားသခင်ပေးထားတဲ့
တခြားထူးခြားတဲ့ ကျေးဇူးတော်များကို ရှာဖွေရေတွက်တတ်ရင်
တခြားထူးချွန်တဲ့အလုပ်မှာ အောင်မြင်မှုရမှာပါ။
(ချစ်စမ်းမောင်၊ Iron Cross)



# ကောင်းသောစိတ်စွမ်းအားနှင့်မကောင်းသောစိတ်စွမ်းအားတို့ခွဲခြားသိမှု

အခန်း (၃)

(ယခင်အပတ် မှ အဆက်)

## GOOD SPIRIT AND BAD SPIRIT

Br. Htang Ha (SJ)

## ၃။ ဘုရားသခင်နှင့်ပိုမိုနီးစပ်လာသူ

### (က) လူတစ်ဦး၏ အခြေအနေ။

ရဟန္တာအီဂနေးရှပ်စ်၏ (Spiritual Exercises) ဝိညာဉ်ရေးကျင့်စဉ် လမ်းညွှန်စာအုပ်၊ အမှတ် (၃၁၅)၌ ဘုရားသခင်နှင့်နီးစပ်နေသူတစ်ဦး၏အခြေအနေကို ဖော်ပြထားသည်။ ဘုရားသခင်နှင့်နီးစပ်သူသည် ဘုရားသခင်နှင့်တလုံးတဝတည်းဖြစ်ရန်အမြဲကြိုးစားနေသူဖြစ်၏။ မိမိကိုယ်ကိုပြုပြင်ပြောင်းလဲကာ ဘုရားသခင်ကို ပထဦးဆုံးနေရာတွင်ထားလေ့ရှိသည်။ ထို့အပြင် မိမိအမှားများအတွက်နောင်တ တရားစွဲပြီး စိတ်သစ်၊လူသစ်ဖြင့် ဘုရားသခင်အားအစေခံလိုသူဖြစ်သည်။

ကိုမိုက်ကယ်သည် ဘုရားသခင်နှင့် အမြဲနီးကပ်နိုင်အောင်ကြိုးစားအားထုတ် လေ့ရှိသည့်ကောင်းသောလူငယ်တစ်ဦးဖြစ်သည်။ မိုက်ကယ်သည်မကြာသေးခင်ကဘွဲ့ရထားသူဖြစ်၏။ သို့သော်ကျောင်းဆရာ လုပ်ချင်စိတ်နှင့် ရဟန်းဖြစ်သင်ကျောင်းသို့ဝင်လိုစိတ်နှစ်ခုတို့ကြား ရွေးချယ်ရမည်ဖြစ်သည်။ သူသိရှိသမျှအသိဖြင့် ဘုရားသခင်၏အလိုတော်အတိုင်းနေထိုင်နိုင်အောင်အမြဲကြိုးစား၏။ လူငယ်လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်သဖြင့်သူ၏သာသနာနယ်၌ လူငယ်ခေါင်းဆောင်တစ်ဦးအဖြစ်ရွေးကောက်ခြင်းခံရလေသည်။ သူ၏မိသားစုတွင်လည်း ညီအစ်ကိုမောင်နှမများအတွက်လိုအပ်သည်များကို မိမိအသိစိတ်ဖြင့် လိုလေသေးမရှိအောင် လုပ်ဆောင်တတ်၏။ ဒီလောကမှာ လူဖြစ်တုန်း အဓိပ္ပာယ်ရှိရှိအသက်ရှင်ပြီး အခြားသူများကိုအစေခံကာ အကောင်းဆုံးဖြစ်အောင်ကြိုးစား နေထိုင်ရမယ်လို့ သူပြောဆိုလေ့ရှိသည်။ မိုက်ကယ်သည် ဘုရားသခင်ကိုချီးမွမ်းရန် အမြဲအသင့်ရှိသူဖြစ်သည့်အပြင်သူဘဝ၌ကျောင်းပညာကိုအကောင်းဆုံးသင်ကြားရခြင်းနှင့် တိုးတက်ကောင်းမွန်သည့်အသက်တာကို ရှင်သန်ခွင့်ပေးသည့်ဘုရားသခင်ကိုကျေးဇူးတင် မဆုံးဖြစ်ရလေသည်။

### (ခ)မကောင်းသောစိတ်စွမ်းအား၏နည်းလမ်းများ။

ဘုရားသခင်နှင့် နီးကပ်အောင် အမြဲကြိုးစားနေသူတစ်ဦးအား မကောင်းသောစိတ်စွမ်းအားကထိပ်တိုက် လှည့်ဖျားခြင်းအားဖြင့် တိုက်ခိုက်ကာထောင်ချောက်ဆင်တတ်လေသည်။ ထိုသို့တိုက်ခိုက်ခြင်းအားဖြင့် ဘုရားသခင်နှင့်နီးကပ်နေသူကို အားနည်းစေရန် ဖြစ်သည်။

၁)။ ထိလွယ်ရှလွယ်သည့်သူကို ဆင်ခြေပေးခြင်းဖြင့်လည်းကောင်း၊ ခုခံတတ်သူကိုပေါ်လွင်သည့်အချက်များဖြင့်လည်းကောင်း တိုက်ခိုက်တတ်သည်။

၂)။ မကောင်းသော စိတ်စွမ်းအားသည် လူကောင်းတစ်ယောက်အား ကောင်းမှုကုသိုလ်များ မပြုလုပ်နိုင်ဘဲအားနည်းတုန့်ဆိုင်း ရပ်တန့်သွားအောင်လုပ်ဆောင်တတ်၏။

၃)။ တစ်ခါတစ်ရံ လူတစ်ယောက်၏ အားနည်းချက်များကိုအသုံးပြုကာ အားတက်သရော ကြိုးစားနေသူ၏စိတ်ကို တဖြည်းဖြည်းချင်း စိတ်ပျက်စေကာ၊

သိမ်ငယ်စိတ်ဝင်စေခြင်းနှင့် အခြားသောနည်းလမ်းများဖြင့် တိုက်ခိုက်တတ်သည်။

ဥပမာ၊ မောင်ညီထွေးသည် သူ့ခိုးဘဝမှမိမိကိုယ်ကိုပြန်လည်ပြုပြင်ကာ ပြောင်းလဲလာသူဖြစ်သည်။ သူ၏ဘဝဟောင်းမှ မကောင်းသည့် အပြုအမူအားလုံးကိုမေ့ပျောက်ပြီး ဘဝသစ်ပြန်စရန်စိတ်အားထက်သန်သူဖြစ်၏။ ထို့ကြောင့်သူခိုးဘဝမှ အပြုအမူများကို ပြန်သတိရသည့်အခါတိုင်း စိတ်အနှောက်အရှက် ဖြစ်ရလေသည်။ ထိုမကောင်းသော စိတ်စွမ်းအားက မောင်ညီထွေး၏ အလွယ်တကူပြုလုပ်ခဲ့သည့်အတွေ့အကြုံများကိုအကောင်းဖြစ်အောင်ပြုပြင်ရန် အလွန်ခက်ခဲမည်ဟုပြောဆိုခြင်းအားဖြင့် လှုံ့ဆော်ပေးလေသည်။

မောင်ညီထွေးနှင့် ဘုန်းတော်ကြီးအငယ်ဖြစ်သည့်ဘိုနီတို့ အတွေ့အကြုံတို့ မတူညီကြပေ။ ဘုန်းဘုန်းဘိုနီသည် အကူအညီလိုအပ်နေသူများကိုအမြဲတမ်းကူညီရန် စိတ်အားထက်သန်သူဖြစ်လေ၏။ ထိုကြောင့် သူတာဝန်ကျသည့်နေရာသို့ သွားကာလူအများ တွေ့ကြုံနေရသည့် ပြဿနာများကိုကူညီဖြေရှင်းတတ်သည်။ အလိုအပ်ဆုံးသူများနှင့်တစ်ဦးကိုတစ်ဦး အစေခံခြင်းအားဖြင့်သာ သခင်ခရစ်တော်နောက်လိုက်အဖြစ် သက်သေခံနိုင်မည်ဟု ဘုန်းဘုန်းဘိုနီကယုံကြည်ထားသည်။ သူ၏ သာသနာပြုလုပ်ငန်းအစတွင် အလွန်စိတ်အားထက်သန်သည့် ဘုန်းဘုန်းဘိုနီသည် နောက်ပိုင်းတွင်သူလုပ်ဆောင်ရမည့် အခြားအလုပ်များကို မေ့တတ်လာသည်။ ၎င်းမှာအခြားမဟုတ်၊ သူကိုယ်တိုင်၏ဆုတောင်းရမည့်အချိန်ဖြစ်သည်။ ထို့အပြင်အခြားနေရာတွင်ရှိနေသူများကိုပင် ကူညီပေးရန်တဖြည်းဖြည်းမေ့တတ်လာ၏။ သူသည် အကူအညီအလိုအပ်ဆုံးလူများကိုသာအားစိုက်ကူညီရသဖြင့်အလွန်မောပန်းကာ အားနည်းပြီးစိတ်ဖိစီးခြင်းနှင့်စိတ်ပျက်ခြင်းများတွေ့ကြုံလာရသည်။

မောင်တူးအောင်၏ အတွေ့အကြုံမှာလည်းအခြားသူများနှင့်မတူပေ။ မောင်တူးအောင်သည်သူကိုယ်တိုင်၏ အားနည်းခြင်းများကိုပြုပြင်လိုသူဖြစ်၏။ ၎င်းမှာ တကိုယ်ကောင်းဆန်သည့် စိတ်ထားဖြစ်သည်။ သူ၏စိတ်ထဲမှ မကောင်းသော စိတ်စွမ်းအားက လူအများကိုကူညီပေးရန် မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့်မိမိတစ်ဦးတည်းအတွက်သာ စဉ်းစားလုပ်ဆောင်ရန် လှုံ့ဆော်နေခြင်းဖြစ်သည်။ သို့သော် သူ့စိတ်ရင်းအတိုင်း မဟုတ်ချေ။ သူဆုတောင်းရန်ကြိုးစားသည့်အခါတိုင်း မကောင်းသော စိတ်စွမ်းအားက သူ၏တန်ဖိုးရှိသည့်အချိန်များကိုသာဖြုန်းတီးရာရောက်မည်ဖြစ်ကာ ဆုတောင်းရန် မလိုကြောင်းလှုံ့ဆော်လေသည်။ ဒီလူဘဝမှာနေ့စဉ်စားဝတ်နေရေးအတွက် စီးပွားရေးကောင်းအောင် ရှန်းကန်ဖို့ဘဲအရေးကြီးတယ် မဟုတ်လား၊ မင်းဆုတောင်းရင်တောင်သူတော်ကောင်းကြီးဆိုပြီး မင်းရဲ့သူငယ်ချင်းတွေက အထင်ကြီးနေအုန်းမယ်၊ ရိုးရိုးသာမန်လူအဖြစ်သာ အသက်ရှင်တာကောင်းပါတယ်။ စသည်ဖြင့်မကောင်းသောစိတ်စွမ်းအားကသူ့ကိုအကောင်းမလုပ်နိုင်အောင် နှောက်ယှက်လေသည်။

## (ဂ)ကောင်းသောစိတ်စွမ်းအား၏နည်းလမ်းများ။

ကောင်းသော စိတ်စွမ်းအားသည်မကောင်းသော စိတ်စွမ်းအားနှင့် ဆန့်ကျင်ဘက် နည်းလမ်းများကို အသုံးပြုတတ်၏။ ကောင်းသောစိတ်စွမ်းအားသည် မကောင်းမှုတွေ့ကြုံပြီး အကောင်းဘက်သို့ပြုပြင်လိုသူများကို စိတ်အားထက်သန်စေရန်နှင့်မကောင်းမှုများကို ရဲရင့်စွာ ခုခံစေရန် ခွန်အားများပေးသည်။ ဥပမာ၊ အထက်တွင် ဖော်ပြထားသည့်မောင်တူးအောင်တစ်ယောက် သူ့အားလူအများကသူတော်ကောင်းကြီးထင်မှတ်မည်ကိုစိုးရိမ်နေသည့်အခါ ကောင်းသော စိတ်စွမ်းအားက သူ၏ဘဝ၌လူအများ သူတော်ကောင်းထင်မည်ကို ကြောက်စရာမလိုကြောင်းနှင့် အကောင်းဆုံးကြိုးစားသွားရန် လှုံ့ဆော်အားပေးလေသည်။ ကောင်းသော စိတ်စွမ်းအားက ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့်မျော်လင့်ခြင်း အပြည့်ဖြင့်အသက်ရှင်နိုင်အောင် ခံစားသိရှိစေသည်။

ထို့အပြင် စိတ်ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် စိတ်အားထက်သန်ခြင်းအပြင်မိတ်ဆွေအပေါင်းအသင်းများအပေါ် ပွင့်ပွင့်လင်းလင်းဆက်ဆံတတ်ရန်ကောင်းသောစိတ်စွမ်းအားကကူညီပေးသည်။ မိမိကိုထိခိုက်သည့်လူများကို ခွင့်လွှတ်တတ်ရန်နှင့် ဒုက္ခအခက်အခဲများ တွေ့ကြုံသည့်အခါ စိတ်နှိမ့်ချတတ်စေရန်၊ လူအများကို ရဲရင့်စွာအစေခံတတ်စေရန်နှင့်ကောင်းမှုကုသိုလ်လုပ်ဆောင်မှုတိုင်းတွင်စိတ်အားထက်သန်စေရန်လည်းကူညီပေးသည်။ ကောင်းသောစိတ်စွမ်းအားသည် အတားအဆီးများကို ကျော်လွှားပြီးလူတို့ကိုဘုရားသခင်နှင့် ပိုမိုနီးစပ်စေရန် ကူညီပေးသည်။

ဥပမာ၊ မစန္ဒာသည် သူမ၏မိသားစု၌သာမကပတ်ဝန်းကျင်၌ပါအလွန်ကောင်းမွန်သူဖြစ်သည်။ သူမသည် သူမ၏ ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာအကြောင်း သူမသိထားသမျှကို လေးလေးနက်နက်လက်တွေ့လေ့ကျင့်ရမည်ဟုခံယူထား၏။ ထို့ကြောင့် သူမ၏ မိသားစုဝင်များ ပြောသည့်စကားများကို ဂရုစိုက် နားထောင်ခြင်းဖြင့် မိသားစုဆက်ဆံရေးကောင်းမွန်အောင် အမြဲကြိုးစားလေသည်။ သူမ၏မိသားစုမှ အမှားများ ပြုလုပ်လျှင် ခွင့်လွှတ်တတ်၏။ အခက်အခဲများနှင့် တွေ့ကြုံရလာသည့် အခါတိုင်း ဘုရားရှင်၏ ကျေးဇူးတော်အားဖြင့် စိတ်ပျက်အားငယ်ခြင်းကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ထား၏။ ထိုယုံကြည်ချက်များသည် ဘုရားသခင်ပေးသည့် ကောင်းသော စိတ်စွမ်းအားမှ လာခြင်းဖြစ်ကြောင်း မစန္ဒာ နားလည်ထားသည်။

စစ္စတာရီလိုင်းလိုင်းက သူမသည်ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်းအားဖြင့် မည်ကဲ့သို့ စိတ်တည်ငြိမ်မှုနှင့် ပျော်ရွှင်မှုများရရှိပုံကို ပြောပြ၏။ ကျွန်မနဲ့အတူနေတဲ့ အခြားစစ္စတာရီတွေကို ချစ်ခြင်းမေတ္တာအပြည့်နဲ့ဆက်ဆံပြီး ကျွန်မတာဝန်ကျတဲ့ ဆေးရုံကလူနာတွေကို အကောင်းဆုံးကြိုးစားပြုစုလေကျွန်မ စိတ်ပျော်ရွှင်မှုကိုပို ရရှိလေဖြစ်တယ်။ အခြားသူတွေကို ပိုကူညီဖို့အားအင်တွေလည်းရရှိလာတယ်။ အဲဒီစိတ်ပျော်ရွှင်မှုတွေက ကောင်းသောစိတ်စွမ်းအားကနေတဆင့် အခြားလူများကို အစေခံဖို့ဘုရားသခင် ပေးထားတာဖြစ်တယ်။ ဟုပြောပြလေသည်။

## ၄။ မကောင်းသောစိတ်စွမ်းအား၏ လက္ခဏာ(၆)မျိုး။

ဘုန်းတော်ကြီး ဘာလီအဲလယ် (Lodovic-Marie Barrielle) သည် ရဟန္တာ အီဂနေးရှပ်(စ်)၏ ဝိညာဉ်ရေးကျင့်စဉ်စာအုပ်(နံပါတ်၊၃၁၅)မှမကောင်းသောစိတ်စွမ်းအား၏လက္ခဏာ(၆)မျိုးအကြောင်း အကျဉ်းချုပ် ဖော်ပြလေသည်။ ကောင်းမှုကုသိုလ်ပြုလုပ်သူများကို လွှမ်းမိုးထားနိုင်ရန် မကောင်းသောစိတ်စွမ်းအားက၍လက္ခဏာ(၆)မျိုးအားဖြင့်အဓိကထားနှောက်ယှက် အသုံးပြုလေသည်။

### ၁။ ဝမ်းနည်းခြင်း

မကောင်းမှုဟူသည် အဆုံးမရှိသော ဝမ်းနည်းခြင်းဖြစ်သည်။ ထို့ကြောင့် ဤဝမ်းနည်းခြင်းသည် ကျွန်ုပ်တို့နှင့် နီးကပ်နေမည်ဆိုပါကဝမ်းနည်းခြင်းကူးစက်တတ်၏။ မကောင်းသော စိတ်စွမ်းအားသည် ကောင်းမွန်သည့်လူများကိုဝမ်းနည်းလာစေပြီး သူ့ဘဝ တိုးတက်မှုမရှိအောင် လုပ်တတ်သည်။ ဥပမာ၊ အပြစ်များအတွက် နောင်တစွဲကာ အာပတ်ဖြေခြင်းကောင်းမွန်စွာ ပြုလုပ်ပြီးသူကိုဘုရားသခင်ကသူ့အပြစ်များ အမှန်တကယ် ခွင့်မလွှတ်မှာကို စိုးရိမ်ကာ ဝမ်းနည်းစိတ်များ ဝင်လာစေခြင်းဖြစ်သည်။

### ၂။ မသေချာသည့် သံသယစိတ်

ဘုန်းတော်ကြီး လာလဲမန့် (Fr. Louis Lallement) က မကောင်းသည့် အခြေအနေ အားလုံးဟာ တစ်ဦးဦးရဲ့ဘဝကို ရှုပ်ထွေးအောင်ပြုလုပ်တဲ့ မကောင်းတဲ့စိတ်စွမ်းအားကနေ လာခြင်းဖြစ်တယ်၊ ဟုဆိုသည်။ မိမိ၏ ခေါ်တော်မူခြင်းကို သံသယစိတ်ဝင်နေသည့် ရဟန်းဖြစ်သင်ကျောင်းသား တစ်ဦး

သည် စိတ်မငြိမ်သက်သည့် အတွေးများဝင်နေတတ်၏။ ထိုအတွေးများသည် မကောင်းသော စိတ်စွမ်းအားမှ လာခြင်းဖြစ်သည်။ သို့သော် ကောင်းသော စိတ်စွမ်းအားကလည်း ရဟန်းဖြစ်သင်ကျောင်းသားကို ရှင်းလင်းပြတ်သားသည့် အတွေးနှင့်ဆုံးဖြတ်ခဲ့သဖြင့်သံသယစိတ်များ ပျောက်အောင်ကြိုးစားစိတ်များဖြစ်လာအောင် လှုံ့ဆော်ပေးသည်။

## ၃။ အတားအဆီး

မကောင်းသောစိတ်စွမ်းအားသည် ကောင်းသည့်လူတစ်ယောက်အားခက်ခဲသည့်အတားအဆီးများကိုတွေ့ကြုံစေတတ်၏။ ဒါတွေဟာမင်းအတွက် ခက်ခဲလွန်းပါတယ်၊ ဖြစ်နိုင်မှာမဟုတ်ပါဘူး၊ လုပ်မနေပါနဲ့တော့၊ စသည်ဖြင့် မကောင်းသော စိတ်စွမ်းအားကလှုံ့ဆော်တတ်သည်။ ဥပမာ၊ ကိုယ်ဝန်သည်ဖြစ်သည့် မကေတီအား၊ ဒီခေတ်ကြီးမှာ ကိုယ်ဝန်ဆောင်ပြီး ကလေးမွေးတာတော်တော်ကို မလွယ်ဘူးနော်။ မင်းဒီကလေးကိုမွေးလိုက်ရင် မင်းအလုပ်ကနေအနားယူနေရမယ့်အပြင် မင်းရဲ့စီးပွားရေးတွေကျဆင်းတော့မှာဘဲ။ ဒါကြောင့် အခုလွယ်ထားတဲ့ကလေးကိုဖျက်လိုက်တာပဲကောင်းမယ်၊ စသည့်ဖြင့် မကောင်းသော စိတ်စွမ်းအားက အမြဲစွမ်းဆောင်တတ်သည်။ ထို့အပြင်မကောင်းသော စိတ်စွမ်းအားသည် အလွန်လေးလံ၊ ခက်ခဲမည့်အရာများကိုသာ အကြောင်းပြချက် အနည်းငယ်ပေးညွှန်ပြပြီး အားတက်စေမည့်အရာ(သို့) ကောင်းသည့်အချက်များကိုမမြင်အောင် တားဆီးလေ၏။

## ၄။ ရှုပ်ထွေးမှု

ရှုပ်ထွေးမှု အားလုံးသည် မကောင်းသော စိတ်စွမ်းအားမှ ရောက်လာခြင်းဖြစ်သည်ဟု ရဟန္တာ ဘာ(ချ်)မန်(စ်) (St. John Berchmans) ကပြောဆိုခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ မိသားစုအတွင်းရှုပ်ထွေးမှုများနှင့် ဒုက္ခအခက်ခဲများတွေ့ကြုံရတတ်၏။ မိခင်ဖြစ်သူသည်ဖခင်ဖြစ်သူအပေါ် ယုံကြည်မှုကင်းမဲ့လာသည်။ ဖခင်ဖြစ်သူကသူဇနီးနှင့်သားသမီးများကိုအကြင်နာမဲ့စွာရိုက်နှက်၏၊သားသမီးများမှာလည်း စကားများ၊ ရန်များကာတစ်ဦးနှင့်တစ်ဦးရန်ငြိုးထားတတ်လာသည်။ ဤအခြေအနေသည် မကောင်းသောစိတ်စွမ်းအား၏လွှမ်းမိုးမှုကြောင့်ဖြစ်ရလေ၏။

## ၅။ မရှင်းလင်းသည့် အကြောင်းပြချက်

မကောင်းသော စိတ်စွမ်းအား၏ လက္ခဏာမှာမရှင်းလင်းသည့် အကြောင်းပြချက်များကို ပေးတတ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် ဝေးကွာစေသည့်မရှင်းလင်းသည့် သီအိုရီနှင့် ပြောဆိုချက်များအားလုံးကို သတိကြီးစွာဆန်းစစ်၊ သုံးသပ်ရမည်ဖြစ်သည်။ ဥပမာ၊ မိမိတို့၏ သားသမီးများကို ကက်သလစ်အသင်းတော်၏ ယုံကြည်ရာသွန်သင်ချက်များနှင့်အညီ မပြုစုဘဲ၊ တာဝန်မယူလိုသည့် မိဘများက၊ ကလေးတွေမှာကိုယ်ပိုင်လွတ်လပ်ခွင့်ရှိတယ်မဟုတ်လား၊ကလေးတွေကြီးလာမှ သူတို့ကိုးကွယ်မဲ့ ဘာသာတရားကိုသူတို့ဟာသူတို့ပဲ ရွေးပါလေစေ၊ ငါတို့မိဘတွေက သူတို့ကို အတင်း ဘာသာထဲဝင်ခိုင်းစရာ မလိုဘူး။ စသည်ဖြင့်ပြောဆိုတတ်သည်။ ထိုအကြောင်းပြချက်များသည်မှန်သည်ဟု ထင်ရသော်လည်း မရှင်းလင်းသည့် အကြောင်းပြချက်များသာဖြစ်သည်။ အကြောင်းမှာမိဘတို့၏ လမ်းညွှန်မှုကိုမရဘဲ မည်သည့်ကလေးမျှမိမိတို့အတွက်လွတ်လပ်စွာရွေးချယ်နိုင်မည်မှာ မဖြစ်နိုင်ချေ။ သားသမီးများကို တာဝန်အပြည့်ဖြင့် မပြုစုလိုသည့် မိဘများသာဖြစ်ပြီး ဘုရားသခင် ပေးထားသည့်သားသမီး ရတနာများကောင်းစားလာစေရန်လက်ထပ်စဉ်ကမိဘတို့ပြုခဲ့သည့် ကတိများကို ဖောက်ဖျက်ခြင်းဖြစ်သည်။

စာမျက်နှာ ၁၃ သို့ >

# သာသနာအတွက်ဦးဆောင်သူ၏ အရည်အသွေး (သို့) မိမိကိုယ်ကိုဗဟိုပြုဦးဆောင်မှု

ဆရာတော်ဂျွန်မန်းဆိန်းဟို (ပုသိမ်ဂိုဏ်းအုပ်သာသနာ)

ခေါင်းဆောင်တွေရဲ့သဘာဝဟာ သူ့ရဲ့ဦးဆောင်မှုအောက်မှာလူတွေပါလာအောင် စည်းရုံးဟောပြော လုပ်ဆောင်ရမဲ့အလုပ်ဖြစ်ပါတယ်။ သာသနာအတွက် ဦးဆောင်သူရဲ့အရည်အသွေးက၊ လူတွေကိုခရစ်တော်ဘုရားဆီရောက်အောင် ဟောပြောသက်သေခံ၊ ပို့ဆောင်နိုင်မယ့်သူ ဖြစ်ဖို့လိုပါတယ်။ သာသနာအတွက်ဦးဆောင်မှုတာဝန်ကို ထမ်းရွက်သူ၊ သိုးထိန်းရှင်တွေဟာ ခရစ်တော်ဘုရားနှင့်အတူ ထိတွေ့ပေါင်းစပ် ခွန်အားယူမှုမပြုလျှင်၊ မိမိကိုယ်ကျိုးရပ်တည်မှု အတွက် ဦးဆောင်နေသော လုပ်ဆောင်မှုသာ ဖြစ်တည်လာမှာဖြစ်ပါတယ်။

ရဟန်းဖြစ်စေ၊ သူတော်စင်ဘရာသာရ်၊ စစ္စတာရ်ဖြစ်စေ၊ ဓမ္မဆရာ၊ ဆရာမများဖြစ်စေ၊ သာသနာ့အမှုတော်ဆောင်များဖြစ်စေ သာသနာလုပ်ငန်းကိုထမ်းဆောင်ရာမှာ ခရစ်တော်ဘုရားရှင်ကိုဘဝမှာဗဟိုပြုအတုယူခွန်အားယူမှု မရှိလျှင် သာမန်လူဦးဆောင်နေတဲ့အဆင့်၊ မိမိကိုယ်ကို ဗဟိုပြုပြီး ရပ်တည်ဦးဆောင်နေတဲ့လမ်းစဉ်ကိုသာ ဦးတည်သွားမှာဖြစ်ပါတယ်။

စိတ်ပညာရှင် (Sigmund Freud)က ဘာပြောထားလဲဆိုတော့၊ ကျွန်ုပ်တို့၏စွမ်းရည်တွေ တွန်းအားပေးနေတဲ့အရာဟာ ရုပ်ခန္ဓာလိုအပ်မှုကို ဖြည့်ဆည်းပြည့်စုံစေချင်တဲ့စိတ်ဆန္ဒကနေဖြစ်လာတယ်လို့ဆိုပါတယ်။ အဲဒီဆန္ဒက သာမန်လူတွေအတွက်ကြီးမားတဲ့အခက်အခဲ မဖြစ်နိုင်ပေမဲ့လို့ ဘုရားအတွက်ဘဝကို ဆက်ကပ်အပ်နှံထားတဲ့ သာသနာ့အမှုတော်ထမ်းဆောင်သူတွေအတွက် ကြီးမားတဲ့စိန်ခေါ်မှုဖြစ်လာနိုင်ပါတယ်။ အထူးသဖြင့် (Celibate Persons) သူတော်စင်များအတွက် (Seaxual affirmation)က ကြီးမားတဲ့ကားတိုင်ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတော်စင်များ၊ သာသနာ့ အမှုတော်ဆောင်များဟာ မိမိကိုယ်ကို ငြင်းပယ်ပြီး ခရစ်တော်နောက်လိုက်ဖို့ ဘဝကိုအပ်နှံထားတဲ့သူတွေဖြစ်ပါတယ်။

တိုးတက်ပြောင်းလဲနေတဲ့ လောကရဲ့သိပ္ပံပညာတွေနဲ့အတူ၊ လိုတရ ရုပ်ဝါဒတွေလွှမ်းမိုးမှုကြီးမားလာတာကြောင့် မိမိကိုယ်ကို လူ့ဘုံအလယ်မှာ လူအများရဲ့ချီးမွမ်းခြင်းတွေနဲ့ ရပ်တည်နိုင်တဲ့ ဘဝပိုင်ရှင်တွေကို ပိုင်ဆိုင်ချင်ကြတဲ့ လူတွေဖြစ်ချင်ကြပါတယ်။

ဒါကြောင့်သူတော်စင်တွေ သာသနာအတွက်ဘဝကို အပ်နှံထားတဲ့သူများတွေသည်၊ အားလုံးကိုစွန့်လွှတ်ပြီး ခရစ်တော်နောက်လိုက်တဲ့သူတွေဖြစ်တဲ့အတွက်ကြောင့် လူသားအားလုံးအကျိုးအတွက် လူ့အလွှာအသီးသီးနဲ့ ထိတွေ့လုပ်ဆောင်နေရတဲ့တမန်တော်လုပ်ငန်းမှာ လူတွေရဲ့ချီးမွမ်းခြင်းကိုခံချင်တဲ့စိတ်စိတ်ဆန္ဒက ပိုပြီးနေရာယူတတ်ကြပါတယ်။ အဲဒီအချက်ကို သူတော်စင်များအတွက် အထူးသတိထားရမဲ့အချက်ဖြစ်ပါတယ်။ မိမိကိုယ်ကိုယ်ချီးမွမ်း ခံချင်သောဆန္ဒသည် လူတိုင်းအတွက်ရှိသင့်သောအရာဖြစ်ပါတယ်။ ဒါပေမဲ့ မိမိကိုယ် ချီးမွမ်းခံချင်သော စိတ်ဆန္ဒတစ်ခုတည်းနဲ့ ဘဝကိုရှင်သန်မှု မဖြစ်စေဖို့ သတိတရားအထူးထားရှိဖို့တော့ လိုအပ်တယ်။

ဘာဖြစ်လို့လဲဆိုတော့ လူ့ဘောင်အဖွဲ့အစည်းမှာမိမိကိုယ်ကို ဗဟိုပြုချီးမွမ်းခြင်း၊ ခံချင်သောစိတ်ဆန္ဒရဲ့ကျွန်ဖြစ်သွားရင် လူ့ဘဝမှာစိတ်ပိုင်းဆိုင်ရာမကျန်းမာမှု၊ မညီမျှမှုတွေနဲ့ရှင်သန်နေရမှာဖြစ်ပါတယ်။ မိမိကိုယ်ကိုဗဟိုပြုပြီးဦးဆောင်တဲ့သူတွေဟာ ခရစ်တော်ဘုရားထံ၊ လူတွေကိုပို့ဆောင်နိုင်တဲ့ သူတွေမဟုတ်ပဲ လူများကိုသူ့ဆီပါလာအောင် ဆွဲဆောင်ဟောပြောနေတဲ့သူသာဖြစ်ပါတယ်။ သာသနာအတွက် ဦးဆောင်သူရဲ့အရည်အသွေးဟာ လူတွေသူ့ဆီကိုအာရုံစိုက်ချီးမွမ်းခြင်းကိုမလိုလားဘဲ၊ခရစ်တော်ဘုရားကိုလူတွေနဲ့ ထိတွေ့အောင်သာ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ လူတွေ ခရစ်တော်ဘုရားကိုမြင်တွေ့နိုင်အောင် ဦးဆောင်သူ ကာယကံရှင်ကိုယ်တိုင်က ခရစ်တော်ဘုရားရှင်နဲ့နက်ရှိုင်းတဲ့ရင်းနှီးကျွမ်းဝင်မှုရှိရမှာဖြစ်ပါတယ်။ ခရစ်တော်ဘုရားရှင်နှင့် ရင်းနှီးကျွမ်းဝင်မှု ရှိလာအောင်ဆုတောင်းခြင်းသည် မရှိမဖြစ်လိုအပ်တဲ့အခြေခံအုတ်မြစ် ဖြစ်ပါတယ်။ ဆုတောင်းခြင်းအားဖြင့်ခရစ်တော်ဘုရားရှင်နဲ့ ထိတွေ့ခွန်အားယူနိုင်မှာဖြစ်ပါတယ်။ သခင်ခရစ်တော်ထံမှာဆုတောင်းခြင်းအားဖြင့် ယုံကြည်ခြင်းကို ပိုမိုခိုင်မြဲရှင်သန်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်သူတော်စင်၊ သာသနာ့အမှုတော်ကို ထမ်းဆောင်နေတဲ့သူများသည် ဘုရားနဲ့ထိတွေ့ပေါင်းစပ်နိုင်မှသာလျှင် လူတွေဆီကို ဘုရားရဲ့ချစ်ခြင်းမေတ္တာကိုဝေမျှပေးနိုင်မှာဖြစ်ပါတယ်။ လူတွေက သူတော်စင်၊ သာသနာအမှုတော် ထမ်းဆောင်သူတွေဆီရောက်ရှိလာခြင်းဟာ ဆုတောင်းခြင်းနဲ့ ယုံကြည်ခြင်းဖြင့် ဘဝကိုရှင်သန်နေတဲ့သူများအဖြစ် ယုံကြည်အားကိုးမှုကြီးစွာနဲ့သူတို့ဘဝမှာခံယူထားကြလို့ပဲဖြစ်ပါတယ်။ မိမိကိုယ်သီလပါရမီမရှိလျှင် သူတစ်အား ဝေမျှပေးနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်သိုးထိန်းတာဝန်ကိုထမ်းဆောင်နေကြတဲ့ သူတော်စင်၊ သာသနာ့ အမှုတော်ကို ထမ်းဆောင်သူများဟာ ယုံကြည်ခြင်းနဲ့ဘဝကိုရှင်သန်ပြီး၊ ဆုတောင်းခြင်း အားဖြင့်ခရစ်တော်ဘုရားနဲ့ပေါင်းစပ်ကာ ကိုယ်တော်၏သိုးတွေကိုသခင့်ဆီမှာပို့ဆောင်နိုင်သောသူများဖြစ်အောင် ကြိုးစားကြပါလို့အားပေးတိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

**ဆရာတော်ဂျွန်မန်းဆိန်းဟို**

(ပုသိမ်ဂိုဏ်းအုပ်သာသနာ)



# Good Spirit and Bad Spirit

## ကောင်းသော စိတ်စွမ်းအားနှင့် မကောင်းသော စိတ်စွမ်းအားတို့၏လှုံ့ဆော်မှု - မှ - အဆက်-

ငယ်ရွယ်နုပျိုပြီး စိတ်အားထက်သန်သည့် စစ္စတာရ်အားမီက မရှင်းလင်းသည့် အကြောင်းပြချက်များနှင့်သူမတွေ့ကြုံခဲ့ရပုံကို ပြောပြလေသည်။ "ကျွန်မ တက္ကသိုလ်တက်နေတဲ့အချိန်မှာ အတန်းတူတဲ့ကောင်လေး တစ်ယောက်နဲ့ချစ်ကြိုက်သွားကြတယ်။ သူနဲ့နေ့တိုင်းချိန်းတွေ့ပြီး စစ္စတာရ်ကျောင်းကိုပြန်ရင်သူများယုံအောင် ခိုင်လုံတဲ့အကြောင်းပြချက်တွေနဲ့ လိမ်ပြောခဲ့တယ်။ စစ္စတာရ်တွေစုပေါင်းဆွေးနွေးတဲ့အခါ ငါတို့စစ္စတာရ်တွေဟာ ဘုရားသခင်ရဲ့ အလိုတော်ကိုလူတွေအားလုံးအတွက် ဟောပြောသက်သေခံရတာကြောင့်ကွန်ဗင့်ကျောင်းမှာဘဲဆုတောင်း နေလို့မပြီးဘူး၊ တမန်တော်ကြီးတွေလို အခြားနေရာအထိ အချိန်ပေးသွားပြီး အခြားသူတွေကို အစေခံဖို့ အရေးကြီးတယ်လို့ပြောခဲ့တယ်။ အဲဒါကြောင့်ကျွန်မ

အကြီးအကဲကလည်း အခြားသူတွေနဲ့အတူ အစီစဉ်တွေဆွဲပြီး အတူလုပ်ဆောင်ဖို့ အခွင့်ပေးခဲ့တယ်။ အဲဒီအစီအစဉ်ကြောင့်ပဲ ကျွန်မချစ်သူနဲ့နေ့တိုင်းတွေ့နိုင်တာပေါ့။ အဲဒီလို အကြာကြီးပျော်နေခဲ့တယ်။ ကံကောင်းစွာနဲ့ပဲ၊ တစ်နေ့ ဥပုဒ်စောင့်နေတဲ့အချိန် ဦးဆောင်သူရဲ့ သတိပေးချက်ကြောင့် ကျွန်မအသိပြန်ဝင်လာတယ်။ အဲဒီဥပုဒ်ကနေ ပြန်လာပြီးတဲ့နောက်ပိုင်းမှာ ကျွန်မရဲ့အကြီးအကဲကို အကြောင်းစုံပြောပြခဲ့တယ်။ ကျွန်မရဲ့ချစ်သူကိုလည်း အပြတ်ပြောပြီးရှောင်နေလိုက်တယ်။”ဟု ပြောပြလေသည်။

## ၆။ ကြောက်ရွံ့စိတ်

ကြောက်ရွံ့စိတ်သည် မကောင်းသောစိတ်စွမ်းအားမှလာခြင်းဖြစ်သည်။ ထို့ကြောင့် ကြောက်စိတ်ရှိသူများသည် ကောင်းမှုကုသိုလ်များကို ပြုလုပ်ရန်ပင် ကြောက်နေတတ်၏။ တစ်မျိုးအားဖြင့် ကြောက်ရွံ့စိတ်ကို ဖြစ်ပေါ်စေသည့် တွန်းအားကြောင့် အကောင်းကိုလုပ်ဆောင်ရန် ကြောက်နေခြင်းဖြစ်သည်။ ဦးပီတာသည် တရားမျှတမှုကိုမြတ်နိုးသူဖြစ်ပြီး အားနည်းသူများကို မတရားလုပ်လာသူရှိပါကခုခံကာကွယ်ပေးတတ်၏။ သူသည်မတရားမှုကိုခုခံတိုက်ဖျက်ခြင်းသည်ဘုရားသခင်အလိုရှိသောအရာဖြစ်သည်ဟု ယုံကြည်ထားသည်။ ထို့ကြောင့် လုပ်အားခကိုကောင်းစွာ မပေးသည့် အလုပ်ရှင်နှင့်တွေ့ဆုံညှိနှိုင်းကာ အလုပ်သမားများအတွက် တရားမျှတအောင်လုပ်ဆောင်ပေးလေ၏။ ထိုအလုပ်များကိုမလုပ်ခင်သူ၏ စိတ်ထဲ၌ ကြောက်ရွံ့စိတ်ကြီးမားခဲ့သော်လည်း ထိုကြောက်စိတ်သည် မကောင်းသောစိတ်စွမ်းအားမှလာခြင်းဖြစ်ကြောင်းသူနားလည်ကာ မိမိ၏ကြောက်စိတ်ကိုခုခံပြီးအရဲစွန့်လုပ်ဆောင်ခြင်းဖြစ်သည်။

## အကျဉ်းချုပ်

လူတစ်ဦး၌ အဓိက အခြေခံ စိတ်စွမ်းအားနှစ်ခုရှိလေသည်။ (၁)ဘုရားသခင်နှင့် ပိုမိုနီးစပ်လာသူ(သို့)ဘုရားသခင်အလိုတော်ကိုလုပ်ဆောင်သူနှင့် (၂)ဘုရားသခင်နှင့်ဝေးကွာနေသူ(သို့)ဘုရားသခင်အလိုတော်ကို မလုပ်ဆောင်သူတို့ဖြစ်ကြသည်။ ဘုရားသခင်နှင့် ပိုမိုနီးစပ်နေသူသည် ဘုရားသခင်ကိုယုံကြည်အားကိုးပြီး မိမိကိုယ်ကိုစဉ်ဆက်မပြတ်ပြုပြင်ပြောင်းလဲသူဖြစ်သည်။ ဘုရားသခင်နှင့် ဝေးကွာနေသူသည်တဖြည်းဖြည်း ဘုရားသခင်နှင့်ဝေးသွားအောင် နေထိုင်သူ(သို့) အပြစ်ကြီးတစ်ခုမှ နောက်အပြစ်ကြီးတစ်ခုသို့ ကျရောက်သွားသူဖြစ်သည်။ ဘုရားသခင်နှင့်ပိုမို နီးစပ်လာသူကိုကောင်းသောစိတ်စွမ်းအားက ကောင်းမှုကုသိုလ် ပိုမိုလုပ်ဆောင်နိုင်အောင်စိတ်ကူးကောင်းများ၊ ခွန်အားများ၊ စိတ်ပျော်ရွှင်ခြင်းများနှင့် စိတ်ငြိမ်သက်ခြင်းများရအောင် လှုံ့ဆော်အားပေးလေ၏။ အခြားတဖက်၌ဘုရားသခင်နှင့်နီးစပ်သူကို မကောင်းသော စိတ်စွမ်းအားကရှုပ်ထွေးမှုများ၊ မရှင်းလင်းသည့် အကြောင်းပြချက်များဖြင့်ဘုရားသခင်နှင့် ဝေးကွာအောင်တားဆီးဖျက်ဆီးရန်ကြိုးစားလေ၏။

ဘုရားသခင်နှင့် ဝေးကွာနေသူကိုမကောင်းသော စိတ်စွမ်းအားက မကောင်းမှုကို ဆက်လုပ်ဆောင်စေရန် မစစ်မှန်သည့်စိတ်ပျော်ရွှင်မှုများ၊ လောက၏ ပျော်ရွှင်မှုများ၌ စိတ်စွဲလန်းလာအောင် လှုံ့ဆော်အားပေး သကဲ့သို့အခြားတဖက်တွင်လည်း ကောင်းသောစိတ်စွမ်းအားက ထိုလူ၏ဩတ္တပ္ပစိတ်ကိုအသုံးပြုကာအမှားအမှန်ဆန်းစစ်ပြီးအမှန်တရားကိုသာရွေးချယ်လုပ်ဆောင်စေရန်လှုံ့ဆော် အားပေးလေသည်။



## ၆။ မေးခွန်းများ

(၁)။ သင့်ဘဝ၌ မကောင်းသော စိတ်စွမ်းအားနှင့် ကောင်းသောစိတ်စွမ်းတို့၏ အားပြိုင်ရင်း ပဋိပက္ခ ဖြစ်သည်ကို တွေ့ကြုံဖူးပါသလား။ မည်ကဲ့သို့သော ပဋိပက္ခဖြစ်သနည်း။ ဥပမာပေးပါ။

(၂)။ မကောင်းသော စိတ်စွမ်းအား၏ နည်းလမ်း လိုက်ပြီးမကောင်းမှုပြုလုပ်သူကို ပြုပြင်ရန်မဖြစ်နိုင် ကြောင်း ပြောဆိုသံကို ကြားဖူးပါသလား။ ထိုစကား ကို သင်မှန်သည်ဟု ထင်မှတ်ပါသလား။

(၃)။ ကောင်းသောစိတ်စွမ်းအားနှင့်မကောင်းသော စိတ်စွမ်းအားတို့က ကျွန်ုပ်တို့အားလွှမ်းမိုးသည့်နည်း လမ်းများတူညီပါသလား။ ထိုနှစ်ခု၏ မတူညီသည့် နည်းလမ်းများကိုရှင်းပြပါ။ ထိုအကြောင်းနှင့်ပတ် သက်ပြီးသင့်ဘဝ၏ အတွေ့အကြုံကို ဥပမာပေးပါ။

(၄)။ သင့်ဘဝ၏ အတွေ့အကြုံအရ ကောင်းသော စိတ်စွမ်းအားနှင့် မကောင်းသောစိတ်စွမ်းအားတို့၏ လှုံ့ဆော်မှုများကို အလွယ်တကူ ခွဲခြားနိုင်ပါသလား။ ရှင်းပြပါ။

(၅)။ သီလရှင်အာနား၏ အဖြစ်အပျက်။ ။ သက်ငယ် သီလရှင်ဖြစ်သည့် သီလရှင်အာနားသည် တက္ကသိုလ်တစ်ခု၌ အင်္ဂလိပ်စာသင်ယူရန် တာဝန် ပေးခြင်းခံရသည်။ သူမသည်အလွန်စိတ်အား ထက် သန်သည့် ချစ်ခင်သူများသည့် ကျောင်းသူတစ်ဦး ဖြစ်၏။ တက္ကသိုလ်ကျောင်းစာအပြင် အခြားနေရာ များသို့မိုးချုပ်သည်အထိသင်ယူရသည့် အချိန်လည်း ရှိ၏။ ထို့ကြောင့် သူမနေထိုင်သည့် သီလရှင်အဖွဲ့ အစည်းနှင့် အတူလုပ်ဆောင်ရမည့်အချိန် နည်းပါး လာသည်။ မနက်ပိုင်းတွင် အခြားသီလရှင်များ နှင့် အတူ မစ္ဆားတရား တက်ရောက် ဆုတောင်းသည့် အချိန်မှလွဲ၍ မိမိတစ်ဦးတည်း ဆုတောင်းချိန်မရှိ တော့ချေ။ သီလရှင်အာနား၏ စိတ်ထဲ၌ မိမိတစ်ဦး တည်းဆုတောင်းချိန်နှင့် အခြားသီလရှင်များနှင့်အ တူအတွေ့အကြုံဝေငှရန် ဆန္ဒရှိသော်လည်း လက် တွေ့ မလုပ်ဆောင်နိုင်ခဲ့ပေ။ သူမနေသည့်အဖွဲ့အ စည်းရှိသီလရှင်များနှင့် တဖြည်းဖြည်းဝေးသွားသည် ဟု သီလရှင်အာနား ခံစားမိသည်။

သူမ၏ သီလရှင်အကြီး အကဲက သူမအဖွဲ့ အစည်းနှင့် ဝေးနေကြောင်း သတိပေးသောအခါ တက္ကသိုလ်ကျောင်းမှ သင်ခန်းစာများကို ဦးစားပေး နေရကြောင်း ပြန်ရှင်းပြခဲ့သည်။ ထိုအခြေအနေ၌ သူမအား အမြဲအားပေးတတ်သည့် တက္ကသိုလ် ကျောင်းသားတစ်ဦးကို မသိမသာ သူမချစ်ကြိုက် လေ၏။ အစပိုင်း၌သူမ၏ခံစားချက်ကိုဖုံးကွယ်ထား သော်လည်းနောက်ပိုင်း၌ သူမ၏စိတ်ကိုမထိန်းနိုင် တော့ချေ။ ထိုကောင်လေးကို မမြင်ရလျှင်မနေနိုင်။ အချစ်မရှိသည့်ကမ္ဘာတစ်ခုသို့ရောက်နေသည့်အလား သူမခံစားရသည်။

တစ်နေ့တွင် သူမနှင့်အတူ နေသည့် သီလ ရှင် မာလာအား ကျောင်းသူတစ်ဦးက သီလရှင် အာနားသည် ကျောင်းသားတစ်ဦးနှင့်အလွန်နီးကပ် နေကြောင်းပြောပြလေ၏။ သီလရှင်အာနားကို သူမ နေသည့်ကျောင်းရှိ အခြားသီလရှင်များက အလွန် ရိုသေလေးစားကြသောကြောင့်သီလရှင်မာလာသည် သူမကြားရသည့်သတင်းကို မယုံကြည်ချေ။ ထိုအ ကြောင်းကိုကြားသိရသောသီလရှင်အကြီးအကဲသည် သီလရှင်အာနားကို ခေါ်တွေ့ကာ သူမဖြစ်ခဲ့သမျှကို တာဝန်ယူစေ၏။ သီလရှင်အာနားသည် သူမ၏ ကိုယ်ရေးကိုယ်တာ ကိစ္စကို အခြားသူများဝင်ရောက် စွက်ဖက်သည့်ဟုခံယူထားပြီးမကျေမနပ်ဖြစ်ခဲ့သည်။ စိတ်ပျက်နေသည့် သီလရှင်အာနားသည် မိမိ၏ သီလရှင်အကြီးအကဲကို ထပ်မံတွေ့ဆုံကာ သီလရှင် ဘဝမှ ထွက်လိုကြောင်း ပြောပြခဲ့သည်။ သူမသည် အခြားသီလရှင်များက သူမအား အမြဲစောင့်ကြည့် နေသည်ဟုသာခံစားရပြီး သီလရှင်ကျောင်းနေရ သည်မှာ ပျော်ရွှင်မှုမရှိတော့ပေ။

**မေးခွန်းများ**

၁။ သီလရှင်အာနား၌ မည်သည့် စိတ်ခံစားချက်များ ဖြစ်နေသနည်း။

၂။ သီလရှင်အာနား၏ဘဝတွင် ကောင်းသောစိတ်စွမ်းအားနှင့် မကောင်းသောစိတ်စွမ်းအား မည်ကဲ့သို့ အားပြိုင်နေကြသနည်း။
၃။ သီလရှင်အာနား၏ မှန်ကန်သည့်အချက်များကို ဖော်ပြပါ။
၄။ သီလရှင်အာနား၏ မှားယွင်းနေသည့်အချက်များကို ဖော်ပြပါ။
၅။ အခြားသီလရှင်များမှသီလရှင်အာနားကိုပြုမူပုံများသည် သင့်လျော်မှန်ကန်သည်ဟုဆိုနိုင်ပါမည်လော။
၆။ သင်သည် သီလရှင်အာနား၏ အကြံပေးပုဂ္ဂိုလ် ဖြစ်ခဲ့လျှင်မည်သည့်အကြံဉာဏ် ပေးမည်နည်း။
၇။ သီလရှင်အာနား၏နောက်ဆုံး ဆုံးဖြတ်ချက်သည်မှန်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

## Br. Htang Ha (SJ)



ကျွန်တော်၏ အမည်မှာ စောပီတယ် မျိုးမင်းဦး ဖြစ်ပါသည်။ ဦးဝင်းနိုင်၊ ဒေါ်ရီစီတို့မှ မေရီလန်း သာသနာပိုင်၊ ကျွန်းတောကျေးရွာတွင်ဖွားမြင်ခဲ့ပါသည်။ မောင်နှမ ခုနစ်ယောက်အနက် အကြီးဆုံးသား ဖြစ်ပါသည်။ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင်ပုသိမ်မြို့ မရမ်းချောင်းရှိအခြေခံ ရဟန်းဖြစ်သင်ကျောင်းသို့ ကျောင်းထိုင်ဘုန်းတော်ကြီးဖာသာရ်ဇော်ဇီမူး၏ထောက်ခံချက်ဖြင့်ဝင်ရောက်ခဲ့ပါသည်။ သုံးနှစ်အကြာတွင်ပြင်ဦးလွင်ရှိနိုင်ငံလုံးဆိုင်ရာရဟန်းဖြစ်သင်ကျောင်းသို့ ဒသနိကဗေဒပညာရပ်သင်ကြားရန် ဝင်ခွင့်ရခဲ့သည်။ဒသနိကဗေဒဘာသာရပ်ကိုနှစ်နှစ်သင်ကြားပြီးနောက်၊ တောင်ကြီးမြို့ရှိ စိန့်မိုင်ကယ်ရဟန်းဖြစ်သင်ကျောင်းတွင် ဝိညာဉ်ရေးနှစ် အဖြစ်တစ်နှစ်တာ ပညာသင်ကြားရင်းခေါ်တော်မူခြင်းကိုစမ်းစစ်ခဲ့ရသည်။ ဝိညာဉ်ရေးနှစ်တွင် ပီးမေ(PIME)သာနာပြုဘုန်းတော်ကြီးများ၊ လာရောက်ပြီး ဝိညာဉ်ရေးနှင့်ဆိုင်သော သင်ခန်းစာများ လာရောက်ပို့ချပေးခဲ့သည်။ အခါအားလျော်စွာ သူတို့၏သာနာပြုအတွေ့အကြုံ၊ သူတို့၏ ဝိညာဉ်ရေးဆိုင်ရာခံယူချက်များ ဝေမျှပေးခဲ့ကြသည်။ ပီးမေသာနာပြုများသည် မြန်မာနိုင်ငံတွင်နှစ်ပေါင်းများစွာ ဆက်ကပ်သာသနာပြုခဲ့ကြသည်။ တောင်ငူ၊ တောင်ကြီး၊ လွိုင်ကော်၊ ကျိုင်းတုံ၊ လားရှိုးဒေသတို့တွင် သာသနာသစ်များဖွင့်လှစ်နိုင်ခဲ့သည်။ အီတလီသာသနာပြုများဟု အများကအသိမှတ်ပြုသည်။ ပီးမေဆိုသည့်နာမည်ကို လူနည်းစုသာသိကြသည်။

ထိုပညာသင်နှစ်တွင် ကျွန်ုပ်၏ခေါ်တော်မူခြင်းသည် ပြောင်းလဲရန် အကြောင်းဖန်လာသည်။ အတွင်းစိတ်ထဲမှဝိညာဉ်တော်၏တန်းခိုးနှိုးဆွမှုကို ခံစားခဲ့ရသည်။ သူတို့ကဲ့သို့ ရပ်ဝေးသာသနာပြုချင်စိတ်များတဖွဲဖွဲဖြစ်လာသည်။ မြန်မာနိုင်ငံတွင် သာသနာပြုခဲ့သော ပီးမေအသင်းဂိုဏ်းဝင် အီတလီ သာနာပြုများ၏ သမိုင်းများ၊ သူတို့၏ ဝိညာဉ်ရေးလမ်းစဉ်များကို လေ့လာမိခဲ့သည်။ ထို့နောက် ၂၀၁၃-ခုနှစ်၊ မေလတွင် အဘဆရာတော်ဘုရား၏ ထောက်ခံမှု၊ ဝိညာဉ်ရေးဆိုင်ရာ အကြံပေးဘုန်းတော်ကြီးဟင်နရီစိန်ကိုကို၏အားပေးမှုဖြင့် ပီးမေသာသနာပြု အသင်းဂိုဏ်းသို့ဝင်ရန်ဆုံးဖြတ်ခဲ့သည်။

အစကနဦးတွင် သာသနာပြုများ၏ဘဝကိုကောင်းစွာနားမလည်ခဲ့ပါ။ သူတို့ဘယ်လိုနေထိုင်ရသလဲ ဆိုတာမသိပါ။ သူတို့ကဲ့သို့ ခရစ်တော်ကိုမသိသေးသောသူများထံသို့ဒေသနာတော်သတင်းကောင်းကို ဟောပြောသက်သေခံဖို့သာ စိတ်အားထက်သန်ခဲ့သည်။ သို့ပေမဲ့ ပီးမေအကြီးအကဲများအနေနှင့်ကိုယ်ရွေးချယ်သောဘဝကို နားလည်ရန်၊ သာသနာပြုများ၏ လက်တွေ့ဘဝကိုနားလည်ရန်၊ ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ပီးမေသာသနာပြုများ သာသနာပြုရာဒေသသို့ ကျွန်ုပ်အားသွားရောက်လေ့လာစေပြီး၊ အတူတကွ သာသနာပြုလုပ်ငန်းများ လုပ်ကိုင်ရန် စေလွှတ်ခဲ့သည်။ တစ်နှစ်ကြာပြီးနောက် ၂၀၁၄ ခုနှစ်တွင် အီတလီနိုင်ငံမွန်းဇာမြို့ရှိ ရဟန်းဖြစ်သင်ကျောင်းသို့ရောက်ရှိခဲ့သည်။ ထိုနှစ်များသည် ထင်သလောက်မလွယ်ခဲ့ပါ။ ဘာသာစကားအခက်အခဲ၊ ယဉ်ကျေးမှုမတူခြင်း၊ အမြင်မတူခြင်း၊ သင်ကြားရေးစနစ်များမတူခြင်းကြောင့် ဒုက္ခများစွာရောက်ခဲ့ရသည်။ စနေနေ့မှတနင်္လာနေ့မနက်တိုင်နီးစပ်ရာသာသနာများသို့သွားရောက်ကာဘုရားစကားသင်ခြင်း၊ လူငယ်များနှင့်ဆိုင်သော သင်တန်းများပေးခြင်း၊ အခြားသော သနာလုပ်ငန်းများကို



သွားရောက်လုပ်ကိုင်ရသည်။ ဤသို့ဖြင့် တဖြည်းဖြည်းနှင့် သူတို့၏ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ဘာသာစကားတို့ကို တဖြည်းဖြည်းခြင်း သင်ယူခဲ့ရသည်။ ဒုက္ခအခက်အခဲများစွာရှိငြားသော်လည်း သီဩလော်ဂျီဘာရပ်ကို ဆရာကောင်းများဖြင့် သင်ယူခဲ့ရသည့်အတွက်အင်မတန် ဝမ်းမြောက်မိပါသည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် Decon သိက္ခာကို မီလန်ဆရာတော် မာရီယို (Mario) လက်တော်မှရရှိခဲ့သည်။ ယခုမှာပညာသင်ကြားရေးကဏ္ဍပြီးဆုံးခဲ့ပြီး၊ လက်တွေ့အသုံးချဖို့အချိန်ရောက်လာပါပြီ။ ၂၀၁၉ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင်အဖဆရာတော် ဂျွန်မန်းဆိန်းဟို လက်တော်မှ ရဟန်းသိက္ခာကို ခံယူရမည် ဖြစ်ပါသည်။ ပြီးနောက်တွင် ကျွန်တော်တာဝန်ကျခဲ့ရာ Papua new guinea သို့သွားရောက် သာသနာပြုရပါမည်။

သို့ဖြစ်ပါ၍ ၂၀၁၉ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင်ပုသိမ်မြို့၊ စိန်ပီတယ်ဘုရားရှိခိုးကျောင်းတော်၌ St. Peter & St. Paul ပွဲနှင့်အတူ ကျင်းပခဲ့သောရဟန်းသိက္ခာတင်ပွဲကို ကြွရောက်အားပေးခဲ့ကြသောဓမ္မမိတ်ဆွေအပေါင်းကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားအပ်ပါသည်။ ဘုရားသခင်အား ကျေးဇူးတင်ပါသည်။

**ဖာသာ၏ စောပီတယ် မျိုးမင်းဦး** (PIME)



# ဒီလှိုင်းလိုလူ

စိုးဟေမာန်စိုး

ညောင်းနေသောအကြောများ၊ ကြွက်သားများကို ဆန့်ထုတ်ဖို့ ကမ်းခြေဖက်ကိုလျှောက်ခဲ့သည်။ မြိတ်ကမ်းခြေကထုံးစံအတိုင်း၊ ဒီတက်ဒီကျ။ ဒီကျချိန်မှကိုယ်ရောက်လာတော့ ရှုခင်းကမလှမပ။ တစ်မြို့လုံးက အားမနာတမ်း သွန်ချထားသောအမှိုက်များ၊ တိရစ္ဆာန်အသေကောင်များ (တစ်ခါတစ်ရံတွေ့မိတာ)၊ ရွှံ့ပြင်ပေါ်မှာတင်ကျန်နေသောစက်လှေကြီးငယ်များ၊ အရိုးတံများပေါ်နေသည့်ငါးအသေကောင်လို ထိုးထိုးထောင်ထောင်ဖြစ်နေသည့် ဆိပ်ခံတံတားလျှောက်လမ်းများဖြင့် အညှီနံ့များရှူရှိုက်ရင်းလျှောက်လာခဲ့မိသည်။

လဆန်းလဆုတ်ကို မှီပြီးပင်လယ်ရေက အတက်အကျရှိသည်။ အခန့်သင့်သောနေ့၌၊ ရေပြည့်ချိန်နှင့် ကြုံပါက၊ ရေပြာပြာမှာဒန်းစီးသလို လှုပ်ခတ်နေသော လှေများကိုကြည့်ရင်း၊ တဟူးဟူးတိုက်ခတ်နေသော ပင်လယ်လေသန့်သန့်လေးကို ရှူရှိုက်ရင်း၊ ကြည်နူးမိသည်မှာအမှန်။ လဆန်းတစ်ရက်နေ့ဆို နေ့လည်ဆယ့်တစ်နာရီခွဲရေပြည့်မည်။ လဆန်းနှစ်ရက်နေ့ဆို တစ်နာရီနောက်ကျပြီးနေ့လည်ဆယ့်နှစ်နာရီခွဲမှရေပြည့်မည်။ ရေတက်ရေကျပုံမှန်လေးနာရီမှခြောက်နာရီခန့် အချိန်ယူသည်။ ရေထပတ်၊ ရေသေပတ် စသဖြင့် ပင်လယ်နှင့်ကျွမ်းဝင်နေသောသူများထံမှ လေ့လာမိသလောက် ဒီရေအတက်အကျကိုမှတ်သားမိပါသည်။

ဒီရေကျသည်ဖြစ်စေ၊ တက်သည်ဖြစ်စေ၊ ပင်လယ်ကျွဲများ (ဆင်းရဲသားပင်လယ်လုပ်သားများကိုချစ်စနိုးခေါ်ထားပုံ) အတွက်ကား ဝမ်းရေးသည်ပထမ၊ ဝမ်းရေးသည်ဒုတိယ၊ ဝမ်းရေးသည်တတိယ။ ဒီအတက်အကျ ရှုခင်းကွာခြားမှုကို ခံစားထိတွေ့ရင်း၊ လောက ဓမ္မတာလူတို့ရွာဝယ်၊ တက်ချိန်ကျပျော်နိုင်မော်နိုင်သလောက်၊ ကျချိန်ကျတော့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် မြိတ်ကမ်းခြေလိုလူသားများ ရေတွက်မကုန်နိုင်အောင်ရှိနိုင်သည်ဟု ရှုမှတ်မိသည်။ တက်ချိန်ဆိုလည်း ပုံမှန်နေ၊ ကျချိန်ဆိုရင်လည်း တည်ငြိမ်နေသူများလည်းရှိနိုင်ပါသည်။ ရှားတော့ရှားသည်။ သို့သော်ရှိသည်။

ရှင်ပေါလုကတော့ ပြတ်သားသည်။ အကြောင်းမူကား ငါသည် မည်သည့်အခြေ အနေကို မဆို ကျေနပ်ရောင့်ရဲတတ်ရန် သင်ယူထားပြီးဖြစ်၏။ ငါသည်နိမ့်ကျချိန်၌ လည်းကောင်း၊ ပေါများကြွယ်ဝချိန်၌လည်းကောင်း မည်သို့ နေထိုင်ရမည်ကိုသိ၏။ ဝလင်အောင်စားရသည်ဖြစ်စေ၊ ဆာလောင် ငတ်မွတ်သည်ဖြစ်စေ၊ ပိုလျှံနေသည်ဖြစ်စေ၊ ချို့တဲ့နေသည်ဖြစ်စေ၊ အခြေအနေအရပ်ရပ်တို့၌ ကျေနပ်ရောင့်ရဲစွာနေနိုင်သည့်လျှို့ဝှက်ချက်ကို ငါသင်ယူခဲ့ပြီးဖြစ်၏။ ငါ့ကိုခွန်အားပေးတော်မူသောအရှင်အားဖြင့် ငါသည် အရာခပ်သိမ်းတို့ကိုတတ်စွမ်းနိုင်၏ (ဖိလိပ္ပိဩဝါဒစာ ၄:၁၂-၁၃)။

သူ့လိုလူသည် ဒီရေလိုအတက် အကျကိုခံနိုင်သူဖြစ်သည်။ သူ့အတွက် ရိုးနေပြီဖြစ်သည်။ လောကကြီးကိုက ပုခက်လိုလှုပ်ယမ်း၊ ဒီလှိုင်းလိုရိုက်ခတ်နေမှတော့၊ မှုစရာတစ်ပြား

သားမှမရှိ။ အလိုက်သင့်နေရင်း၊ ဧဝံဂေလိတရားကို သက်သေခံနိုင်သူ။ မှန်ရာကိုပြော၍ အမှားပြုသူများအတွက် မေတ္တာပြနေသူ။ သူ့လိုလူသည် ဆိုးဆိုးကောင်းကောင်း သယ်ဆောင်သန့်စင်နိုင်သည့် ဒီလိုင်းလိုလူဖြစ်လေသည်။

ရှင်ပေါလူးသင်ခဲ့သောလျှို့ဝှက်ချက်ကို သူ၏ဆုံးမစာများထဲမှာပဲရှာကြည့်ကြပါစို့။

- အကြောင်းမူကားငါသည် ဧဝံဂေလိသတင်းကောင်းအတွက် ရှက်ကြောက်ခြင်းမရှိ။ (ရောမ ၁း၁၆)

- အကြောင်းမူကား ငါသည်သင်တို့နှင့်ရှိစဉ်တွင် ယေရှုခရစ်တော်နှင့်ကိုယ်တော်၏ လက်ဝါးကပ်တိုင်တင်ခံရခြင်းအကြောင်းမှတစ်ပါး အခြားမည်သည့်အရာကိုမျှသိရှိရန် မလိုဟုဆုံးဖြတ်ထားခဲ့၏။ (၁ ကော် ၂း၂)

- အကြောင်းမူကား ငါတို့သည် ခရစ်တော်၏ဝေဒနာခံစားခြင်း၌ အတိုင်းထက်အလွန်ပါဝင်ခံစားကြသောကြောင့် ခရစ်တော်အားဖြင့်နှစ်သိမ့်ခြင်းကိုလည်း အတိုင်းထက်အလွန်ရရှိကြ၏။ (၂ ကော် ၁း ၅)

- ယခုအသက်ရှင်လျက်ရှိသည်မှာ ငါမဟုတ်တော့ဘဲ ငါ၌ကိန်းဝပ်တော်မူသောခရစ်တော်ဖြစ်၏။ ငါ၏ကိုယ်ခန္ဓာ၌ ယခုရှင်သန်နေသောအသက်သည် ဘုရားသခင်၏သားတော်၌ ယုံကြည်ခြင်းအားဖြင့် ရှင်သန်နေခြင်းဖြစ်၏။ (ဂလာတိ ၂း ၂၀)

- ငါသည် ဤသတင်းကောင်းအတွက် ချုပ်နှောင်ခံရသော သံတမန်တစ်ဦးဖြစ်၏။ (ဧဖက် ၆း၂၀)

- အကြောင်းမူကားငါအသက်ရှင်ခြင်းသည် ခရစ်တော်အတွက်သာဖြစ်၍ သေခြင်းသည်ကောင်းသောအကျိုးကို ရရှိရန်အတွက်ဖြစ်သည်ဟု ငါခံယူထားသောကြောင့်ဖြစ်၏။ (ဖိလိပိ ၁း ၂၁)

- သင်တို့သည်မြေကြီးပေါ်၌ရှိသောအရာတို့ကိုစွဲလန်းခြင်းမရှိဘဲ အထက်အရပ်၌ရှိသောအရာတို့ကိုသာစွဲလန်းကြလော့။ (ကော်လောသဲ ၃း ၂)

- အစဉ်အမြဲဝမ်းမြောက် ရွှင်လန်းကြလော့။ ဆုတောင်းပတ္တနာပြုခြင်းကို အဆက်မပြတ်ပြုလုပ်ကြလော့။ အခြေအနေအမျိုးမျိုး၌ ကျေးဇူးတော်ကိုချီးမွမ်းကြလော့။ (၁သက်သာ၅း၁၆-၁၈)

- ညီအစ်ကိုတို့၊ ကောင်းသောအမှုကိုပြုလုပ်ရာ၌ စိတ်ပျက်အားလျော့ခြင်းမရှိကြနှင့်။ (၂ သက်သာ ၃း ၁၃)

- ရောင့်ရဲတင်းတိမ်ခြင်းရှိပါက ဘုရားတရားကိုကျင့်ကြံအားထုတ်ခြင်းဖြင့် ကြီးစွာသောအကျိုးကျေးဇူးကိုရရှိနိုင်၏။ (၁ တိမောသေဦး ၆း ၆)

- အကြောင်းမူကား ဘုရားသခင်သည် ငါတို့အားကြောက်ရွံ့စိတ်ကိုမပေးဘဲ စွမ်းအားတန်ခိုး၊ ချစ်ခြင်းမေတ္တာနှင့် မိမိကိုယ်ကိုထိန်းချုပ်နိုင်ခြင်း စသောစိတ်တို့ကိုသာ ပေးတော်မူသောကြောင့်တည်း။ (၁ တိမောသေဦး ၁း ၇)

- ငါတို့၏လူများသည် မိမိတို့၏ဘဝကိုအချည်းနှီးမဖြစ်စေဘဲ မိမိတို့၏အကူအညီကိုအမှန်တကယ်လိုအပ်နေသောသူများအား ကူညီထောက်ပံ့ကြရန်သင်ယူလေ့လာကြရမည်။ (တိတု ၃း ၁၄)

- ငါတို့အားဝန်ပိစေသည့်အရာအားလုံး တို့ကိုလည်းကောင်း၊ ငါတို့၌ကပ်၍ငြိတွယ်နေသည့်အပြစ်ဒုစရိုက်ကိုလည်းကောင်း ဖယ်ရှားပြီးလျှင်၊ ငါတို့၏ရှေ့တွင်ရှိသော ပန်းတိုင်သို့ရောက်ခြင်းငှာဇွဲလုံ့လဖြင့် ပြေးကြကုန်စို့။ (ဟေဗြဲဦး ၁၂း ၁)

သာဓကေ ပါးပါးလေးတွေက ဘဝကိုအထုကြီးရင့်ကျက်လာအောင် လမ်းပြနေသည်။ ဒီလှိုင်းမှာ ငိုင်ဆင်းမသွားပဲ၊ ခံနိုင်ရည်မျဉ်းကြောင်းထက်မှာမတ်တပ်ကြာကြာရပ်နိုင်ဖို့လိုပါသည်။ မသေသေးသရွေ့ ဘဝဆိုတာတိုက်ပွဲ။ ဒီလှိုင်းလိုလူသာလျှင်၊ လောကဓံကိုခံမပြောပဲ၊ စံပြဖြစ်အောင် ထုထောင်ပြသူဖြစ်သည်။ သူသည် ဆင်းရဲလည်း ပြုံးပြုံးလေးခံ၊ ချမ်းသာလည်း မမော့မကော့ပဲ မှန်မှန်နေတတ်သူဖြစ်သည်။ ကမ်းခြေကဘာကြီးပဲဖြစ်နေနေ၊ ဒီလှိုင်းကတော့ တက်နေကျနေဦးမှာပင်။

ဒီတောမှာ နွံပေါ၊
ဒါပေမယ့်၊ မြေဆီတွေပေါ၊
ရသတ္တဝါပျော်လို့ ပင်လယ်ကြီးကို
အာဟာရနို့ချို တိုက်ကျွေးနိုင်တာ
ကျေးဇူးကမ္ဘာပါ၊ အို ဒီတော။

မေတ္တာမွန်ဖြင့်

**စိုးဟေမာန်စိုး**

(၅-၅-၂၀၁၉)





**ပျော်ရွှင်သော အိမ်ထောင်ရေး အတွက် ပညတ်တော် (၁၀) ပါး။**

၁။ အတူဝေမျှ ဆုတောင်းကြ၍၊ နေ့ညအစဉ် ဘုရားရှင်အား ရှိခိုးလော့။
၂။ ချစ်ခြင်းမေတ္တာ ဖြူသစ္စာကို၊ ရင်မှာထာဝရ ရိုးမြေကျတိုင် စောင့်ထိန်းလော့။
၃။ ကြင်သူမနော စိတ်သဘောအား၊ လေးစားမြတ်နိုး တန်ဖိုးထား၍ ချစ်ပါလော့။
၄။ မောင်မယ်ကြည်ဖြူ ရှာဖွေကူလျှက်၊ ညီတူစိတ်ထား မခွဲခြားဘဲ ရှိစေလော့။
၅။ မကြင်စိမ်းကား ဒေါသပွား၍၊ စကားစစ်ထိုး မျက်မုန်းကျိုးအောင် မပြုနှင့်။
၆။ အိမ်ထောင်ကိစ္စ အဝဝ၌၊ ဘေးမှသွေးခွဲ တလွဲစကား မယုံနှင့်။
၇။ တစ်ယောက်အကြိုက် တစ်ယောက်လိုက်၍၊ အလိုက်တသိ သတိဆောင်၍ ပေါင်းသင်းလော့။
၈။ အတ္တမခင် ဂျေမဝင်ဘဲ၊ တလွဲမာန ဂုဏ်တုပခြင်း မပြုနှင့်။
၉။ စာနာထောက်ထား မေတ္တာပွား၍၊ မိသားစုအရေး ဆွေးနွေးညှင်သာ နှုတ်လိမ္မာလော့။
၁၀။ မျိုးဆက်သစ်များ သမီးသားကို၊ ကြိုးစားပျိုးထောင် လူ့ဘောင်အတွက် ထိုက်စေလော့။

**သီကိုရှင်း**

# The Golden Jubilee

of Sr. Grace Chia

(Sister of Infant Jesus, IJ)
(31.5.2019)



The celebration of thanksgiving Mass started at 8: 30 am, at St. Mary Cathedral's Chapel. The mass had led by His Eminence Charles Cardinal Bo accompanied by His excellency Bishop John Saw Yaw Han and Priests. Many religious and people also joined the mass. After Mass, the programme of today celebration continued. The ceremony ended with lunch together.




His Eminence Charles Cardinal Bo gave the remarkable words in his homily for Sr. Grace. He said, "Today we celebrate the meaningful and grateful Mass as our heartfelt gratitude for Sr. Grace. You passed 50 years, in your humble way, your hard work and special service in Myanmar for 20 years, it is not easy to give service to the Burmese people. The blessedness of Sr. Grace for the others that is coming out of her humble heart, like a good gardener who cares the beauty of each flower to bloom, like a good shepherd who cares the heart of each one to grow, like a good leader who cares the case of each one to nurture, like a good mother who cares the need of each one to support and like a good model who cares the life of each one to rise up with your humble heart you shared with your humility, you encouraged the person to become a good educator and brought the quality of education to our children. I am so glad to have you in my life. I felt your love, care, and kindness. I am admire of your time to listen to others, your support and giving courage people. You nurtured them in their spirituality, and helped them to grow through strong faith for the formation sections. I am so inspired by you. You guided the ways of humility to practice in life how to move on (handle) out from the hopeless and lost. You are a role model for the young or others. Your humility and simplicity, prayer, and love are speaking out louder as an example of for your neighbor. Thank you Sr. Grace.




## The short point from the story of Sr. Grace.

Sr. Grace Chia, Born in Singapore in 1946. She was baptised in 1963. She attended IJ Primary and Secondary School. Then, she was graduated from Teacher Training College and later entered the life of IJ Sisters in 1967. Then, she became an IJ missionary teacher in IJ schools until 1976. In 1977, she was sent to India to prepare and to take charge of formation. From 1979 to1983, she was the novice mistress. From 1984 to1986, she was sent to the United States of America for Post Graduate studies in Creation Spirituality and Theology. From 1986 to1995, she was working with disadvantaged families from multiethnic backgrounds in Singapore. In 2001 she came to Pathein, Myanmar with a heart of IJ mission accompanied by her best partners, Auntie Maria, and Teacher Jacinta. "In 2004, she and her companion were working with kids in 7 miles, Yangon. In 2007, at the invitation of Cardinal, Sister Grace and IJ community started TTC, which later became known as PSIE till now.

***Words of Encouragement ....***

- Gratitude is the best attitude.
- With God, miracles happen all the time.
- Discernment is essential in guiding what we do.
- Don't just feel good and look good, but do good.
- There is always a purpose in being where we are.
- Keep one ear to the heart of God and one ear to the cries of our world.
- We are all called to mission, and our mission is to serve the needy as teachers. (Sr. Grace Chia, IJ)

**(PSIE, Family)**

## SSVP စိန့်ဗင်းဆင်းဒီပေါလ်အသင်း၏ Systemic Change Seminar ဘက်စုံပြုပြင်ပြောင်းလဲခြင်းသင်တန်း။

မြန်မာနိုင်ငံ SSVP စိန့်ဗင်းဆင်းဒီပေါလ်အသင်း "ကူညီရိုင်းပင်မြန်မာဖောင်ဒေးရှင်း" တည်ရှိသော သာသနာအချို့အတွက် System Change Seminar သင်တန်းကို (၁၈. ၅. ၂၀၁၉မှ ၁၉. ၅. ၂၀၁၉) အထိ၊ ရန်ကုန်သာသနာစိန့်ပီတာနှင့် စိန့်ပေါလ်ဘုရားကျောင်း၌ကျင်းပခဲ့ကြပါသည်။ ၎င်းသင်တန်းကို Philippines နိုင်ငံမှ စိန့်ဗင်းဆင်းဒီပေါလ်အသင်းဂိုဏ်းမှ Rev. Fr. Gregorio Banaga,C.M, Ana Maria P. Escano (Philippines ) နှင့် NC ဥက္ကဌ ဆရာအယ်လ်ဖောင်းဇို ဦးကျော်မင်း၊ ဆရာမ ဒေါ် ရယ်ဂျီးနာ ခင်ညိုအေး၊ ဆရာမဒေါ် နန်းမွန်အေးနှင့် ဆရာမအိမွန်မြင့်မောင်တို့မှ ပို့ချပေးခဲ့ကြပါသည်။ ပါဝင်တက်ရောက်သူ (၆၉) ဦးရှိပါသည်။

**ဒက်ရှူးမယ်** (I.S.R.)




Formator Gathering ကို ဇွန်လ (၂၄ မှ ၂၅ ၊ ၂၀၁၉ ) ရက်၊ CRCM တွင် ကျင်းပပြုလုပ်ပြီး ဂိုဏ်ပေါင်းစုံမှ (၅၄) ဦးပါဝင်တက်ရောက်ခဲ့ပါသည်။ Importance of openness in the formation process ခေါင်းစဉ်ဖြင့် Fr. Irsan မှ အဖွင့်ကြိုဆိုစကားဖြင့် ပြောကြားပေးပြီး၊ Sr. Rebecca (RGS) မှ Openness ဆိုသောစကားလုံးအဓိပ္ပါယ်ကို " Sacred Space " အကြောင်းအရာ(၁၁)ချက်ကိုဝေမျှပို့ချပေးခဲ့ပါသည်။ ၎င်းအပြင် Sr. Agnes (RGS) မှ Importance of openness အကြောင်းကိုဝေမျှပြီး Open mind, heart, will ကိုဝေမျှကာ မေးခွန်းများဖြင့်အဆုံးသတ်ခဲ့ပါသည်။ Sr. Rebecca (RGS) မှလည်း Listening skill (4) Levels တွင် (1) Downloading, (2) Factual, (3) Empathic, (4) Generative Listerning ကိုဝေမျှပေးခဲ့ပါသည်။ Personal Transformation through Openness အကြောင်းကို Sr. Agnes (RGS) မှ Jn 4 : 1 -12 ကျမ်းစာတော်မြတ်အားဖြင့် ထောက်ခြင်းပြုလုပ်စေခဲ့ပြီး Personal Transformation expetiences ကိုဝေမျှစေခဲ့သည်။

ညနေ ၁း၃၀ နာရီတွင် Fr. Irsan မှ အဖွဲ့များဖွဲ့စေပြီး မိမိတို့အဖွဲ့အလိုက် (Aspirant, Prepostulant, Novice, Profess sisters, Ongoing formation ) များကိုဆွေးနွေးတိုင်ပင်စေပြီး၊ ပြန်လည်တင်ပြချက်များပြုလုပ်ကာ၊ ညနေ ၄း၀၀ နာရီတွင် အောင်မြင်စွာအဆုံးသတ်ခဲ့ပါသည်။

**စစ္စတာရ်မာတားအားပိုင်** (SFX)



# အန္တရာယ် (၇) ပါး

လုပ်အားမပါ ရဥစ္စာသည်
ကျိန်စာပါလာ ရတာနာ။

ဩတ္တပကင်း စိမ်ခံခြင်းသည်
ယိုယွင်းပျက်စီး အကြောင်းတည်း။

သီလကင်းရာ အသိပညာသည်
မာယာလှည့်စား ဝေဒနာပွား၏။


တရားမဲ့ဝေး စီးပွားရေးသည်
သေဘေးသို့သာ ပို့ဆောင်ပါ၏။

လူ့အကျိုးမပါ သိပ္ပံပညာသည်
ကမ္ဘာလောက ပျက်စီးရ၏။

စွန့်လွှရာမပါ ထိုဘာသာသည်
အကာမျှသာ ဖြစ်ပါ၏။

ဥပဒေဝေး နိုင်ငံရေးသည်
လူ့သွေးမြေဝ စတေးကြ၏။

မွန်စီညော်မောရစ်ညွန့်ဝေ



မှီငြမ်းစာပိုဒ် –

***Seven Dangers to Human Virtue***

1. Wealth without work
2. Pleasure without conscience
3. Knowledge without character
4. Business without ethics
5. Science without humanity
6. Religion without sacrifice
7. Polities without principles

***.Mahatma Gandhi***

w &m,cH. . . . . . . &B|r me f

ငါကယ်လိုက်တဲ့လူတစ်ယောက် တစ်ချိန်မှာ ဟစ်တလာဖြစ်သွားသတဲ့. .
ငါကုသပေးလိုက်တဲ့ဝေဒနာရှင်တစ်ယောက် စိတ္တဇလူသတ်သမားဖြစ်သွားသတဲ့. . .
ငါပေးကမ်းလိုက်တဲ့ဆင်းရဲသားတစ်ယောက် ခေါင်းပုံဖြတ်သူဌေးကြီးဖြစ်လာသတဲ့. .
ငါစိုက်ပျိုးလိုက်တဲ့မျိုးစေ့လေး ကြီးလာတော့ အဆိပ်ပင်ဖြစ်နေသတဲ့. . .

♦ဒီမှာ ဟစ်တလာ. . မင်းကိုယ်မင်း သတ်သေမယ်လုပ်တုံး. . မသေဖြစ်အောင်
ကယ်တင်လိုက်တာ၊ ငါ. . လူသားတစ်ယောက်ရဲ့တာဝန်ပါ. .
မင်းရဲ့အနာဂတ်ကိုမျှော်တွေးပြီး ဘောင်ခတ်ပုံသွင်းဖို့ ငါ့တာဝန်မှမဟုတ်တာ. .


♦ဒီမှာ လူသတ်သမား. . မင်းအသက်ငင်နေတုံး. . ဆရာဝန်တစ်ယောက်က
ကယ်တင်လိုက်တာ၊ ငါ. . လူသားတစ်ယောက်ရဲ့တာဝန်ပါ. .
မင်းရဲ့အနာဂတ်ကိုမျှော်တွေးပြီး ဘောင်ခတ်ပုံသွင်းဖို့ ငါ့တာဝန်မှမဟုတ်တာ. .

♦ဒီမှာ သူဌေးကြီး. . မင်းဘဝခါးသီးခဲ့တုံး. . ဘဝကိုရပ်တည်နိုင်အောင်
အကူအညီပေးခဲ့တာ၊ ငါ. . လူသားတစ်ယောက်ရဲ့တာဝန်ပါ. .
မင်းရဲ့အနာဂတ်ကိုမျှော်တွေးပြီး ဘောင်ခတ်ပုံသွင်းဖို့ ငါ့တာဝန်မှမဟုတ်တာ. .

♦ဒီမှာ အဆိပ်ပင်. . မင်းရဲ့အညှောင့်ပေါက်ထွက်လာတုံး. . ရှင်သန်ခွင့်ရအောင်
မြေကြီးထဲမြှုပ်ပေးခဲ့တာ၊ ငါ. . လူသားတစ်ယောက်ရဲ့တာဝန်ပါ. .
မင်းရဲ့အနာဂတ်ကိုမျှော်တွေးပြီး ဘောင်ခတ်ပုံသွင်းဖို့ ငါ့တာဝန်မှမဟုတ်တာ. .



မင်းရဲ့အနာဂတ်မှာ လူတကာကိုအေးမြတဲ့အရိပ်တွေပေးပြီး. .
နားခိုစေနိုင်တဲ့ သစ်ပင်ကြီးလဲ ဖြစ်နိုင်တာပဲ. .
မင်းအရိပ်ကိုနားခိုလို့ သတ္တဝါတွေ အန္တရာယ်မရှိဘူးဆိုရင်. .
မင်းဟာ အဆိပ်ပင်ဖြစ်နေပါစေ၊ အရိပ်တော့ရစေသေးတယ် . .
မင်းရဲ့အသီးကိုခူးစားလို့ သတ္တဝါတွေ အန္တရာယ်ရှိနေတာ. .
မင်းရဲ့အပြစ်ကြီးလုံးလုံး မဟုတ်ဘူးလို့ငါမြင်တယ်. .
မင်းကို အဆိပ်ပင်မှန်းသိရဲ့သားနဲ့ အငမ်းမရ ခူးစားကြပြီးမှ. . .
အပြစ်တင်နေကြတာ ကတော့ စဉ်းစားစရာ. . .
မင်းကိုစိုက်ပျိုးခဲ့မိတဲ့သူ (    ) ရဲ့ အပြစ်လား. . .
တရားခံက ဘာလို့များ ငါ ဖြစ်နေရတာလား. . . .



# မေ့ဆေး

ခံစားလာရ ရောဂါတစ်ခု
ကုသရာမှာ မနာကျင်စေတာ
မေ့ဆေးလေးဟာ အခရာဘဲ...

မေ့ဆေးအချိုး စွမ်းတန်ခိုးနဲ့
ခွဲစိတ်ဖွေရှာ ကုသရာမှာ
နာကျင်မှုများ မခံစားရ
အသာမေ့ပျောက်ထား နိုင်ကြ...

ဒီလိုဆိုရင် ကိုယ်လဲလိုချင်
ကိုယ့်ကိုသူတစ်ပါး မှားယွင်းထိခိုက်
စော်ကားလိုက်သမျှ စိတ်ကမွေမယူ
ရန်မလိုဘဲ အသဲမနာ...
အရာရာမေ့ပျောက် ဦးနှောက်ဉာဏ်ထွင်
အထင်မခံ မေ့ပျောက်ရန်သာ
ကြင်နာစွာဖြင့် ဝိညာဉ်ဆိုင်ရာ
မေ့ဆေးလေးများ ပေးသနားပါဘုရား...။

အင်ဝိုင်းပန် (SJA)





# အာဂစိတ်ထား သီလရှင်များ

– သီလရှင်အကြောင်း သီကောင်းစရာအတွေးဖြာမိ
ဆင်းရဲပြုစင် နာခံခြင်းနှင့်
သစ္စာပြုထား သီလရှင်များမို့
ဖြူစင်ဝတ်ရုံ လုံခြုံထိန်းကျောင်း
ဘုရားရှင်အကြောင်း သတင်းကောင်းဖြန့်ဝေ
နည်းကောင်းလမ်းပြ ဓမ္မအမွေ
အစေခံရန် နောက်မပြန်ပဲ
အဆောင်ယောင်ကင်း ဆင်းရဲခြင်းနှင့်
အေးလည်းမဖြို ပူလည်းမတွန့်
စွန့်လွှတ်စွန့်စား မြတ်ဘုရားနောက်
ကောက်ကောက်လိုက်သွား မိန်းမသားတို့။

–အော်– လောဘ၊ ဒေါသ၊ မောဟဖြာဖြာ
လောကီရေးရာ အဖြာဖြာစွန့်
ထူးခြားလှစွာ ဘဝလည်းစွန့်
အလှစွန့်ပြီး မိဘအမွေ
ဉစ္စာတွေစွန့် သံယောဇဉ်စွန့်
အမျိုးစွန့်လို့ အရပ်လည်းစွန့်
တိုင်းလည်းစွန့်ပြီး မြတ်ဘုရားအတွက်
ပေးဆက်မေတ္တာ တစ်သက်တာအတွက်
ရှေခြားမြေခြား တိုင်းတပါးထိ
စွန့်စားသွားကြ လေးစားထိုက်စွ
အာဂစိတ်ထား သီလရှင်များပါတကား။

အိုင်လုန့်ဖ (ရန်ကုန်)။

(ယခင်အပတ်မှအဆက်)

# ပုပ်ဘက်နဒစ် (၁၆)၏ ကိုယ်ရေးအကျဉ်း

## Brief biography of Pope Benedict XVI

Lawrence Jangma Mung Song



ပုပ်ဘက်နဒစ် (၁၆)၏ ဝတ်ဆင်မှုပုံစံများသည်လည်း ယခင်ရဟန်းမင်းကြီးများ အဆက်ဆက်၏ ဝတ်ဆင်ပုံများကဲ့သို့ထုံးတမ်းအစဉ်အလာအတိုင်း အရောင်အသွေးရှိသည့် သက်န်းဝတ်ရုံများအားဝတ်ဆင်တတ်သည်။ ယခင်ရဟန်းမင်းကြီးအဆက်ဆက်မှ ထုံးတမ်းအစဉ်အလာအသုံးအဆောင်များအားပြန်လည်အသုံးပြုလာခဲ့သည်။ ရဟန်းမင်းကြီး လီယို (၁၃)အသုံးပြုခဲ့သည့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားအသွင်ထုဆစ်ထားသည့် ထိုင်ခုံပလ္လင် (Throne of Holy Spirit) နှင့်ရဟန်းမင်းကြီး ပီအူးစ်(၉)အသုံးပြုခဲ့သည့် ပလ္လင်များအားပြန်လည်အသုံးပြုခဲ့သည်။

၂၀၀၈ ခုနှစ်၊ ခရစ်တော်၏ခန္ဓာတော် Corpus Domini ပွဲနေ့ကြီးတွင် ကက်သလစ်များအား ကိုယ်တော်မြတ်ပေးသည့်အခါ၌ ပုပ်ဘက်နဒစ် (၁၆)သည် ကက်သလစ်တို့၏ရာစုနှစ်ချီ ထုံးတမ်းအစဉ်အလာအတိုင်းဒူးထောက်သည့်ခုံများအားပြန်လည်အသုံးပြုခဲ့သည်။ (နှောင်းပိုင်းတွင်အနောက်ပိုင်းအသင်းတော်များ၌ ကိုယ်တော်မြတ်ပင့်စဉ် ဒူးထောက်သည့်အတန်းများအား လုံးဝမထားရှိသည့်အခြေအနေများလာခြင်းကြောင့်ဖြစ်သည်)။ ပုပ်ဘက်နဒစ်(၁၆)သည် ကိုယ်တော်မြတ်ပေးချိန်တွင် ကက်သလစ်ဘာသာဝင်များအားဒူးထောက်စေ၍ လက်ဖြင့်ပင့်ဆောင်စေခြင်းအားခွင့်မပြုပဲ လျှာပေါ်တွင်သာ ကိုယ်တော်မြတ်ပေးသည်။

ပုပ်ဘက်နဒစ်သည် အမေရိကားတိုက်၊ ဥရောပတိုက်နှင့်အခြားတိုက်ကြီးများသို့လည်း သာသနာပြုခရီးစဉ်များသွားရောက်ခဲ့သည်။ ဘရာဇီး၊ ယူအက်စ်အေ၊ မက်ဆီကို၊ ကျူးဘား၊ သြစတြေးလျနှင့် အာဖရိကနိုင်ငံများ၊ လက်ဘနွန်နှင့် သန့်ရှင်းသောမြေ ဂျေရုစလင်တို့ကို သွားရောက်ခဲ့သည်။ ပုပ်ဘက်နဒစ်သည် မူရင်းနာမည်ဂျိုးဇက်ရက်ဇင်ဂါဟူသည့် ကလောင်အမည်ဖြင့် သခင်ခရစ်တော်အကြောင်းအား၊ စာအုပ်သုံးအုပ်ဖြင့်ရေးသားခဲ့သည်။ သူရေးသားခဲ့သည့် ခရစ်တော်ဆိုင်ရာစာအုပ် ပထမတွဲမှာ Jesus of Nazareth နာဇရက်မြို့သားယေရှုဖြစ်ပြီး၊ ၂၀၀၇ ခုနှစ်တွင် ရေးသားထုတ်ဝေသည်။ ဒုတိယတွဲအမည်မှာ From the Entrance into Jerusalem down to the Resurrection ဂျေရုစလင်မြို့အဝင်မှရှင်ပြန်ထမြောက်ခြင်းဟူသည့် အမည်ဖြင့် ၂၀၁၁ ခုနှစ်တွင် ထုတ်ဝေသည်။ တတိယမြောက် စာအုပ်တွဲအမည်မှာ The Childhood of Jesus ယေရှုသခင်၏ငယ်စဉ်ဘဝဟု အမည်ရကာ ၂၀၁၂ ခုနှစ်တွင်ထုတ် ဝေခဲ့သည်။

ပုပ်ဘက်နဒစ် လက်ထက်၊ အရေး ကြီးသောထူးခြားချက်တစ်ခုမှာ၊ အခြားဘာ သာတရားများနှင့် ဆက်ဆံရေးဖြစ်သည်။ အထူးသဖြင့်မွတ်စလင်နှင့်အော့သိုဒေါ့ခရစ်ယာန်အသင်းတော်တို့နှင့် ကက်သလစ်


အသင်းတော်၏ ဆက်ဆံရေးဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် Ratisbon တက္ကသိုလ်၌ ပုပ်ဘက်နဒစ်သည် Lectio Magistralis အား ဖတ်ကြားစဉ်တွင် ဘာဇင်တိုင်းတွင်အခြေချသည့် ဘာဇင်တိုင်း (ရောမ) အင်ပါယာပြည့်ရှင် Manuel II Paleologus မန်နူရယ်(၂)ပယ်လေယိုလိုဂူးစ်၏ Holy War မွတ်စလင်ဆိုင်ရာသန့်ရှင်းသောဘာသာရေးစစ်ပွဲနှင့်ပတ်သက်၍ ပြောကြားချက်စကားအားပြန်လည်ညွှန်းဆို ပြောကြားခဲ့သည်။ ထိုသို့ပုပ်ဘက်နဒစ်က ရောမအင်ပါယာပြည့်ရှင်၏ပြောကြားချက်အားပြန်လည်ကိုးကားဖော်ပြခြင်းကို တိုက်ခိုက်ရန်ချောင်းနေသော မီဒီယာများက အထူးပြုသတင်းဖော်ပြ၍ မွတ်စလင်အသိုင်းအဝိုင်းတွင် ပုပ်ဘက်နဒစ်အား ဆန့်ကျင်ဆန္ဒပြ၊ အကြမ်းဖက်ကြကုန်သည်။



ပုပ်ဘက်နဒစ်(၁၆)သည် ထိုစကားစုကိုပြောခဲ့ပါသော်လည်း မွတ်စလင်နှင့် ပတ်သက်၍သူ၏အမြင်များမှာထိုစကားစုဖြင့်သာ ကိုယ်စားပြုသည်မဟုတ်ကြောင်းအကြိမ်ကြိမ်ပြန်လည်ရှင်းပြခဲ့သည်။ ထို့အပြင် မွတ်စလင်ယုံကြည်သူများ၏ ထိရှမှုအတွက်တောင်းပန်ပါကြောင်း ပြောကြားခဲ့သည်။ ထိုသို့မွတ်စလင်များနှင့်ဆက်ဆံရာတွင် အစပိုင်းတွင်အခက်အခဲအချို့ရှိခဲ့ပါသော်လည်း ရှေ့ဆက်နှစ်ကာလများတွင် ကက်သလစ်နှင့်မွတ်စလင်ဘာသာဝင်များအကြား ယဉ်ကျေးမှု၊ သီအိုလော်ဂျီပိုင်း ဆိုင်ရာအပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး နှစ်ဖက်ဘာသာရေးခေါင်းဆောင်များကိုယ်စားလှယ်များ အချင်းချင်းလည်းအပြန်အလှန် တွေ့ဆုံမှုများစွာရှိခဲ့သည်မှာ ပုပ်ဘက်နဒစ် (၁၆) လက်ထက်တွင် ယခင်ရဟန်းမင်းကြီး အဆက်ဆက်ထက် သာလွန်ခဲ့ပေသည်။

ထိုနှစ်ထဲတွင်ပင် ပုပ်ဘက်နဒစ်သည် တူရကီနိုင်ငံသို့သွား၍ အော့သိုဒေါ့ါအသင်းတော်၏ ဆရာတော်ချုပ် Patriarch Bartholomew I ပထမမြောက် ဘာသိုလော်မီနှင့်အတူ အော့သိုဒေါ့ါ မဏ္ဍားတရားတွင်ပါဝင်ကျင်းပခဲ့သည်။ ၂၀၀၈ ခုနှစ်တွင်မူ မြို့ရိုးပြင်ပ၊ စိန့်ပေါလ်ဗာဆီလီကာကျောင်းကြီးတွင် ကျင်းပပြုလုပ်သောကက်သလစ် ဆရာတော်များ အစည်းအဝေး Bishops' synod ၌ အော့သိုဒေါ့ါ ဆရာတော်



အော် ပီလာတူး . . ပီလာတူး . .
မင်းကြောင့်မို့ ဒီလူသေခဲ့ရတာပါလား . .



ချုပ်ပထမမြောက် ဘာသိုလော်မီသည် ဖိတ်ကြားချက်အရ ပါဝင်တက်ရောက်ခဲ့သလို Sistine Chapel ဆစ်စတင်း ချာပယ်တွင်လည်း ဆရာတော်အစည်းအဝေး၌ မိန့်ခွန်းပြောကြားခဲ့သဖြင့် ပုပ်ရဟန်းမင်းကြီး ရွေးချယ်ရန်ကျင်းပသော ကက်သလစ်ဆရာတော်ကြီးများ အစည်းအဝေးတွင် ပထမဦးဆုံးအော့သိုဒေါ့ဆရာတော်ချုပ်၏ တက်ကြွစွာပါဝင်မှုအဖြစ်မှတ်တမ်းဝင်ခဲ့သည်။ အခြားသော ပုပ်ရဟန်းမင်းကြီးများနှင့်နှိုင်းယှဉ်လျှင် ပုပ်ဘက်နဒစ် (၁၆) သည် မွတ်စလင်ဝတ်ပြုကိုးကွယ်ရာ ဗလီကျောင်းများနှင့် အော့သိုဒေါ့ခရစ်ယာန် ဘုရားကျောင်းများသို့ လည်ပတ်မှုအများဆုံးဖြစ်သည်။

ပုပ်ဘက်နဒစ်သည် SSPX မှ ဆရာတော် Lefebvrian ၏ နောက်လိုက်ဆရာတော် ဘိရှော့များအားအသင်းတော်မှ ထုတ်ပယ်ထားမှု Excommunication ကိုရုတ်သိမ်းထားသည် ဖြစ်သော်လည်း၊ ထိုထဲမှဆရာတော်တစ်ပါးဖြစ်သူ ဘိရှော့ Richard Williamson သည် ၂၀၀၉ ခုနှစ်၊ ဆွီဒင် နိုင်ငံရေဒီယိုအင်တာဗျူးတစ်ခုတွင် Shoah (နာဇီဂျာမနီ လက်ထဲတွင် ဂျူးလူမျိုးများ အစုအပြုံလိုက် အသတ်ခံရမှု) အား မယုံကြည်ပါဟု ပြောခဲ့သဖြင့် ဟိုလေးတကျော် သတင်းဖြစ်ခဲ့ပြန်သည်။ ထိုပြောဆိုမှုကြောင့် ဂျူးနိုင်ငံ၊ အစ္စရေးအစိုးရနှင့် ဆက်ဆံရေးတင်းမာမှုဖြစ်ခဲ့သည်။ သို့သော် ပုပ်ဘက်နဒစ်သည် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ (၂၈)ရက် နေ့တွင် ပြောကြားသည့် လူထုမိန့်ခွန်း၌ ကျွန်ုပ် လက်ခံယုံကြည်ထားသည့်ညီအစ်ကိုများနှင့် ပြည့်ဝစုံလင်စွာ တသားတည်းဖြစ်ကြောင်း ပြန်လည်ထုတ်ဖော်ပြော ကြားလိုပါသည်။ အလားတူ ဂျူးလူမျိုးများစွာ နာဇီများလက်တွင်းအစုအပြုံလိုက်အသတ်ခံရသည့် Shoah သည်လည်း မကောင်း ဆိုးဝါး၏ အဆုံးအစမဲ့ အဖျက်စွမ်းအား အဖြစ် လူသားတို့ရင်ထဲတွင် စွဲမှတ်နေရမည့် အမှတ်ရစရာဖြစ်ရန်ကျွန်ုပ်မျှော်လင့်ပါသည်ဟုဖော်ပြခဲ့သည်။ ထိုလူထုတွေ့ဆုံ ပွဲတွင်ပင် ပုပ်ဖရန်စစ်က Lefebvrian နောက်လိုက်များ၊ အသင်းတော်မှ ပယ်ထုတ်ခံရမှုအားပြန်လည် ဖြေလျှော့ပေးရန်မှာ ဘုရားသခင်၏ သနားကြင်နာမှုကို တောင်းခံသည့် အာပတ်ဖြေလုပ်ဆောင်ချက်များနှင့် Lefebvrian ဆရာတော်များဦးဆောင်၍ ကက်သလစ်အသင်းတော်ဖြင့်ပြည့်ဝစွာ ပြန်လည်ပေါင်းစည်းနိုင်ရန် ပုပ်ရဟန်းမင်းကြီးနှင့် ဗာတီကန် (၂) ကောင်စီ သွန်သင်ချက်များ၊ ဩဇာအာဏာတို့ကို အမှန်တကယ် အသိအမှတ်ပြုရန်လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။ ထိုနှစ်ဖေဖဝါရီလ ၄ ရက်နေ့တွင်မူ ဗာတီကန်အုပ်ချုပ်ရေးမှူး ကာဒီနယ်ကြီးက Bishop ဆရာတော် Williamson ၏ Shoah ဆိုင်ရာ ခံယူချက်အား၊ လုံးဝလက်သင့်မခံနိုင်ပါကြောင်းနှင့် ထိုသို့ပြောကြားချက်အပေါ် နောင်တယူရန်လိုအပ်ကြောင်း၊ ထိုသို့ပြောကြားသည့် အတွက်လည်း လူသိရှင်ကြားတောင်းပန်ရန် လိုအပ်ကြောင်း၊ မဟုတ်လျှင်အသင်းတော်မှ ထုတ်ပယ်ခံရမည်ဖြစ်ကြောင်း၊ ပုပ်ဘက်နဒစ်အားအသိမပေးပဲ ကြေညာပြောကြားခဲ့သည်။

၂၀၀၉ ခုနှစ်တွင်ပုပ်ဘက်နဒစ်၏ အာဖရိကတိုက်၊ ကမ်မရွန်းခရီးစဉ်၌ သတင်းသမားတစ်ဦး၏ အင်တာဗျူးတစ်ခုတွင် အေအိုင်ဒီအက်စ် ရောဂါနှင့်ပတ်သက်၍ ဆွေးနွေးမှုသည်လည်း လူပြောများ ဆွေးနွေးစရာဖြစ်ခဲ့သည်။ သတင်းသမားက အာဖရိ

ကတိုက်တွင် အေအိုင်ဒီအက်စ် ရောဂါနှင့်ပတ်သက်၍ ကွန်ဒုံးဝေငှမှုအပေါ် သဘောထားမှတ်ချက်တောင်းခံခဲ့ရာ ပုပ်ဘက်နဒစ်က အေအိုင်ဒီအက်စ် ရောဂါနှင့်ဆက်နွယ်၍ ကွန်ဒုံးဝေခြင်းသည် ဖြေရှင်းချက်မဟုတ်ကြောင်း၊ ကွန်ဒုံးဝေသဖြင့် ထိုပြဿနာအားပိုမိုဘေးထွက်ဆိုးကျိုး ဖြစ်ပေါ်စေကြောင်းဖြေကြားခဲ့သည်။ ထိုသို့ဖြေကြားချက်နှင့် ပတ်သက်၍ အစိုးရများ၊ သိပ္ပံအဖွဲ့အစည်းများက ပုပ်ဘက်နဒစ်အား ဆန့်ကျင်ဝေဖန်ခဲ့ကြသည်။

လိင်ပိုင်းဆိုင်ရာ နီတိ Sexual Morality နှင့်ပတ်သက်၍ ဖြေကြားသည့်အခါတွင် ပုပ်ဘက်နဒစ်က မဒိန်းမှု၊ ပြည့်တန်ဆာအမှု၊ လိင်ရုပ်သံကြည့်မှု၊ အိမ်ထောင်ရေးဖောက်ပြန်မှု၊ အိမ်ထောင်မပြုပဲ လိင်ဆက်ဆံမှု၊ လိင်တူလိင်ဆက်ဆံမှု၊ လိင်အာသာဖြေမှုနှင့်သန္ဓေတားဆေးအသုံးပြုမှုတို့သည် ကက်သလစ်နီတိကို ဖောက်ပြန်သည့် လိင်ပိုင်းဆိုင်ရာအပြစ်ဖြစ်သည်ဟုပြန်လည်အတည်ပြုပြောကြားခဲ့သည်။ ပုပ်ဘက်နဒစ်က သန္ဓေတားဆေးများနှင့် သန္ဓေတားပစ္စည်းများအသုံးပြုခြင်းသည်အိမ်ထောင်ရှင်များကလေးရရန် တားမြစ်သည့်အခြေအနေဖြစ်ကာလူပုဂ္ဂိုလ်၏အစပြုမှု၊ ဖွားမြင်လာမည့်အခြေအနေအား သဘာဝမဟုတ်သည့် သိပ္ပံနည်းပညာအားလွှမ်းမိုးအသုံးချခွင့်ပြုသဖြင့် ထိုလုပ်ရပ်တို့ကို ဆန့်ကျင်ကြောင်းပြောကြားခဲ့သည်။

၂၀၁၂ ခုနှစ် တွင် Vatileaks ဗာတီကန်လျှို့ဝှက်ချက်များအား ပေါက်ကြားမှုဖြစ်ရပ်ဖြစ်ပေါ်ခဲ့သည်။ ပုပ်ရဟန်းမင်းကြီးသာဖတ်ခွင့်၊ သိခွင့်ရသည့်စာရွက်စာတမ်းများ ပေါက်ကြားကာ ထိုအချက်များအား Sua Santita (His Holiness) ဟု အမည်ရသောစာအုပ်တွင် စာရေးဆရာ Gianluigi Nuzzi က ရေးသားဖော်ပြခဲ့သည်။ ထိုသို့ပေါက်ကြားသွားသော စာရွက်စာတမ်းများတွင် ဗာတီကန်အတွင်းရှိ သြဇာပြိုင်ဆိုင်မှုများ၊ အတွင်းရေးပဋိပက္ခများ၊ ဘဏ္ဍာရေးဆိုင်ရာ စည်းဘောင်ကျော်မှုများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစွန့်ပစ်ပစ္စည်း ပြန်လည်အသုံးပြုရေး ဥပဒေအားဆန့်ကျင်သည့် သဘောထားအမြင် ကွဲပြားမှုများနှင့် ဗာတီကန်ဘဏ်ဟုလူသိများသော (IOR) Institute of Religious Works အဖွဲ့အား စီမံခန့်ခွဲမှုကိစ္စရပ်များပါဝင်သည်။

ထိုသို့အတွင်းရေး ပေါက်ကြားမှုများဖြစ်ပေါ်လာသည့်အတွက် ဗာတီကန်ရဲတပ်ဖွဲ့များသည် Paolo Gabriele ဟုသည့် ရဟန်းမင်းကြီးအိမ်တော်ထိန်းကို ဖမ်းဆီးထိန်းသိမ်းလိုက်ကာ ထိုသူ့ထံတွင်ဗာတီကန် အတွင်းရေး စာရွက်စာတမ်းများကို လက်ပူးလက်ကြပ် သိမ်းဆည်းရရှိလေသည်။ ထိုသူအား နေအိမ်အကျယ်ချုပ်ချကာ၊ သူ့အားတရားခွင်ခုံရုံးတင်စစ်ဆေးပြီး ပြစ်မှုထင်ရှားကြောင်း တွေ့ရလေသည်။ သို့သော် ပုပ်ဘက်နဒစ်သည် ထိုသူအား ခွင့်လွှတ်ပေးခဲ့ကာ ထိုသူသည်ပြစ်ဒဏ်မခံရပဲ လွတ်မြောက်ခွင့်ရရှိခဲ့သည်။

ထိုသို့အတွင်းရေး ကိစ္စပေါက်ကြားမှုတွင် Paolo Gabriele တစ်ဦးသာ အဓိကပုဂ္ဂိုလ် ဖြစ်ကြောင်း လက်မခံသဖြင့် ပုပ်ဘက်နဒစ်သည် ကာဒီနယ် သုံးဦးပါဝင်သည့် စုံစမ်းရေးကော်မရှင်အဖွဲ့ကို ဖွဲ့စည်းခဲ့ကာ ထိုအမှုခင်းအား ဆက်လက်စုံစမ်းစေသည်။ ကာဒီနယ်သုံးဦးသည် စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးနောက် ထိုအထူးအစီရင်ခံစာအား ပုပ်ဘက်နဒစ် လက်သို့အပ်နှံခဲ့လေသည်။





ထိုအမှုတွဲများ ဖြစ်ပွားပြီးနောက် တိုက်ဆိုင်စွာပင် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ပုပ်ဘက်နဒစ် (၁၆)သည် ရဟန်းမင်းကြီး အရိုက်အရာမှ အနားယူနုတ်ထွက်တော့မည်ဖြစ်ကြောင်း ကြေညာသည်။ ထိုနေ့ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင်ပုပ်ဘက်နဒစ်သည် နုတ်ထွက်ရန်ကြေညာချက်အား လက်တင်ဘာသာစကားဖြင့်စာကြောင်း (၁၁) ကြောင်း ရေးသားထားသည့် မိန့်ခွန်းစာရွက်ကို ရွတ်ဖတ်ခဲ့သည်။ ထိုနုတ်ထွက်စာ ကြေညာချက်အရ ပုပ်ဘက်နဒစ်သည် စိန့်ပီတာ၏ အသင်းတော်ဥသျှောင် အမှုတော်လုပ်ငန်းများအား ဆက်လက်ထမ်းဆောင်ရန် ခွန်အား အလွန်အမင်း လျော့နေပြီဖြစ်ကြောင်း အထူးပြုပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ် ဖေဖဝါရီလ (၁၃) ရက်နေ့ Nervi ခန်းမကြီးအတွင်း နောက်ဆုံး လူထုတွေ့ဆုံပွဲတွင် ပုပ်ဘက်နဒစ်က ဤနေ့ရက်များသည် ကျွန်ုပ်အတွက်လွယ်ကူသောနေ့ရက်များမဟုတ်ပေ။ကျွန်ုပ်တွင်ရှိသော စိတ်၊ ကိုယ်၊ ခွန်အားဖြင့် တောင်းဆိုနေသည့်အလုပ်တာဝန်များအားဆက်လက်ထမ်းဆောင်ရန်ကျွန်ုပ်သည်မတတ်နိုင်တော့ပါ။ ကျွန်ုပ်ဤသို့ နုတ်ထွက်ရခြင်းသည် ကက်သလစ်အသင်းတော်၏ ကောင်းကျိုးအတွက် လုပ်ခြင်းဖြစ်ပါသည်။ ဤသို့ နုတ်ထွက်ခြင်းသည် ကျွန်ုပ်လွတ်လပ်စွာ ဆုံးဖြတ်ကြေညာခြင်းဖြစ်ပါသည်။ သင်တို့၏ချစ်ခြင်းမေတ္တာနှင့်ဆုတောင်းပေးမှုများအတွက် အားလုံးကို ကျွန်ုပ်ကျေးဇူးတင်ပါသည်။ သင်တို့ကျွန်ုပ်၏အပေါ် ထားရှိသောချစ်ခြင်းမေတ္တာအား ကိုယ်တွေ့ကြုံတွေ့ရသကဲ့သို့ခံစားရရှိပါသည်။ ကျွန်ုပ်သည် အမိကက်သလစ်အသင်းတော်နှင့် တက်လာမည့်ရဟန်းမင်းကြီး အတွက် ဆက်လက်ဆုတောင်းပေးပါရန် သင်တို့အား အထူးပန်ကြားပါသည်။ ဘုရားသခင်သည်ကျွန်ုပ်တို့အားလမ်းညွှန်ပါလိမ့်မည်ဟု ပြောကြားခဲ့ပါသည်။

ပုပ်ဘက်နဒစ်အနေနှင့် ကက်သလစ်အသင်းတော်အတွင်း စည်းလုံးညီညွတ်မှုမရှိခြင်း၊ ကွဲပြားဆန့်ကျင်နေကြခြင်း၊ တသီးပုဂ္ဂလဝါဒထွန်းကားနေခြင်းနှင့် အချင်းချင်းရန်လိုပြိုင်ဆိုင်နေမှုအပေါ် ဝေဖန်ထောက်ပြမှုပြုခဲ့သလိုဝမ်းနည်းမိကြောင်းလည်းပြောဆိုခဲ့ပါသည်။ ပုပ်ဘက်နဒစ်သည် ကာဒီနယ်အစုအဖွဲ့ College of Cardinals အားကျေးဇူးတင်ကြောင်းနှင့်လေးစား အသိအမှတ်ပြုကြောင်း ပြောကြားခဲ့ပါသည်။ သံစုံတီးဝိုင်းအတွင်း ညီညွတ်စွာတီးခတ်သူများကဲ့သို့ ကာဒီနယ် အစုအဖွဲ့အတွင်း မတူကွဲပြားမှုများဖြင့် သဟဇာတရှိသော အစုအဖွဲ့အဖြစ်ရပ်တည်လုပ်ဆောင်ကြဖို့ ကာဒီနယ်များအား ပုပ်ဘက်နဒစ်က မှာကြားခဲ့ပါသည်။

ကက်သလစ် ဘာသာဝင်များနှင့် အတူ ဗာတီကန် စိန့်ပီတာရင်ပြင်၌ နေ့လည်အန်ဂျေလုစ်မေတ္တာအတူတကွ ရွတ်ဆိုချိန်၌ ပုပ်ဘက်နဒစ်က ဘုရားသခင်သည် ဆုတောင်းခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းများပြုလုပ်ရန်အလို့ငှာ ကျွန်ုပ်အားတောင်ပေါ်သို့ တက်လှမ်းလာရန် ဖိတ်ခေါ်နေပါသည်။ ထိုသို့ကျွန်ုပ်ပြုလုပ်မည်ဖြစ်သဖြင့် အသင်းတော်အားမျက်ကွယ်ပြုသည့် သဘောတော့ဖြင့်မဟုတ်ပေ၊ အကယ်၍ ဘုရားသခင်က ကျွန်ုပ်အတွက် ဤသို့ဆုတောင်းခြင်းအသက်တာအား အလိုတော်ရှိလျှင် ကျွန်ုပ်သည် အသင်းတော်အား ယနေ့အထိ လုပ်ဆောင်ပေးနေသကဲ့သို့ ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်

၏အသက်အရွယ်နှင့် ကျန်ရှိနေသေးသော ခွန်အားဖြင့် လုပ်ဆောင်သွားမည်ဖြစ်ပါသည် ဟုပြောကြားခဲ့ပါသည်။

၂၀၁၃ ခုနှစ်၊ ဖေဖဝါရီလ ၂၈ ရက်၊ နှုတ်ထွက်မည့်နေ့ရက်တွင်ပုပ်ဘက်နဒစ်သည် ဗာတီကန်မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာနေစဉ် ရောမတစ်မြို့လုံး၌ဘုရားကျောင်းခေါင်းလောင်းကြီးများတီးခတ်၍ နှုတ်ဆက်ခဲ့ကြပါသည်။ ည (၈) နာရီ ထိုးသည့်အချိန်တွင် ရောမမြို့ရှိ Campidoglioမျှော်စင်ကြီးမှသမိုင်းဝင်ခေါင်းလောင်းအား၊ သုံးကြိမ်တီးခတ်၍ဗာတီကန်တွင်ရဟန်းမင်းကြီးမရှိတော့ပါ။ ရဟန်းမင်းကြီး၏ထိုင်ခုံနေရာသည် လစ်လပ်သွားပါပြီ၊ Vacant ဟု အချက်ပြပါသည်။



ပုပ်ဘက်နဒစ်သည် Castel Gandolfo ဂန်ဒေ့ါဖို ရဲတိုက်ကြီးမှ ရဟတ်ယာဉ်ဖြင့် နှုတ်ဆက်ထွက်ခွာခြင်းမပြုမီ၊ သူ့အားနှုတ်ဆက်ကြသည့်လူထုအား ကျွန်ုပ်သည် ဤလောကတွင် ဆုတောင်းခြင်းဘဝအသက်တာနှင့်ကုန်ဆုံးရန် နောက်ဆုံးအချိန်အတွက် ရောက်ရှိနေပြီဖြစ်ပါသည်။ သင်တို့အားလုံးကိုဘုရားသခင် ကောင်းချီးပေးပါစေ။ ကောင်းသောညချမ်းဖြစ်ပါစေ။ ကျေးဇူးတင်ပါသည်ဟု ပြောဆိုနှုတ်ဆက်၍ ထွက်ခွာသွားခဲ့ပါသည်။

ဘာသာပြန်
Lawrence Jangma Mung Song

ကြေးစည်စာစောင်ပုံနှိပ်

ကက်သလစ်သူတော်စင်များနှုံးချုပ်
အမှတ် ၁၁၁-(က)
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။

Contacts:
Pnone: 09-794 511 950
09-400 761 158
email; kyesemyanmar@gmail.com

ကြေးစည်စာစောင်များတွင် ဘာသာရေးသတင်း၊ လှုပ်ရှားမှုနှင့်မှတ်တမ်းဓါတ်ပုံ၊ ဘုရားဖူးဆောင်းပါး၊ (သုတ၊ ရသ၊ ဓမ္မ)၊ ဆောင်းပါးနှင့်သက်သေခံဖြစ်ရပ်များ ရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖိတ်ခေါ် အပ်ပါသည်။
(မြစ်နိုင်လျှင်စာမူတွင် အမည်ရင်း၊ လိပ်စာ၊ ဖုန်းနံပါတ်များ ထည့်သွင်းပေးပါရန်မေတ္တာရပ်ခံပါသည်။)
(ကျေးဇူးတင်ပါသည်။)



# အပေး အယူ မျှပါမှ

မြေစာပင်

အချိန်က၊ ညရှစ်နာရီ။ (spiritual reading time) ဝိညာဉ်အဟာရအတွက် သမ္မာကျမ်းစာနဲ့ဘာသာရေးစာအုပ်တွေ ဖတ်ရမဲ့အချိန်ပေါ့။ သမ္မာကျမ်းစာအုပ်ကိုဖွင့်ရင်း၊ ရှင်မာတေဦး (၂၅း၂၁-၃၀) မှသူဌေးကြီးနဲ့သူ့ရဲ့ အစေခံသုံးဦးအကြောင်း ဖတ်မိတော့၊ ကျွန်တော့်အသက် ၁၂ နှစ်၊ ၁၃ နှစ် အရွယ်လောက်က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်လေးတစ်ခုကို သတိရမိတယ်။

ဗုဒ္ဓဘာသာဝင်များရဲ့ သီတင်းကျွတ်ကာလ မဟာဘုံ ကထိန်ပွဲကျင်းပတာကို ရောက်ဖူးချင်တော့ ကျွန်တော့်အမေကို ကထိန်ပွဲလိုက်သွားချင်တယ်လို့ ခွင့်တောင်းခဲ့တယ်။ အမေက ကြည်ကြည်ဖြူဖြူနဲ့ အခွင့်ပေးခဲ့ပေမဲ့ တာဝန်တစ်ခုပေးလိုက်ပါတယ်။ လူအုပ်ကြီးထဲမှာ သားရဲ့ဖိနပ်မပျောက်စေနဲ့၊ သားအိမ်ပြန်လာရင် ဖိနပ်ပါအောင် ပြန်ယူလာခဲ့တဲ့။ ဟုတ်ကဲ့ပါဆိုပြီးချိန်းထားတဲ့ သူငယ်ချင်းတွေနဲ့အတူ ကထိန်ပွဲကျင်းပတဲ့ အခြားရွာက ဘုန်းကြီးကျောင်းကိုသွားခဲ့တယ်။ ပြဿနာကအဲ့ဒီမှာစတော့တာပဲ။ ဘုန်းကြီးကျောင်းဝင်တော့ ဖိနပ်ချွတ်ရတယ်။ ဖိနပ်ကိုလက်ထဲက ကိုင်လာတာ သတိရသေးတယ်။ နောက်ပိုင်းလူတွေကများလာ၊ အသံချဲ့စက်သံတွေကြောင့် ကတဲ့သူတွေကလည်းများလာတော့ သူတို့တွေကို လိုက်ကြည့်ရင်း ကျွန်တော့်ဖိနပ်ကို သတိမထားမိတော့ဘူး။ ပွဲပြီးလို့ ဘုန်းကြီးကျောင်းထဲက ပြန်ထွက်မှ ဖိနပ်တစ်ဖက်ပျောက်တာ သတိရမိတော့တယ်။ ဒါနဲ့ အိမ်ပြန်ရောက်တော့ အမေက အခွင့်အရေးသာယူတတ်ပြီး၊ တာဝန်မသိတဲ့ ကျွန်တော့်ကို ကြိမ်လုံးနဲ့ဆုံးမခဲ့သလို၊ နောက်ထပ်ပွဲတွေသွားဖို့လည်း ခွင့်မပြုတော့ဘူး။ ဒါဟာ ကျွန်တော်ငယ်ငယ်ကဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်လေး တစ်ခုပါ။ ဒီအဖြစ်အပျက်လေးကို အထက်ကဖော်ပြခဲ့တဲ့ ကျမ်းပိုဒ်လေးနဲ့ နှိုင်းယှဉ်ကြည့်မိတယ်။

ကျွန်တော့်အမေဆီမှာ ကျွန်တော်အခွင့်တောင်းတော့ အမေကအခွင့်အရေးပေးလိုက်သလို၊ တာဝန်လည်းပေးလိုက်ပါတယ်။ ကျွန်တော်ဟာ ခွင့်အရေးသာယူပြီး တာဝန်မကျေတော့ အမေက ကျွန်တော့်ကိုဆုံးမတယ်။ ဒီလိုပဲ ဘုရားရဲ့ကျေးဇူးတော်ကြောင့် ကျွန်တော်ဟာ ကက်သလစ်ခရစ်ယာန် မိသားစုကနေ မွေးဖွားလာခဲ့တယ်။ ဆေးကြောခြင်း စက္ကရမင်တူးခံပြီးတဲ့နောက် ဘုရားသခင်ရဲ့သားဖြစ်ခွင့်ရခဲ့တယ်။ ဒါဆိုတာဝန်တွေကဘာလဲ။ ကောင်းတဲ့ကက်သလစ်ခရစ်ယာန် တစ်ယောက်ဖြစ်ဖို့ ကျွန်တော်ကြိုးစားရမယ်။ မနက်မေတ္တာ၊ ညမေတ္တာပုံမှန်ဆိုရမယ်။ ဘုရားရှင်ရဲ့နှုတ်တော်ထွက်စကားဖြစ်တဲ့ သမ္မာကျမ်းစာကို ပုံမှန်ဖတ်ရမယ်။ ဘုရားကျောင်း တက်ရမယ်။ အသင်းတော်ရဲ့ သွန်သင်ချက်တွေကို လိုက်နာရမယ်။ စသည်ဖြင့် ကက်သလစ်ခရစ်ယာန်တစ်ယောက် ပြုရမဲ့ တာဝန်ဝတ္တရားတွေ၊ ကျင့်စဉ်တွေကို လိုက်နာကျင့်ဆောက်တည်ဖို့ဖြစ်တယ်။ ဒီအရာတွေကို ကျွန်တော်

တကယ်ပဲ ပြုကျင့်နေသလား ပြန်စဉ်းစားမိတယ်။ ဘုရားဆီမှာ ကျွန်တော် ကျေးဇူးတော်တွေ တောင်းတယ်။ ကိုယ်လိုချင်တဲ့အရာတွေ တောင်းတယ်။ ဘုရားသခင်ကလည်းပေးတယ်။ ဘုရားပေးထားတဲ့ ဆုလက်ဆောင်တွေရဲ့တန်ဖိုးနဲ့ညီမျှတဲ့ဘုရားစကား၊ တရားစကားတွေကို ကျွန်တော် လိုက်နာကျင့်ကြံနေသလား စဉ်းစားမိတယ်။ ဘုရားကတော့ ကျေးဇူးတော်တွေပေးနေတယ်။ ထိုကျေးဇူးတွေကို ကျွန်တော် ဘယ်လိုလက်ခံတယ်၊ ပြီးတော့ ကျွန်တော် ဘယ်လို အသုံးချတယ်၊ တိုးပွားအောင် ကြိုးစားနေသလဲ စသည်ဖြင့် ကိုယ့်ကိုယ်ကို ပြန်ပြီးစဉ်းစားသုံးသပ်မိတယ်။ ဒီလိုမှ မဟုတ်ရင်တော့ ဆောင်းပါးအစမှာ ဖော်ပြခဲ့တဲ့ ကျမ်းပိုဒ်လိုပေါ့။ ရှိသောသူကို ထပ်မံ၍ပေးသနားဦးမည်။ မရှိတဲ့သူထံမှ သူ၌ရှိသမျှကို ပြန်လည်နှုတ်ယူသွားဦးမည်၊ ဆိုတဲ့အတိုင်း ရရှိခံစားနေရတဲ့ ကျေးဇူးတော်တွေကို ရေတွက်ရင်း နောက်ထပ်ကျေးဇူးတော်တွေထပ်မံရရှိဖို့ကျွန်တော် ကြိုးစားသွားရမည်။

**မြေစာပင်**



# တန်ဖိုးရှိသော ဖန်ဆင်းခံ လူသား

Sr. Mary (MIRS)

လူသည် ဖန်းဆင်းခံသတ္တဝါတွင်တစ်ခုအပါအဝင်ဖြစ်သည်။ ၎င်းသည်အခြားသော သက်ရှိများနည်းတူ ကိုယ်အင်္ဂါအစိတ်အပိုင်းများဖြင့်တည်ဆောက်ထားသည်။ သို့သော်အသိပညာ၊ ဆင်ခြင်ဉာဏ်နှင့် ခံစားချက်ရှိခြင်းတို့သည် လူအားအခြားသောဖန်းဆင်းခံအရာများထက်ပို၍ မြင့်မြတ်စေပါသည်။ ထို့အပြင် လူသည်ဝိညာဉ်နှင့်ခန္ဓာကိုယ် နှစ်ခုလုံးကိုတစ်ပြိုင်တည်း ပိုင်ဆိုင်ထားသော သတ္တဝါဖြစ်သည်။ လူသည် ဖန်ဆင်းခြင်း လောကတွင် အထွတ်အထိပ် ဖြစ်ရခြင်းမှာ ဘုရားသခင်သည် မိမိ၏ရွှေပုံသဏ္ဌာန်နှင့်အညီ လူကိုဖန်ဆင်းထားသောကြောင့်ဖြစ်သည်။ (CCC -343)(ကမ္ဘာ ၁ း ၂၇) ထို့အပြင်မြင်နိုင်သောဖန်ဆင်းခံများအနက်လူသားသာလျှင်ဖန်ဆင်းရှင်ကိုသိပြီး ချစ်တတ်သောသူဖြစ်သည်။ (Vatican II, GS 12,3)

ဘုရားသခင်သည် လူသားများအတွက် ကောင်းသော အရာများကိုသာ ပေးခဲ့သည်။ ဘုရားသခင်သည် ဖန်ဆင်းခြင်းအပြီးတွင် သူဖန်ဆင်းထားသောအရာများသည်ကောင်းမြတ်ကြောင်းကြွေးကြော်ခဲ့သည်။ (ကမ္ဘာဦး ၁ း ၃၁) - သင်တို့သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြ၍ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့၌ စံပယ်တော်မူသည်ကို သင်တို့မသိကြသလော။ တစ်စုံတစ်ဦးသည်ဘုရားသခင်၏ ဗိမာန်တော်ကိုဖျက်ဆီးလျှင် ဘုရားသခင်သည် ထို



သူကို ဖျက်ဆီးတော်မူလိမ့်မည်။ အကြောင်းမူကား ဘုရားသခင်၏ ဗိမာန်တော်သည် သန့်ရှင်းမွန်မြတ်၏။ ထိုဗိမာန်တော်သည်ကား သင်တို့ပင်ဖြစ်သတည်း။ (ကောရိန်သု ၃း ၁၆-၁၇) ဤအကြောင်းကြောင့်လူသည် သူ၏ခန္ဓာကိုယ်အား ရှုံ့ရှာမုန်းတီးခြင်းမဖြစ်သင့်ပေ။ တန်ဖိုးထားသင့်သည်။ ထို့အပြင် လူ၏ ခန္ဓာကိုယ်အား ဘုရားသခင်ဖန်ဆင်းခဲ့၍ နောက်ဆုံးသောနေ့တွင်ပြန်လည် ရှင်ပြန်ထမြောက်စေမည်ဖြစ်သည်။

သို့သော် ယနေ့ခေတ်တွင် ကျွန်ုပ်တို့လူသားများသည် မိမိတို့၏ကိုယ်ခန္ဓာကို တန်ဖိုးထားမှုနည်းပါးလာသည်ကိုတွေ့ရပါသည်။ အဘယ်ကြောင့် ဆိုသော် ခေတ်မီတိုးတက်လာသည်နှင့်အမျှ မိမိတွင်ရှိသော၊ ဘုရားပေးသော၊ လှပမှု၊ ကောင်းမြတ်မှုများဖြင့်ကျေနပ်အားရမှုမရှိဘဲမိမိတို့ ကိုယ်ခန္ဓာကိုခွဲစိတ်ပြုပြင်မှုများ၊ ပြောင်းလဲမှုများတွေ့မြင်ကြားသိရပါသည်။ ထို့အပြင်မိမိတို့ကိုယ်ခန္ဓာ အတွင်းပိုင်းများကိုလည်းထိခိုက်စေသောအရက်သေစာ၊ မူးယစ်ဆေးဝါးများ၊ ခေတ်မီဆေးဝါးများဖြင့်ဖျက်ဆီးနေကြသည်ကိုကြည့်ခြင်းဖြင့်ဘုရားသခင်၏ ပြောင်မြောက်လှသောလက်ရာတော်များကိုဖျက်ဆီးနေခြင်းဖြစ်ကြောင်းထောက်ရှုမိပါသည်။

ဝိညာဉ်ဟူသည် တစ်ဦးတစ်ယောက်၏မိဘများထံမှလာသည်မဟုတ်။ ဘုရားသခင်သည် လူကိုဖန်ဆင်းတော်မူစဉ်တွင် ဝိညာဉ်တော်ကိုမှုတ်သွင်းပေးထားပါသည်။ သေချိန်တွင် ကိုယ်ခန္ဓာနှင့် ခွဲခွာသောအခါ ယင်းသည်ပျက်စီးခြင်းမရှိဘဲ နောက်ဆုံးရှင်ပြန်ထမြောက်ခြင်းတွင်ခန္ဓာကိုယ်နှင့်ဝိညာဉ်သည်တဖန်ပေါင်းစပ်လိမ့်မည်။ (CCC 366 – 368 / 382) ဝိညာဉ်ဆိုတာ တစ်ဦးတယောက်ကိုလူပုဂ္ဂိုလ်ဖြစ်စေတဲ့အရာကိုခေါ်ပါသည်။ ရုပ်ခန္ဓာ ကိုရှင်သန်သောလူသားခန္ဓာဖြစ်စေခြင်းသည်လည်း ဝိညာဉ်ဖြစ်ပါသည်။ ဝိညာဉ်ကြောင့် လူဟာ“ ကျွန်ုပ် ”ဟုပြောနိုင်သော သတ္တဝါတစ်မျိုးတည်း ဖြစ်ပါသည်။ အချို့က လူ၏ ခန္ဓာကိုယ်တစ်ခုသည် ဝိညာဉ်တစ်ခုအတွက် တစ်ခဏတာခိုလှုံရာနေရာအဖြစ်ယုံကြည်ကြသည်။ လူ၏ဝိညာဉ်ရေးကိုငြင်းဆန်၍ လူကိုရုပ်ဝတ္ထုတစ်ခုအနေအဖြစ်သာ လက်ခံထားကြသည်။ လူကို ကုန်ပစ္စည်းသဖွယ် ရောင်းကြ ဝယ်ကြသည်။ အဆင့်အတန်းခွဲခြားဆက်ဆံကြသည်။ သနားကြင်နာမဲ့ သတ်ဖြတ်နေကြသည်။ လူသည် သန္ဓေတည်စကပင် လူ့ဂုဏ်သိက္ခာနှင့်အညီ အသက်ရှင်သန်ခွင့်ရှိလျက်နှင့် လျစ်လျူရှုခြင်းခံနေရကြောင်းတွေ့ရသည်။ထို့ကြောင့် လူ၏ကိုယ်ခန္ဓာအားအပုတ်ကောင်၊ မကောင်းသောအရာအဖြစ် ရှုမြင်ခြင်းသည် စစ်မှန်သောတရားသဘောမဖြစ်နိုင်ပေ။ မိမိ၏ကိုယ်ခန္ဓာအားကောင်းမြတ်ကြောင်းကို လက်ခံလေးစား တန်ဖိုးထားပြီး ဘုရားသခင်၏နိုင်ငံတော်အတွက်ဝိညာဉ်ကယ်တင်ခြင်းအတွက်အသုံးပြုသင့်ပါသည်။

Reference; 1. Catechism of the Catholic Church

*၂။ လူငယ်များအတွက်ဘုရားစကား (မြန်မာ)*

*၃။ နောက်ဆုံးနှစ်ကိုရင်များချန်ထားခဲ့သော ခြေရာလက်ရာများ – အမှတ်စဉ် (၁၄)*

Sr. Mary (MIRS)

# ချည်နှောင်ခံရခြင်းမှ လွတ်မြောက်ရန်ထွက်ခဲ့ပါ



**ဗိသုတ်ဖော်** (SFX)

ဘုရားသခင်၏နိုင်ငံတော်နှင့် ဤလောကီနိုင်ငံတို့အကြား အဓိကကွာခြားချက်မှာ ဤလောကီနိုင်ငံတော်သည် ကျွန်ခံခြင်း၌အခြေပြုတည်ဆောက်ထားပြီး ဘုရားသခင်နိုင်ငံတော်သည် လွတ်မြောက်ခြင်း၌အခြေခံသည်။ သခင်ဘုရားသည် လူသားများလွတ်ခြင်းအခွင့်ရရန် ဤလောကသို့ကြွလာခဲ့သည်။ စာတန်ပြုလုပ်သမျှသည် လူသားများအပေါ်၌ရှိသော ချည်နှောင်ခြင်းထမ်းဘိုးကို သာ၍ကြီးမားစေရန်ဖြစ်ပြီး သခင်ဘုရားပြုလုပ်သမျှ အားလုံးသည် လူသားများလွတ်မြောက်စေရန် ရည်ရွယ်သည်။ နောက်ဆုံးသောကာလ၌ လူသားများ၏ပြုမူလုပ်ရှားမှုများသည် ဤနှစ်နိုင်ငံအကြား ကွာခြားချက်အားသာ၍ သိသာထင်ရှားလာစေသည်။ ဘုရားသခင်၏နိုင်ငံတော်၌ နေထိုင်နိုင်ရန်အတွက် လွတ်မြောက်ခြင်းအား မည်ကဲ့သို့ရယူမည်နည်း။ ဤမေးခွန်းသည် ယုံကြည်သူတိုင်းအတွက်ဖြစ်သည်။ ကျွန်ုပ်တို့အသက်တာကို ဘုရားသခင်၏နိုင်ငံတော်၌ ခိုင်မာစွာတည်ဆောက်ပြီးသည်နှင့် တပြိုင်နက်၊ ရန်သူ၏ခံတပ်များကိုဖြိုခွင်းရန်နှင့် သူ၏သုံ့ပန်းများအား လွတ်မြောက်စေရန်ရှာကြံရမည်။ ကျွန်ုပ်တို့တိုက်ပွဲ ဆင်နွှဲနေရခြင်း၏ အကြောင်းရင်းမှာ ကျွန်ခံခြင်းနှင့် လွတ်မြောက်ခြင်းကြောင့်ဖြစ်သည်ကို အမြဲသိထားရမည်။ သင်သည်သခင်ယေရှုခရစ်တော်နှင့် သက်ဆိုင်လျှင် လွတ်မြောက်ခြင်းရရန် အမြဲအတွက်ခေါ်ယူခံရသူဖြစ်သည်။ ခရစ်တော်သည် ငါတို့ကိုလွတ်တော်မူသော လွတ်ခြင်းအခွင့်၌တည်နေသဖြင့် ကျွန်ခံရာထမ်းဘိုးကိုထမ်း၍ ချည်နှောင်ခြင်းကို တဖန်မခံကြနှင့်။ (ဂလာတိ ၅ း ၁)

သခင်ဘုရားသည် သူ၏အသွေးတော်ဖြင့် ကျွန်ုပ်တို့အား ရွေးနုတ်ဝယ်ယူခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရင်တကာတို့၏ ဘုရင်နှင့်သက်ဆိုင်သည်။ သခင်ဘုရားသည် ကျွန်ုပ်တို့အားဘုရားသခင်၏ အမွေခံသားများဖြစ်လာ၍ သူနှင့်တူစေရန် ကျွန်ုတို့အားရွေးနုတ်ခေါ်ယူခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်အား ကိုယ်စားပြုသည့်သံတမန်များဖြစ်၍ အမြင့်ဆုံးသောဘုရားသခင်၏ မိသားစုဝင်တစ်ဦးကဲ့သို့လည်းကောင်း၊ အမြင့်မြတ်ဆုံးသော တန်ခိုးအာဏာရှိသည့် တော်ဝင်ဘုရင်မင်းမြတ်အဖွဲ့ တစ်ဦးကဲ့သို့လည်းကောင်း အသက်ရှင်ရှောက်လှမ်းရမည်။ ဤကဲ့သို့ အသက်ရှင်နိုင်ရန်အတွက် ယနေ့ဆိုးဝါးလှသော ဤလောက၏ထမ်းဘိုးများအောက်မှ လွတ်မြောက်ရန်လိုအပ်ပြီး ဘုရားသခင်၏ ထမ်းဘိုးတစ်ခုတည်းကိုသာထမ်းဆောင်ရမည်။ " ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့ငါ့ထံသို့လာကြလော့။ ငါသည်ချမ်းသာပေးမည်။ ငါ့ထမ်းဘိုးကိုတင်၍ထမ်းကြလော့။ ငါ့ထံနည်းခံကြလော့။ ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ်သဘောရှိ၏။ သင်တို့၏စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။ အကြောင်းမူကား ငါ့ထမ်းဘိုးသည်ထမ်းလွယ်၏။ ငါ့ဝန်လည်းပေါ့၏။" (မာတေဦး ၁၁း ၂၈-၃၀) ထမ်းဘိုးသည် ချည်နှောင်ခြင်းကို ကိုယ်စားပြုသည်။

စာမျက်နှာ ၄၀ သို့ >




ကျနော်ကြားဖူးတာ လေးတစ်ခုရှိပါတယ်။ ဘုရားသခင်က လူတစ်ယောက်ကို တိုင်းတာဆုံးဖြတ်တယ်ဆိုရင်တဲ့ ဦးနှောက်ထက် နှလုံးသားကို ပေကြိုးတိုင်းလေ့ရှိတယ်ဆိုတဲ့ အဆိုလေးတစ်ခုပါ။ နှလုံးသားဆိုတာ လူရဲ့ ဝိညာဉ်၊ ခန္ဓာ၊ ဦးနှောက်၊ အားလုံးထဲမှာ အရေးကြီးဆုံးနဲ့ အမွန်မြတ်ဆုံး အရာတစ်ခုဖြစ်ပါတယ်။ နှလုံးသားဆိုတာခံစားတတ်တဲ့ နူးညံ့သိမ်မွေ့သော အစိတ်ပိုင်း သက်သက်တစ်ခုပဲမဟုတ်ပါဘူး။ နှလုံးသားနဲ့ ဆုံးဖြတ်ရတာတွေ၊ နှလုံးသားနဲ့ ရှာဖွေရတာတွေ လောက ကြီးမှာ အများကြီးရှိပါတယ်။

မာကုဒဿန ရေးသားပြုစုထားတဲ့ စာအုပ် တစ်အုပ်ရှိပါတယ်။ နှလုံးသားစေရာသို့သာတဲ့။ ကိုယ့်နှလုံးသားရဲ့ စေရာအတိုင်း လိုက်လျှောက်မှသာ စစ်မှန်တဲ့ ဘဝပျော်ရွှင်မှုကို ရရှိနိုင်မှာ ဖြစ်ပါတယ်။ တစ်ခါတစ်လေမှာ ကိုယ့်နှလုံးသားက စကားပြောတယ်။ စေခိုင်းတယ်။ ကိုယ့်ဘဝ ဖြစ်တည်ခြင်း၊ ကိုယ့်ဘဝရဲ့ အဓိပ္ပါယ်တွေကိုလည်း ဦးနှောက်နဲ့ရှာဖွေတာထက် နှလုံးသားနဲ့ ရှာဖွေတဲ့အခါမှာ အမှန်တရားကိုပိုပြီး ရှာတွေ့နိုင်ပါတယ်။ ဒါကြောင့် နှလုံးသားဆိုတာကျနော်တို့လူ့ဘဝနက်နဲရာတွေရဲ့ သင်္ကေတတစ်ခုလည်း ဖြစ်လာပါတယ်။ အဲ့ဒီတော့ နှလုံးသားကို ပုံအပ်ပေးတယ်လို့ပြောရင် ဘဝတစ်ခုလုံးကိုပါ ဝကွက်အပ်လိုက်တာနဲ့အတူတူပါပဲ။ ဒီထဲမှာ အိမ်ထောင်သည်တွေ အများကြီးရှိမှာပါ။ မချစ်ဘဲနဲ့ဘဝကို ပုံအပ်ရဲတဲ့သူရှိကြလား။ ချစ်လို့ပဲ ကိုယ့်ဘဝ၊ သူ့ဘဝ နှစ်ခုပေါင်းစပ်ကြတာပဲလေ။ မေတ္တာတရားသင်္ကေတ လည်းဖြစ်တယ်။ လူ့သားဘဝတစ်ခုလုံးရဲ့ အမှတ်အသားတစ်ခုလည်း ဖြစ်တာဟာနှလုံးသားပါ။

ဒီလိုဇွန်လမှာ ကျနော်တို့ နှလုံးသားတစ်ခုကို ဂုဏ်ပြုနေကြပါတယ်။ ရိုးရိုးနှလုံးသားမဟုတ်ပါဘူး။ ရွှေရောင်နှလုံးသား၊ မွန်မြတ်သောနှလုံးသားဖြစ်တဲ့ယေဇူးရွှေနှလုံးတော်ပွဲကို သဒ္ဓါကြည်ညိုစွာနဲ့ကျင်းပကြပါတယ်။ ဒီပွဲဟာ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာတော်၊ သနားကရုဏာတော်ကို အစွမ်းကုန်ဖော်ပြပေးလိုက်တဲ့ ပွဲတစ်ခုဖြစ်ပါတယ်။ ဘုရားသခင်က ချစ်လို့ သခင်ယေဇူးအားဖြင့် သူ့ရဲ့နှလုံးတော်ကို သံလျက်ထိုးဖောက်ခံပြီး သူ့ကိုသူလုံးဝအပ်နှံပေးဆပ်ခဲ့ပါတယ်။ နှလုံးတော်ကနေ သွေးနဲ့ရေဟာ စီးကျလာပြီး၊ လောက ကယ်တင်ခြင်းအတွက် အမွန်မြတ်ဆုံးပူဇော်ပေးလိုက်ပါတယ်။ သခင်ယေဇူးရဲ့ နှလုံးတော်ဟာ ဒဏ်ရာတွေရခဲ့တယ်။ အဲ့ဒီဒဏ်ရာတွေ ကြားကနေ ကိုယ်ကျိုးစွန့် အပူဇော်ခံတဲ့ ချစ်ခြင်းမေတ္တာတွေလည်း စီးဆင်းခဲ့ပါတယ်။

သခင်ယေဇူးက လက်ဝါးကားတိုင်ပေါ်မှာ အသေခံအသက်စွန့်တော်မူတဲ့အချိန်ဟာ ပါစကားပွဲကျင်းပဖို့ အစပြုနေချိန်ဖြစ်ပါတယ်။ ဂျူးလူမျိုးတွေကသူတို့ရဲ့ အရေးကြီးဆုံးဘာသာရေးပွဲတော်တစ်ခုအတွက် ပါစကားသိုးကိုသတ်ပြီး ကျင်းပဖို့ ပြင်ဆင်နေချိန်မှာ ခရစ်တော်က တံကျင်ထက်ကားစင်တင်ခံရတယ်။ ဂျူးလူမျိုးတွေက ပါစကားပွဲအတွက် သိုးသတ်ဖို့ပြင်နေချိန် လောကအပြစ်ကိုကယ်ချွတ်ဖို့ ဘုရားရဲ့သိုးငယ်တော်က ကားစင်ပေါ်မှာ အသွေးသွန်း ခံလိုက်ရပါပြီ။ လူတွေရဲ့ ကယ်တင်ခြင်းအတွက် နှလုံးတော်ကနေ စီးကျလာတဲ့ သွေးကိုပူဇော်ပေးခဲ့ပါတယ်။ သခင်ခရစ်တော်ဟာ သူ့ရဲ့နှလုံးတော်နဲ့ သူ့ရဲ့အချစ်၊ သူ့ရဲ့ဘုရားအဖြစ်ကို ဖော်ပြပေးလိုက်ပါတယ်။

ပရောဖက် မာလခိကနေတဆင့် ဘုရားရှင်ကသူ့ရဲ့ ပဋိညာဉ်တမန်တော်ကိုစေလွှတ်မယ်ဆိုပြီးမိန့်ခဲ့ဖူးပါတယ်။ သူဟာ ငွေသားကို စစ်သောသူ၏ မီးကဲ့သို့လည်းကောင်း၊

ခဝါသည်သုံးသော ဆပ်ပြာကဲ့သို့လည်းကောင်း လာလိမ့်မယ်လို့ မိန့်တော်မူပါတယ်။ ငွေစစ်သော သူရဲ့မီး၊ ခဝါသည်သုံးသောဆပ်ပြာတို့ ဆိုတာဟာ ဘုရားသခင်က ကျနော်တို့ကို မသန့်ရှင်းစေတဲ့အရာတွေကနေ သန့်ရှင်းပြုလုပ်ခြင်းလို့ အဓိပ္ပါယ်ဆောင်ပါတယ်။ သခင်ခရစ်တော်ရဲ့ ကားစင်ပေါ် အသေခံအသက်စွန့်ခြင်း၊ သွေးရဲ့အသွေးတော်အားဖြင့်ကျနော်တို့အားလုံးဟာ အပြစ်ကနေ သန့်စင်ခြင်းခံရပါတယ်။ လူတွေအပြစ်ကနေသန့်စင်စေဖို့ ဘုရားသခင်ဟာ သူ့နှလုံးသားကို ထိုးဖောက်ခံပြီး သွေးနဲ့ ဆေးကြော ပေးခဲ့ပါတယ်။ သခင်ယေရှုရဲ့ နံဘေးတော်ကနေ သွေးနဲ့ရေဟာ စီးလာတယ်။ သွေးနဲ့ရေအားဖြင့် ကျနော်တို့ဟာ သန့်စင်ခြင်းခံရတယ်။ သန့်ရှင်းစင်ကြယ်ဖို့ ရေချိုးကြရတယ်။ အဝတ်တွေလျှော်၊ ပန်းကန်တွေဆေး၊ နေ့စဉ်နဲ့မျှ ဆေးကြောလျှော်ဖွတ်ဖို့အတွက် ရေကိုသုံးကိုသုံးရပါတယ်။ ဆေးကြောခြင်း ခံတဲ့အခါမှာရေအားဖြင့် အပြစ်မှ သန့်စင်ခြင်းခံရတယ်။ ကိုယ်တော်မြတ် စက္ကရမင်တူးဖြစ်တဲ့ အသားတော်နဲ့အသွေးတော်ကိုပင့်ယူတဲ့ အခါတိုင်းလည်း ကျနော်တို့၏ ဝိညာဉ်ဟာ အပြစ်ကနေ သန့်စင်ခြင်းခံရပါတယ်။ အဲ့ဒီတော့ သခင်ခရစ်တော်ရဲ့ နှလုံးတော်ကစီးကျလာတဲ့သွေးနဲ့ရေဟာ ကျနော်တို့ ဝိညာဉ်သန့်စင်ရေး အတွက်မရှိမဖြစ် လိုအပ်တဲ့အရာတစ်ခု ဖြစ်ပါတယ်။

ဟီဘရူးမြို့သားတို့ထံရေးတဲ့ ရှင်ပေါလုရဲ့ ဆုံးမစာမှာလည်း သခင်ခရစ်တော်ရဲ့ မိမိကိုယ်ကို ပူဇော်ခြင်း အကြောင်းကို တွေ့ရတယ်။ သခင်ခရစ်တော်ကသူ့ရဲ့ သေခြင်းအားဖြင့် အပြစ်နဲ့သေခြင်းကိုဖျက်စီးပြီး ဘုရားသခင်၌ အသက်သစ်ကိုရရှိစေပါတယ်။ ဟုတ်ပါတယ်။ အသက်သစ်ဆိုတာဟာကားတိုင်ပေါ်ကခရစ်တော်ရဲ့ ပူဇော်ခြင်းကနေ ဖြစ်ပေါ်လာတဲ့ အသီးအပွင့်တစ်ခုပဲဖြစ်ပါတယ်။ ဒီအသက်သစ်ကို သခင်ယေရှုရဲ့ရွှေနှလုံးတော်မှ စီးကျလာတဲ့ သွေးနဲ့ရေကနေ ခံစားရရှိကြပါတယ်။ သခင်ယေရှုရဲ့ နှလုံးတော်အားဖြင့် သန့်စင်ခြင်းခံကြရသလို အသက်သစ်ကိုလည်း ပိုင်ဆိုင်ကြရတယ်။ ကယ်တင်ခြင်းချမ်းသာကို ရရှိကြခြင်းပါတယ်။

နှလုံးတော်ကနေ ကျနော်တို့ အတွက် ဘုရားရှင်ရဲ့ မေတ္တာစမ်းရေတွေစီးဆင်းနေပါတယ်။ ကဗျာတွေ စာတွေထဲမှာ မကြာခဏကြားဖူးပါတယ်။ နှလုံးသားချင်း စကားပြောတာတို့၊ နှလုံးသားရဲ့ ဘာသာစကားကို နှလုံးသားကပဲ ဘာသာပြန်တတ်တယ်ဆိုတာတို့ ကြားဖူးပါတယ်။ နှလုံးသားကပြောတဲ့ သတင်းစကားကို နှလုံးသားနဲ့ပဲ ကြားနိုင်ပါတယ်။ ဘုရားသခင်က သူ့ရဲ့နှလုံးသားကနေ သူ့ရဲ့အနှိုင်းမဲ့ မေတ္တာတော်အကြောင်းကို ပြောပြနေပါတယ်။ ဒါကို ကျနော်တို့ကလည်း နှလုံးသားနဲ့ ခံယူဖို့လိုပါတယ်။ ဒါကြောင့် ခရစ်တော်ရဲ့ နှလုံးသားက ကျနော်တို့ရဲ့ နှလုံးသားတွေကို ထိတွေ့ဖို့၊ ပြောင်းလဲဖို့၊ စကားပြောဖို့အတွက်အခွင့်ပေးလိုက်ပါ။ နှလုံးသားကနှလုံးသားကိုစကားပြောပါစေ။ နှလုံးသားကနှလုံးသားကို ပြောင်းလဲပေးပါစေ။ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ကျနော်တို့ရဲ့ နှလုံးသားတွေ၊ ဘဝတွေဟာ ပြောင်းလဲမှုမရှိဘူးဆိုရင်တော့ ရွှေနှလုံးတော်မှာ သဒ္ဓါကြည်ညိုခြင်းရှိနေကြတာဟာ အပေါ်ယံ သက်သက်ပဲဖြစ်နေမှာပါ။ ခရစ်တော်ရဲ့ နှလုံးတော်က ချစ်တတ်သလို၊ ကြင်နာတတ်သလို၊ ခွင့်လွှတ်တတ်သလိုပဲ ကျနော်တို့ နှလုံးသားတွေ ကလည်း ချစ်ခင်၊ ကြင်နာခွင့်လွှတ်တတ်ဖို့လိုပါတယ်။

ဖေဖော်ဝါရီလ (၁၄) ရက်နေ့ကို ချစ်သူများနေ့အဖြစ် တကမ္ဘာလုံးက ကျင်းပကြပါတယ်။ ချစ်တဲ့သူများနေ့ပေါ့။ ယေရှုရွှေနှလုံးတော် ပွဲနေ့ကလည်း ကျနော်တို့အတွက် ချစ်သူများနေ့ပါပဲ။ ကက်သလစ်ဗာလင်တိုင်းဒေးဖြစ်ပါတယ်။ ယေရှုရွှေနှလုံးတော်ပွဲနေ့ဟာကျနော်တို့အတွက်တော့ ချစ်သူများနေ့ပါပဲ။ ချစ်သူများနေ့ဆိုတဲ့စကားဟာ အများကိန်းဖြစ်ပါတယ်။ ချစ်သူနေ့မဟုတ်ဘူး။ ချစ်သူများနေ့ဟာ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြတဲ့နေ့။ ဘုရားကပဲ ချစ်နေရင်တော့ ဒီနေ့ဟာ ချစ်သူများနေ့လို့ မခေါ်နိုင်



သေးပါဘူး။ အချစ်ဆိုတာ အသွားအပြန်ရှိတယ် ဆိုသလိုပေါ့။ ချစ်တုန့်ပြန်ဖို့လည်း လိုအပ်ပါသေးတယ်။ ဘုရားသခင်အတွက်တော့ မချစ်ရင်မနေနိုင်တာကလွဲလို့ ဆိုတဲ့သီချင်းလိုပဲ မချစ်ဘဲကိုမနေနိုင်ပါဘူး။ သူကိုယ်တိုင်က ချစ်ခြင်းမေတ္တာဖြစ်နေတဲ့အတွက်ကြောင့် မချစ်တတ်ရင်ဘုရားမဟုတ်ပါဘူး။ လူတွေကိုအမြဲတမ်းချစ်နေပါတယ်။ အမြဲတမ်းနှလုံးသားကနေစကားပြောနေပါတယ်။ ကျနော်တို့ဖက်ကလည်း ချစ်တုန့်ပြန်ပြီးအဖြေပေးမှသာ ဒီနေ့ဟာ ကျနော်တို့အတွက် Valentine Day ဖြစ်မှာပါ။ လူသားတွေရဲ့ Valentine Day ကို တစ်နှစ်မှာတစ်ခါပဲကျင်းပကြပေမဲ့ ဘုရားသခင်ကတော့ နေ့စဉ်နေ့တိုင်း Valentine Day ကို ကျင်းပဖို့ဖိတ်ခေါ်နေပါတယ်။ တကယ်တော့ကျနော်တို့ ခရစ်ယာန်အသက်တာဆိုတာ ဘုရားသခင်ရဲ့မေတ္တာတော်နဲ့ သန့်စင်ကယ်ချွတ်ခြင်းခံရတာမို့ ဘုရားရှင်နဲ့မိမိနီးစပ်သူအယောက်စီတိုင်းကို ချစ်ခင်နိုင်ဖို့ကြိုးစားလျှောက်လှမ်းကြရတဲ့ဘဝပါ။ ဘုရားကိုချစ်မယ်။ နီးစပ်သူ အချင်းချင်းလည်း ချစ်ကြမယ်ဆိုရင်၊ ကျနော်တို့ရဲ့ နေ့ရက်တိုင်းက Valentine Day တွေပဲဖြစ်နေတော့မှာပါ။ နေ့စဉ်နေ့တိုင်း Valentine Day ကို ကျင်းပနိုင်ကြပါစေ။

**သီကိုရှင်း**

< စာမျက်နှာ ၃၇ မှ

## ချည်နှောင်ခံရခြင်းမှ လွတ်မြောက်ရန်ထွက်ခဲ့ပါ

စိတ်ဓါတ်ကျ မောပန်းနွမ်းလျသည့်အခါ လူအများကထမ်းလေ့ရှိသော ထမ်းဘိုးမျိုးရှိသည်။ ထိုထမ်းဘိုးများသည် များသောအားဖြင့် လွတ်မြောက်ခြင်းပုံသဏ္ဍာန်ကို ဆောင်သော်လည်း အဆုံး၌ကား အလွန်ဆိုးဝါးလှသောပြဿနာ ဝန်ထုပ်ဝန်ပိုးများသာဖြစ်သည်။ သခင်ဘုရား၏ထမ်းဘိုး ဟူမူကား အစ ပထမ၌ချည်နှောင်ခြင်းဟု ထင်ရသော်လည်း၊ တကယ်တမ်းတွင်မူ ကျွန်ုပ်တို့အတွက် မဟာလွတ်မြောက်မှု အစစ်အမှန်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် တစုံတစ်ဦး၏ထမ်းဘိုးကို ထမ်းနေကြရခြင်းဖြစ်သည်။ ဆိုးဝါးလှသော ဤလောက၏ ထမ်းဘိုးလား (သို့မဟုတ်) သခင်ဘုရား၏ ထမ်းဘိုးလား။ အကယ်၍ သခင်ဘုရား၏ ထမ်းဘိုးကိုထမ်းလျှင် ရန်သူ၏ထမ်းဘိုးအားလုံးကိုပယ်ချရမည်။ ကျွန်ုပ်တို့သည်သခင်နှစ်ဦး၏ အစေကိုခံရန်မဖြစ်နိုင်ပါ။ ကျွန်ုပ်ထမ်းသောထမ်းဘိုးသည် ကျွန်ုပ်တို့အစေခံရာကို ကိုယ်စားပြုပါသည်။ ခရစ်တော်ကိုယုံကြည်သူတစ်ဦးဖြစ်ကြောင်းကို ထုတ်ဖေါ်ကြေငြာရန် သက်သေပြမှုများစွာရှိပါသည်။ သို့သော် ဤလောက၏ နည်းလမ်းများအတိုင်းလောကီပုံသဏ္ဍာန်ကိုဆောင်၍ အသက်ရှင်နေထိုင်နေပါက ကျွန်ုပ်တို့သည်နတ်ဆိုး၏ တန်ခိုးအောက် ၌အသက်ရှင်နေခြင်းသာဖြစ်သည်။

ချည်နှောင်ခံရခြင်းမှလွတ်မြောက်ရန်ထွက်ခဲ့ကြပါစို့။

ခရစ်တော်၏မေတ္တာတော်၌လေးစားစွာဖြင့်

**ပီခနုတ်ပေါင်** (SFX)






ဒီကမ္ဘာပေါ် အသက်ရှင်နေထိုင်ကြတဲ့ လူသားတွေကတော့သန်းပေါင်းများစွာပါ။ ဒါပေမဲ့ အဲ့ဒီလူသား သိန်းသန်းပေါင်းများစွာ ရှိနေကြတဲ့အထဲမှာ မိဘဆိုတဲ့လူသားဟာ ကျွန်ုပ်တို့အတွက် နှစ်ဦးပဲရှိတယ်။ ကျပ်သန်းပေါင်းများစွာသောသော လူသားတွေနဲ့ကိုယ့်ရဲ့မိဘကို ဘယ်လိုမှအစားထိုးလို့မရ။ လဲလှယ် ယူလို့မရနိုင်တဲ့ မိဘဆိုသောလူနှစ်ဦးရဲ့နေရာနဲ့တန်ဖိုးကို လူတိုင်းနားလည်ထားကြပြီးဖြစ်ပါတယ်။

မိဘဆိုတာ ဘယ်အရွယ်၊ ဘယ်လိုပုံစံဖြစ်ဖြစ် အသက်ကြီးငယ်၊ ရုပ်ချောအကျည်းတန်၊ ပညာရှိ ပညာမဲ့၊ ဂုဏ်နိမ့်ဂုဏ်မြင့်၊ အဆုံးပြောရရင် အကျင့်ဆိုးအကျင့်ကောင်း၊ ဘယ်လိုပဲရှိနေကြပါစေ မိဘဟာ မိဘပါပဲ။

ကျွန်ုပ်တို့ကလည်း ဘယ်အသက်အရွယ်ရောက်ရောက်ရောက် အသက်(၇၀-၈၀)ရှိသူတွေတောင်မှပဲ မိဘကိုတမ်းတ၊ တွယ်တာတတ်ကြတယ်။ ဘဝရဲ့အဆင်မပြေခက်ခဲတဲ့အချိန်တွေ၊ ဒုက္ခပူပန်မှုတွေကြုံနေရတဲ့ အချိန်တွေမှာလည်း အထူးသဖြင့် မိဘများကို နှုတ်ကတဖွဖွတမ်းတတတ်ကြတယ် ကိုယ်ခန္ဓာဝေဒနာခံစား ရပြီးမ ကျန်းမမာဖြစ်တဲ့အချိန်မျိုးမှာလည်း ကလေးတစ်ယောက်မိခင်ကိုတမ်းတတဲ့ပုံစံမျိုးနဲ့ မိဘကို ရေရွတ်တမ်းတကြပါတယ်။

ကျွန်ုပ်တို့ဟာမိဘနှစ်ပါးကို ဘုရားသခင်ရဲ့ကောင်းကြီးမင်္ဂလာတွေမြောက်များစွာ ခံစားကြစေလိုတဲ့ ဆန္ဒရှိကြပြီး၊ မိဘတို့သေလွန်သွားချိန်မှာလည်း မိုးကောင်းကင်အထူးနေရာရရှိကြကာ ဘုရားသခင် ရှေ့တော်မှာ မျက်နှာရသူတွေဖြစ်စေလိုကြတယ်။ ဆုများလည်းတောင်းပေးကြပါတယ်။ ဒါပေမဲ့ ကျွန်ုပ်တို့ သားသမီးများအားလုံး ကြီးပြင်းအရွယ်ရောက်၊ အခြေတကျဖြစ်ပြီးနောက် မိဘနှစ်ပါးတို့ မျက်စိတွေမှုန်၊ သွားတွေကကျိုးကုန်ချိန်မှသာ သူတို့ကိုဘုရားသခင်သိမ်းပိုက်စေလိုတဲ့ဆန္ဒ ရှိကြပါတယ်။ ပုံမှန်အားဖြင့် မိဘကိုမချစ်သောလူသားဟူ၍မရှိပါ။ လူသားတစ်ဦးစီအတွက်တောက်ပတဲ့ချစ်ခြင်း၊ စစ်မှန်သေချာတဲ့ မေတ္တာကိုမိဘရဲ့နှလုံးသားတစ်စုံမှာသာ ရှာဖွေတွေ့ရှိနိုင်ကြပါလိမ့်မယ်။

လူသားအနေနဲ့ သိမြင်ဆင်ခြင်မိသလောက် အဆုံးအစွန်အကြီးအမား အထိရောက်ဆုံး အကောင်းဆုံးလို့ယူဆတဲ့အရာတွေနဲ့ မိဘတွေကိုနှိုင်းဆတင်စားဖွဲ့ဆိုကြတယ်။ ဖေါ်ညွှန်းကြတယ်။ တကယ် လို့များဒီလိုမျိုးကို ဘယ်သူမျှမညွှန်းမဖွဲ့လျှင်တောင် "မိဘ" ဆိုတာကိုလူသားတိုင်း သဘာဝကပေးတဲ့ အသိ ခံစားချက်နဲ့လက်တွေ့ဘဝမှာ နားလည်မြတ်နိုး တန်ဖိုးထားကြပြီးသားဖြစ်ပါတယ်။ ဒီအထဲမှာမှ ဖန်ဆင်းရှင်ထာဝရဘုရားက "မိဘတို့ကိုရိုသေကြလော့" ဟုပညတ်ထားတဲ့အခါ မိဘဆိုတဲ့ဂုဏ်ဟာ အမြင့် ဆုံးအခြေအနေဆီသို့ တိုးမြှင့်တွန်းတင်ခြင်းကိုခံထားရရှိပြီးဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုမှ ဆလေးရှင်းဘုန်းတော်ကြီးတစ်ပါးဖြစ်တဲ့ "Fr. John" ဟာ "Christopher" ဆိုတဲ့ သနာသနာပြုလုပ်ရှားမှုအဖွဲ့တစ်ခုကို တည်ထောင်ပြီး၊ သူကိုယ်တိုင်ဦးဆောင်ခဲ့တယ်။ သူ့အဖွဲ့အစည်းဟာ အထူးသဖြင့် မိဘများကိုအလေးအမြတ်ထားဖို့နှိုးဆော်ဆောင်ရွက်ပေးကြတဲ့ အဖွဲ့အစည်း ဖြစ်တယ်။

"Fr. John" ဟာ သမ္မာကျမ်းစာထဲက သခင်ခရစ်တော်ရဲ့အဓိကကျပြီး၊ ကိုယ်တော်တိုင် အလွန်နှစ်သက် အားပေးခြင်းနှင့် တောင်ပေါ်မှာဟောကြားခဲ့ပြီး (တောင်ပေါ်ဒေသနာလို့) သတင်းကြီးတဲ့ မင်္ဂလာတရားရှစ်ပါးဆိုတဲ့ တရားတော်ကို အခြေပြုကာ မိဘများအတွက်မင်္ဂလာတရားသဖွယ်ရည်ညွှန်းပြီး ဖွဲ့ဆိုရေးသားပေးခဲ့ပါတယ်။ ဒီအချက်များကို သခင်ခရစ်တော်ကိုယ်တိုင်က မိန့်ကြားနေသကဲ့သို့ ခံယူကြပါလို့လည်းတိုက်တွန်းပါတယ်။

ဒီမင်္ဂလာတရားတွေဟာဖြင့် "မိဘ" များအတွက် အမှန်တကယ်ပဲ အားရဝမ်းမြောက်စရာ၊ ခွန်အားသစ်ရစရာဖြစ်နေလို့ မိဘ၊ ဘဝပိုင်ရှင်တိုင်း မိမိတို့ခံယူထားတဲ့ ဘဝဟာတန်ဖိုးကြီးမားတယ်လို့ ဂုဏ်ယူဝင့်ကြွားနိုင်ကြပါတယ်။

မိဘတွေအတွက် မင်္ဂလာတရားများကတော့ -

၁။ အတွင်းစိတ်ဖြင့်ဆင်းရဲသူမိဘများတို့၊ သင်တို့သည်ငါ၏ နှလုံးတော်ကိုကျေနပ်နှစ်သက်စေကြ၏။ အကြောင်းမူကားဘဝတစ်ခုလုံးဖြင့်၊ အနစ်နာခံမြိုးခြံ၍ မိဘတာဝန်ကိုထမ်းဆောင်ကြပေသည်။

၂။ နူးညံ့နိမ့်ချသောနှလုံးသားရှိသူ မိဘများတို့၊ သင်တို့သည်ငါ၏နှလုံးတော်ကို ကျေနပ်နှစ်သက်စေကြ၏။ အကြောင်းမူကား သင်တို့၏စိတ်နှလုံးအားလုံးကို၊ သားသမီးများအား ပြုစုပျိုးထောင်ရန် အသုံးချခဲ့ကြပေသည်။

၃။ ကောင်းမြတ်ဖြောင့်မှန်သောမိဘများတို့၊ သင်တို့သည်ငါ၏ နှလုံးတော်ကို ကျေနပ်နှစ်သက်စေကြ၏။ အကြောင်းမူကား ခွန်အားအစွမ်းရှိသမျှဖြင့်ကြိုးစား၍ သားသမီးတို့ကို ကြည့်ရှုကျွေးမွေးလျက် ကောင်းသောပုံသက်သေများကို ပြသသင်ကြားပေးကြပေသည်။

၄။ ကြင်နာခြင်း သနားကရုဏာရှိသော မိဘများတို့၊ သင်တို့သည် ငါ၏နှလုံးတော်ကို ကျေနပ်နှစ်သက်စေကြ၏။ အကြောင်းမူကား သင်တို့သည် မရေမတွက်နိုင်အောင်ပင်ပြစ်မှားဆိုးသွမ်းသည့် သားသမီးများကို အခွင့်လွှတ်နိုင်ကြပေးသည်။

၅။ ဖြူစင်စွာသောစိတ်ထားရှိသူ မိဘများတို့၊ သင်တို့သည် ငါ၏နှလုံးတော်ကိုကျေနပ်နှစ်သက်စေကြ၏။ အကြောင်းမူကား သင်တို့သည် ကိုယ်ပိုင်သက်သာငြိမ်းအေးရာကိုမရှာ။ ရုန်းကန်ပင်ပမ်းရသည်ဟု သဘောမထားပဲ၊ ထိုသို့သော အခြေအနေများကိုအမြဲတမ်းခံနိုင်ရည်ရှိသွားစေရန်သာ ဆုတောင်းလျက်ခွန်အားယူတတ် ကြပေသည်။

၆။ ငြိမ်းချမ်းသင့်မြတ်ခြင်းရရှိရန် ရှာဖွေပေးတတ်သူမိဘများတို့၊ သင်တို့သည်ငါ၏ နှလုံးတော်ကိုကြေနပ်နှစ်သက်စေကြ၏။ အကြောင်းမူကား တစ်ယောက်တစ်ပေါက် မညီမညွတ်

အငြင်းပွားခြင်း၊ စိတ်သဘောထား မတိုက်ဆိုင်ခြင်း စသောသားသမီးများကြားတွင် စည်းလုံးချစ်ခင် အဆင်ပြေသင့်မြတ်ကြရန် ကြိုးစားဖြန်ဖြေ တတ်ကြပေသည်။

၇။ ငါပေးတော်မူသော "မိဘ" ဟူသည့်တာဝန်ကို ပင်ပမ်းခက်ခဲစွာ အနစ်နာခံ၍ရုန်းကန် ထမ်းဆောင်ရသော်လည်း၊ မလွဲမဖယ်ပဲလိုလားစွာစိတ်နှလုံးအပြည့်ဖြင့် ကြိုးစားဆောင်ရွက်သော မိများတို့ဝမ်းမြောက်ရွှင်လန်းကြလော့။ အကြောင်းမူကား ကောင်းကင်နိုင်ငံတော်တွင် သင်တို့၏ အကျိုးသည် တုန္နိုင်းဖွယ်ရာမရှိ ကြီးမားလှပေသည်။

၈။ ယခုမိုးကောင်းကင်သို့ ရောက်ရှိနေသော ရဟန္တာများသည်လည်း လောကတွင် နေထိုင်စဉ် သင်တို့ကဲ့သို့ပင် ဒုက္ခဆင်းရဲ ပင်ပမ်းခြင်းနှင့် သောကအမျိုးမျိုးကြားမှ ကြိုးစားအောင်မြင် ခဲ့ကြ၍၊ ငါ၏ထာဝရဆုလာဒ်တော်ကိုခံစားနေကြသူများဖြစ်ကြောင်းသိမှတ်ကြလော့။

(ဘုရားပေးတော်မူသောဝန်ကို ဝမ်းမြောက်ကျေပွန်စွာ ထမ်းဆောင်သောထိုသူတို့သည် မင်္ဂလာရှိကြ၏။)

ဖတ်ရှုဖူးသော " Christopher Mission" ကို ပြုစုယူပါသည်။

**အင်ဝိုင်းပန်** (SJA)



## မမေ့နိုင်ပါ ဖေဖေ မေမေ....

* သန္ဓေတည်စ၊ မွေးသည်မှ ကြီးပြင်းထိတိုင်၊ သားသမီးများအတွက်၊ လူလားမြောက်အောင် ရုန်းကန်ကြိုးစား၊ ဒုက္ခများစွာ၊ သောကဝေခဲ့ရသော၊ မေမေ. . .။

* ရင်မှာမထား၊ ပြုံးပြုံးလေးနဲ့၊ ချစ်ခြင်းပိုက်ကာ၊ ရင်ဆိုင်ကျော်လွှား၊ အကြင်နာယုယ၊ နွေးထွေးမှုနှင့်၊ ကျွေးမွေးပြုစု ပျိုးထောင်ပေးခဲ့သော၊ မေမေ့ရဲ့ကြီးမားမေတ္တာ၊ စေတနာတွေကို၊ မမေ့နိုင်ပါလေ. .။

* ဖြူစင်မေတ္တာ၊ သားသမီးများအရေး၊ နဖူးမှချွေး၊ ခြေမထိတိုင် ကျခဲ့သော်လည်း၊ မငြီးငြူပဲ၊ ရုန်းကန်ရှာဖွေ၊ ကျွေးမွေးပေးသော၊ ချစ်ဖေဖေ. . .။

* လောကဓံကို ကြံ့ကြံ့ခံကာ၊ သားသမီးများအတွက် နောင်ရေးအေးရန်၊ ပူပင်သောက ကြီးမားစွာနဲ့ စားဝတ်နေရေး၊ သားသမီးများအတွက်၊ မားမားမတ်မတ် ရပ်တည်နိုင်ရန်၊ ပညာဥစ္စာ မြတ်သောအမွေအတွက်၊ ရှာဖွေစုဆောင်း ထားခဲ့ပေးတဲ့၊ ဖေဖေရဲ့ကြီးမားမေတ္တာ၊ ချစ်ခြင်းများကို မမေ့နိုင်ပါလေ. . .။

* သားသမီးတို့၏ ဆိုးမိုက်ပြစ်များ မှတ်ယူမထားပဲ၊ အစဉ်သီးခံ ခွင့်လွှတ်ပေးသော ချစ်ဖေဖေ နှင့်ချစ်မေမေကို သားသမီးများမှ လက်စုံမိုးလျက် ကန်တော့ပန်းဆင်ကာဦးချပါ၏. . .။

**ခက်ရှူးမယ်** (I.S.R)




မြန်မာနိုင်ငံကက်သလစ်သူတော်စင်များ နှစ်စဉ်တွေ့ဆုံဆွေးနွေးခြင်းညီလာခံ၏ ၂၀၁၉ ခုနှစ်အတွက် ဒုတိယအကြိမ်မြောက် တွေ့ဆုံဆွေးနွေးခြင်း ညီလာခံကို ဇွန်လ ၃ ရက်မှ ၅ ရက် နေ့အထိ မြန်မာနိုင်ငံ ကက်သလစ်သူတော်စင်များအဖွဲ့ချုပ် (CRCM) တွင် ၃ရက်တာ ကျင်းပခဲ့ပါသည်။ ထိုညီလာခံသို့သူတော်စင်စုစုပေါင်း (၄၃)ဦး တတ်ရောက်ခဲ့ပါသည်။ ညီလာခံကို ဆရာတော် Justin Saw Min Thide မှမိဿားတရားတော်မြတ် ဖြင့်ဖွင့်လှစ်ပေးခဲ့ပါသည်။ ထိုနေ့တွင်ဆရာတော်နှင့် သူတော်စင်အကြီးအကဲများမှ သီရိလင်္ကာတွင်လွန်ခဲ့သော ပါးစကားပွဲတော်တွင်အကြမ်းဖက်မှုကြောင့်ကွယ်လွန် သွားသောညီအစ်ကိုမောင်နှမများအတွက် အထူးသတိရဆုတောင်းပေးခဲ့ပါသည်။


EC members


Input with Fr. Amal

အစည်းအဝေး၏ဆောင်ပုဒ်မှာ " The Missions of the Catholic Religious in the Present Myanmar" ဖြစ်ပြီး ထိုဆောင်ပုဒ်နှင့်လျော်ညီစွာ Fr. Amal, SJ မှ မြန်မာနိုင်ငံအတွင်းတမန်တော်လုပ်ငန်းများပြုလုပ်ရာတွင်ကြုံရသော စိန်ခေါ်မှုများနှင့်အသင်းတော်အတွင်း ကြုံရသောစိန်ခေါ်မှုများ ကိုဝေမျှခဲ့ပါသည်။ ထိုသို့သော စိန်ခေါ်မှုများကိုကျော်လွှား၍ အသင်းတော်အတွက် လူသားအားလုံးအတွက် မည်ကဲ့သို့အကောင်းဆုံးလုပ်ဆောင်နိုင်ရန်အတွက် နည်းလမ်းများကိုဆွေးနွေးခဲ့ကြသည်။ သူတော်စင်အဖွဲ့ချုပ်၏ အတိုင်ပင်ခံအဖွဲ့ဝင်ဖြစ်သော Sr. Ashwena, MSSC ကိုယ်စား Sr. Magdalene Lim, SJA အား အဖွဲ့ဝင်အသစ်အဖြစ် ရွေးချယ်ခဲ့သည်။

ညီလာခံတွင် မြန်မာနိုင်ငံ ကက်သလစ်သူတော်စင်များအဖွဲ့ချုပ်၏ ဓမ္မတက္ကသိုလ် (Myanmar Institute of Religious Studies (MIRS) နှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်အောင် မည်ကဲ့သို့လုပ်ဆောင်နိုင်ရန်နှင့်သူတော်စင်များအတွက်သာသနာပြုကဒ် ကိုပြန်လည်စီစစ်ခြင်း၊ အဖွဲ့ဝင်ဖြစ်ရန်ဥ္စလိုအပ်သော အချက်အလက်များ၊ CRCM တွင် Website ထားရှိရေးနှင့် CRCM တွင် ပြုလုပ်မည့် သင်တန်းများနှင့် တာဝန်ယူမည့် အဖွဲ့ဝင်များအား ပြန်လည်စီစစ်ခြင်းစသည်တို့ကို အဓိကထားပြီး ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။

( Sr. Assumpta Shwe, RGS )



MIRS Directress



Thanks Facilitator

## ကလေးသူငယ်နှင့် ထိခိုက်လွယ်လူကြီးများအား ကာကွယ်စောင့်ရှောက်ရန် အမြင်ဖွင့်သင်တန်း။ ( မေ ၄ – ၅ ၊ ၂၀၁၉ )



မြန်မာနိုင်ငံကက်သလစ်သူတော်စင်အဖွဲ့ CRCM မှ အသင်းဂိုဏ်းများ၏ ကိုယ်စားလှယ် အကြီးအကဲများသည် ကလေးသူငယ်နှင့် ထိခိုက်လွယ်လူကြီးများအား ကာကွယ်စောင့်ရှောက်ရန် မူဝါဒကို အတူတကွ အကောင်အထည်ဖော်ရေးဆွဲခဲ့ကြပြီး၊ ထိုမူဝါဒကို ဇွန်လ ၂ ရက်နေ့ ၂၀၁၈ ခုနှစ်တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံ ကက်သလစ်သူတော်စင်များအဖွဲ့ချုပ်၏ (၇၇) ကြိမ်မြောက် အထွေထွေညီလာခံတွင် သဘောတူအတည်ပြုခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်များအဖွဲ့ချုပ် CBCM သို့တင်ပြခဲ့ပြီးဖြစ်ပါသည်။



ဤမူဝါဒကို ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်များမှာ ကလေးသူငယ်များနှင့်ထိခိုက်လွယ် လူကြီးများကို အကာအကွယ်ပေးနိုင်သည့်နည်းလမ်းများ နားလည်သဘောပေါက်စေရန်၊ စော်ကားနှိပ်စက်ညှင်းပန်းမှုများကို ကာကွယ်နိုင်သည့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်နှင့် လုံခြုံပြီး အကာအကွယ် ရှိသောပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရန် စသည်တို့ဖြစ်ပါသည်။

ဤမူဝါဒ၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကလေးသူငယ်နှင့်ထိခိုက်လွယ်လူကြီး များ အကာအကွယ်ပေးရေးအတွက် မြန်မာနိုင်ငံသူတော်စင်များအဖွဲ့ချုပ် ကော်မရှင်မှဦးဆောင်ပြီး သူတော်စင် များအတွက် အမြင်ဖွင့်သင်တန်းကို ၂၀၁၉ ခုနှစ်၊ မေလ ၄ ရက်နှင့် ၅ ရက်တွင် ရန်ကုန်၊ ပြင်ဦးလွင်၊ တောင်ကြီးတွင် တပြိုင်တည်း ပြုလုပ်ခဲ့ကြသည်။ ထိုအမြင်ဖွင့်သင်တန်းသို့ သူတော်စင် ၂၁၇ ဦးတက်ရောက်ခဲ့ပါသည်။

ဤမူဝါဒသည် မြန်မာပြည်ရှိ ကက်သလစ်သူတော်စင်အဖွဲ့အစည်းများ၊ သူတော်စင်များ၏စောင့်ရှောက်မှုအောက်တွင်ရှိနေသော မူကြိုကျောင်းများ၊ မိဘမဲ့ကျောင်းများ၊ ကျောင်းသား၊ ကျောင်းသူ အဆောင်များ၊ အခြေခံကျောင်းများ၊ ကျောင်းပြီးပညာရေးသင်တန်းကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ အမျိုးသမီးခိုလှုံရေးနေရာများ၊ သူတော်စင်ဖြစ်သင်တန်းကျောင်းနှင့် သာသနာရေးအဖွဲ့အစည်းနှင့် နွေရာသီသင်တန်းကဲ့သို့ အသင်းတော်အတွင်း သာသနာ အလိုက်လုပ်ဆောင်မှုများတွင် အမှုထမ်းနေကြသောအမျိုးသမီး၊ အမျိုးသားများနှင့် သူတော်စင် တစ်ဦးချင်းစီအတွက် လမ်းညွှန်တစ်ခုဖြစ်မည်ဟု မျှော်လင့်ပါသည်။

# MYANMAR ASSOCIATION OF SPIRITUAL DIRECTORS (MASD)



မြန်မာပြည် ဝိညာဉ်ရေးလမ်းညွှန်အဖွဲ့အစည်း၏ တတိယအဖွဲ့ (၂၀၁၇-၂၀၂၀) ၏ တတိယနှစ် သင်တန်းဆင်းပွဲကို ၂၀၁၉ မေလ ၃၁ ရက်၊ နံနက် ၉ း ၃၀ တွင် ကက်သလစ်သူတော်စင်များ အဖွဲ့ချုပ် CRCM (Catholic Religious Conference of Myanmar) တွင် Sr. Lily Bong, IJ မှ ဦးဆောင်ကျင်းပပြုလုပ်ခဲ့ပါသည်။

တတိယအဖွဲ့ (၂၀၁၇-၂၀၂၀) ၏ တတိယနှစ် သင်တန်း ကို အသင်းဂိုဏ်း ၇ ဂိုဏ်းမှ သူတော်စင် ရဟန်း ၂ ပါး နှင့် သီလရှင် ၉ ပါး၊ စုစုပေါင်း ၁၁ ပါး တို့သည် မေလ ၇ ရက်နေ့မှ ၃၁ ရက်နေ့အထိ ပါဝင်တက်ရောက်ခဲ့ပါသည်။

သင်တန်းဆင်းပွဲကို ပထမအဖွဲ့ (၂၀၀၆- ၂၀၀၉) မှ သီလရှင် ၃ ပါး၊ ဒုတိယအဖွဲ့ (၂၀၁၁-၂၀၁၄) မှ သီလရှင် ၄ ပါး၊ တတိယအဖွဲ့ (၂၀၁၇-၂၀၂၀) မှ သီလရှင် ၁၁ ပါး၊ စုစုပေါင်းသီလရှင် ၁၈ ပါး၊ တို့ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် သင်တန်းမှူး Sr. Lily Bong, IJ မှ အနာဂါတ်တွင် မြန်မာပြည်၏ ဝိညာဉ်ရေး လမ်းညွှန်အဖွဲ့အစည်းကို ပထမအဖွဲ့၊ ဒုတိယအဖွဲ့နှင့် တတိယအဖွဲ့ဝင် အသင်းဂိုဏ်းပေါင်းစုံမှ သီလရှင်များ၊ ရဟန်းများဖြင့် အခိုင်အမာဖွဲ့စည်းလိုကြောင်း၊ ထိုအဖွဲ့အစည်းကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာစကားတို့ဖြင့် ပိုမိုခိုင်မာကျစ်လစ်စေပြီး ကက်သလစ်သူတော်စင်များအဖွဲ့ချုပ် CRCM (Catholic Religious Conference of Myanmar) တွင် အခြေပြုကာ မြန်မာပြည်အသင်းတော်အတွက်၊ အင်တိုက်အားတိုက် အုပ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ကူညီနိုင်ရန် မျှော်လင့်ကြောင်း အားပေးအမှာစကားပြောကြားခဲ့ပါသည်။
အစည်းအဝေးကို စုပေါင်းဓါတ်ပုံရိုက်ကာ အဆုံးသတ်ခဲ့ပါသည်။ Annaaung, SFX

# သာသနာပြုစိန်ပေါလ်အသင်းဂိုဏ်းကို စတင်တည်ထောင်ခြင်း (၂၉) နှစ် ပြည့်ကျေးဇူးတင်ခြင်း နှင့် သီလရှင်များ၏ ပထမကတိသစ္စာပြုခြင်း၊ ရာသက်ပန်ကတိသစ္စာပြုခြင်းနှင့် သီလရှင်ဝါတော် (၂၅) နှစ်ပြည့် ငွေစင်ဂျူဗလီကျင်းပခြင်း။



မေလ (၂၅) ရက်၊ ၂၀၁၉ ခုနှစ်သည် သာသနာပြုစိန်ပေါလ်သီလရှင်များ အသင်းဂိုဏ်းအတွက်၊ ဘုရားရှင်၏ကောင်းကြီးမင်္ဂလာ အထူးခံစားရသောနေ့၊ ဂုဏ်ယူဝမ်းမြောက်ဖွယ်နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ထိုနေ့တွင် ပွဲတော်မဏ္ဍားတရားတော်အား စိန်ဖရန်စစ်ဇေဗီးယား ဘုရားကျောင်း၊ သန်လျင်မြို့တွင် အသင်းဂိုဏ်းတည်ထောင်သူ အဖကာဒီနယ်ချားလ်စ်ဘိုမှ ဦးဆောင်ပူဇော်ခဲ့သည်။ ဘုရားရှင်၏ ကျေးဇူးတော်နှင့် ချစ်ခြင်းအားခံယူလျှက် ဘုရားရှေလူတို့ရှေ့မှောက်တွင် ပထမ ကတိသစ္စာပြုသူ သီလရှင် (၆)ပါး နှင့်ရာသက်ပန်ကတိသစ္စာပြုသူ သီလရှင် (၇) ပါးတို့မှ မိမိတို့၏ ဘဝအသက်တာအား ဆက်ကပ်ပူဇော်ခဲ့ကြသည်။

၂၅. ၅. ၂၀၁၉ နေ့သည် သာသနာပြုစိန်ပေါလ်အသင်းဂိုဏ်းကို စတင်တည်ထောင်ခြင်း (၂၉)နှစ်ပြည့်ဖြစ်သည်နည်းတူ၊ သီလရှင်ဝါတော် (၂၅) နှစ်ပြည့် ဂျူဗလီ ခံယူကြသော သီလရှင်များသည်လည်း သာသနာပြုစိန်ပေါလ်အသင်းဂိုဏ်း၏ ကနဦးအဖွဲ့ (ပထမဆုံး) မိမိတို့၏ဘဝကို ဆပ်ကပ်အပ်နှံကြသော သူများဖြစ်လေသည်။ ဇွန်လ (၂၉) ရက်၊ ၁၉၉၄ ခုနှစ်သည် သူမတို့၏ ပထမသစ္စာပြုခဲ့ကြသော မမေ့နိုင်စရာနေ့ထူးနေ့မြတ်ဖြစ်လေတော့သည်။

အသင်းဂိုဏ်းကို စတင်တည်ထောင်သည့်နေ့မှစ၍ယနေ့ထိတိုင်အောင် ကျေးဇူးတော်များကိုအစဉ်မပြတ်သွန်းလောင်းလျှက်၊ ကြည့်ရှုစောင့်ရှောက်တော်မူသော ဘုရားသခင်အားအထူးကျေးဇူးတင်ရှိပါသည်။ အသင်းဂိုဏ်းကို အထူးစောင့်ရှောက်မိုင်းမတော်မူသော အဖသံပေါလ်လူးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ အလင်းကျေးဇူးတော်အားဖြင့် သာသနာပြုစိန်ပေါလ်အသင်းဂိုဏ်းကို တည်ထောင်ပေးခဲ့သော အဖဆရာတော် ကာဒီနယ်ချားလ်စ်ဘိုအားလည်းကောင်း၊ မိမိတို့၏ဘဝကို အသင်းတော်အတွက် တစ်ထောင့်တစ်နေရာမှ ပူဇော်ဆက်ကပ်ကြသော အသင်းဂိုဏ်းသူ၊ ဂိုဏ်းသားများအားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်လျှက် ဂုဏ်ပြုလိုက်ရပါသည်။



## Global Catholic Climate Movement- Myanmar (GCCM)

## "Deep Journey into Laudato Si"

21-22 June 2019 (2) ရက်တာသင်တန်းကို GCCM-Myanmar အဖွဲ့မှစုပေါင်းဦးဆောင်၍ Pope Francis ၏စာချွန်တော် "Laudato Si" Symposium ကို "Deep Journey into Laudato Si" ခေါင်းစဉ်ဖြင့် ပညာစမ်းရေသင်တန်းကျောင်းတွင်ပြုလုပ်ခဲ့ပါသည်။ ၎င်းသင်တန်းကို ရန်ကုန်မြို့တွင်းရှိ သင်တန်းကျောင်းတချို့မှ ကိုယ်စားလှယ်သီလရှင်(၃)ပါးနှင့် လူငယ်(၁၇)ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြပြီး ၎င်းတို့အသီးသီးမှကိုယ်တိုင်မွန်းမံ၍တဦးချင်း၊ မိသားစု၊ ရပ်ကွက်၊ သာသနာအုပ်စုများအတွင်းတွင်အလျဉ်း သင့်သလိုလက်တွေ့လုပ်ဆောင်ချက်များနှင့် တကွဝေမျှပေးသွားကြမည်ဖြစ်ကြောင်း၊ GCCM-Myanmar team မှလည်း မြန်မာပြည်ကက်သလစ်အသင်းတော်ကြီး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍ၏ တစိတ်တဒေသအဖြစ်၊ မြန်မာနိုင်ငံတော်ကြီး၏စိမ်းလန်းစိုပြေလာစေရေး၌ ပါဝင်ဆောင်ရွက်သွားကြမည် ဟူ၍လည်းဆန္ဒပြုခဲ့ကြပါသည်။ ကျွန်ုပ်တို့ကမ္ဘာမြေကိုကယ်တင်ရန်အတွက်၊ အတူတကွပူးပေါင်း ဆောင်ရွက်ကြပါရန်လည်းဖိတ်ခေါ်လိုက်ပါသည်။

**A E J (ဓာမ်းရိုးတန်း)**



ပထမကတိသစ္စာပြုခဲ့ကြသောသီလရှင်များ




ရာသက်ပန်သစ္စာပြုကြသူသီလရှင်များ

**မိမိတို့၏ ဘဝသက်တာအား သာသနာပြုစိန်ပေါလ်သီလရှင်များ အဖြစ် (၂၅) နှစ်တိုင်တိုင် အဖသံပေါလ်လူး၏ ခြေရာကို လိုက်လျှောက်လျှက် ဆက်ကပ် အစေခံခဲ့သော သီလရှင်များ။**



ဤပွဲတော်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ကူညီခဲ့ကြသော ကျေးဇူးရှင်များအပေါ် ဘုရားရှင်၏ကောင်းကြီးတော်ကိုကြွယ်ဝစွာ ခံစားရပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**စစ္စတာရ်ထရေးဇားနီနီအောင် (MSP), သန်လျှင်။**




# A Catechism of the Religious Life

**Gilberto Frige (O.S.M)**



## DEVOTION TO OUR LADY

### 178. What is the particular role of Mary in consecrated life?

The presence of Mary in religious life both at its origins and in its development is a historic fact and a constituent element (cf ET 15).
Mary is in a special way mother and model to those who live the consecrated life and are "associated to the apostolic mission of the Church" (ET 56; LG 65).
She is for them **"example and protector"** (c 663 s 4) inasmuch as she is:

- The first and greatest consecrated woman, the new woman and the perfect Christian, summing up the most characteristic situations in the life of a woman, i.e. virgin, wife and mother (cf MC 36).
- The first disciple of her Son (cf RM 20).
- She has admirably united in her life both the active and the contemplative. "Model … of faith, charity and perfect union with Christ" (DCVR 485).

### 179. Is Mary solely an example of life?

Certainly not, rather, as mother and co-redeemer she is:

- A powerful **aid and support**, "who has the power to inspire others to conform to her image" (RM 44).
- Our **completion** because "religious life would be incomplete were it not directed towards filial love for the Mother of the Church and of consecrated souls" (DCVR 487).

### 180. Under what forms is Mary to be venerated?

Given that the devotion to Mary is primarily manifest in the imitation of her, and life in union with Her, under her protection, the most recommended forms are:

- **Total Consecration to Mary**, an act of devotion containing all others. In the manner promoted by St. Louis M. Grignon de Montfort it consists in giving oneself entirely to Jesus by means of Mary: the body and material goods, the soul and its faculties, the value and merit of our deeds.
  It encompasses two elements: an act of consecration to be renewed at intervals (Totus tuus sum), accompanied by habitual state, causing us to live and operate under the dependence of Mary.

**The Holy Rosary**, which, though marian in appearance, is a prayer with a clearly Christological orientation. In itself it is so concentrated that it almost becomes a compendium of the entire evangelical message (cf MC 46; RVM 1).
It is to be emphasized that, in virtue of this Christological orientation, and if recited as a form of meditation, it may be inserted among the various prayers during the exposition if the Most Blessed Sacrament. The prohibition remains that "the Most Holy Eucharist must not be exposed solely in order to recite the Rosary" (Note to Congr. For the Divine Cult, 15-1-1997).
For other practices there is only the embarrassment of choice and every Region, every Institute has its own. Among the most common and consecrated by time, suitable for the glorification of God at intervals during the day with the sentiments of Mary in the Magnificat, are to be found: "The Angelus", "Sub tuum praesidium", "Hail, Holy Queen", and various other prayers of devotion to Our Lady.

NB. – In this chapter we have touched upon only some of several means considered basic to the maintenance of spiritual life. Others, excellent in themselves, (e.g. Sacred Heart of Jesus and Eucharistic cult), seem to us implicit in these.
We have limited ourselves only to some practical advice for the correct and profitable use of these means, as a "Catechism" cannot be a treatise on assess.

## 5. COMMUNITY LIFE

### a) ESSENCE AND PURPOSE OF COMMUNITY LIVING

**181. What is meant by "religious community life"?**

It is the way of living among groups of men or women who are called by Christ and sustained by his love to form a new family, or *religious community*; here, they live *fraternally* and, as *community*; they bear witness to the love of God and of their neighbour.

**182. What is a religious community?**

It is a community of grace, or a theological community that God has called together: it is not based on blood relationship and natural bonds, but on *new relationship* rooted in Christ, who calls them to live among those brother or those sisters.

**183. What are characteristics of the "new relationship" rooted in Christ?**

They are:
- *Absolute*: chosen exclusively for love of Christ in celibacy and virginity.
- *Total*: leaving everything to follow Christ in poverty.
- *Interior*: sharing in the most radical attitude of Christ, his obedience to the Father (*vide no* **16**).



# စစ္စတာရ်တစ်ပါး၏ စွန့်လွှတ် ဆက်ကပ်မှု

ကလေးပိုက်

## စစ္စတာရ်တစ်ပါး၏ စွန့်လွှတ်ဆက်ကပ်မှုသည် ဩစတေးလျှားမှတီဝိ (Tiwi) လူမှုအဖွဲ့အစည်း ကိုပြောင်းလဲစေခဲ့ခြင်း

### အမျိုးသမီးများအပေါ်ထားရှိသောသဘောထားအမြင်

အမျိုးသမီးများနှင့်ပတ်သက်လာလျှင် လူမှုရေးနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်၊ ဘာသာရေး၌လည်း ထူးမခြားနား၊ တူညီသောအမြင်နှင့်သတ်မှတ်ချက်မှာ အားနွဲ့သူ၊ အလွယ်တကူအားငယ်တတ်သူ၊ အမှီအခိုရှာတတ်သူဟုဖြစ်ပါသည်။ ခြုံငုံသုံးသပ်မည်ဆိုလျှင်မှန်ပါသည်။ သို့သော်ထူးခြားစွာဖြင့် အချို့သော အမျိုးသမီးများ၏ ထောင့်ပေါင်းစုံ၏အစွမ်းကား အမျိုးသားများပင် ဩချရလောက်အောင် စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်ရည်ကိုယ်သွေးတို့သည် အမျိုးသားတစ်ဦးထက် ပိုသူများလည်းရှိကြသည်။ သို့သော် နည်းပါးပါသည်။ ထိုနည်းပါးသူများအနက် စစ္စတာရ် Anne Gardiner လည်းတစ်ပါးပါဝင်ပါသည်။

### စစ္စတာရ် Anne Gardiner ၏လက်ကိုင်ဆောင်ပုဒ်။

စစ္စတာရ်သည် သက်တော် (၆၂) သာရှိသေးပြီး၊ ဩစတေးလျှားနိုင်ငံ၏ အလွန်ခေါင်သော တီဝိဒေသခံများကြား၌နှစ်ပေါင်းများစွာသာသနာပြုခဲ့သည်။ စစ္စတာရ်သည် အမိမယ်တော်၏ သန့်ရှင်းဖြူစင်သောနှလုံးတော်သမီးများသီလရှင်အသင်းသူဖြစ်သည်။ သူလက်ကိုင်ထားသောသွန်သင်ချက်မှာ 'Love them' (သူတို့ကိုချစ်ပါ) ဖြစ်သည်။ သူတို့ကိုချစ်ပါဟုဆိုရာ၌ မတရားသဖြင့် စီရင်ဆုံးဖြတ်ရန်မဟုတ်။ လူသားများအဖြစ် သူတို့ကိုလက်ခံရန်၊ သူတို့ကိုနှိမ်၍ မိမိသည် သူတို့ထက်သာလွန်ကြောင်းပြခြင်းကို မဆို။ အစပိုင်း၌ စစ္စတာရ်သည် ထိုအမှားများအားလုံးကိုပြုလုပ်ခဲ့ဖူးသည်။ သို့သော်သူတို့ ကိုချစ်ပါဟူသော ရိုးရှင်းသည့် လက်ကိုင်တရားသည် သူ့အားအထပ်ထပ် သတိပေးပါသည်။ သူတို့၏ ချို့တဲ့နွမ်းပါးခြင်း၊ သူတို့၏ပင်ကိုယ်ရိုးသားသောအလှ၊ သူတို့၏ယဉ်ကျေးမှုများကို အစဉ်ချစ်တတ်ရမည်။ စစ္စတာရ်သည် ဩစတေးလျှားနိုင်ငံ Bahurst ကျွန်းသို့ပြောင်းရွှေ့အမှုတော်ထမ်းဆောင်ရမည်ဟု ကြေငြာချက်ထွက်ပေါ်လာချိန်၌ (၁၉၁၁) ခုမှစ၍ အဆိုပါသာသနာကိုစတင်တည်ထောင်ခဲ့သောဆရာတော် Francis Xavier Rill (M.S.C.) အားအကြံဉာဏ်တောင်းရာ ဆရာတော်က ထိုလက်ကိုင်တရားကို ပေးခဲ့ကြောင်း၊



ထိုတရားသည် စစ္စတာရ်အတွက်သာမဟုတ်၊ ဆရာတော်၏ သာသနာပြု တစ်သက်တာ၌ လက်တွေ့ ကျင့်သုံးခဲ့ကြောင်း၊ စစ္စတာရ်သည်ထိုကျွန်းသို့ (၁၉၅၃)၊ သက်တော် (၂၂) သာ ရှိသောအချိန်၌ သွားရောက်ခဲ့ရသည်။

ယခုအခါ သက်တော် (၈၆) နှစ်ရှိပြီးဖြစ်ပြီး၊ ဗာတီကန် မှကျင်းပသော ကမ္ဘာ့အမျိုးသမီးများနေ့အခမ်းနားတွင် ဗာတီကန်ဆိုင်ရာ ဩစတေးလျား သံရုံးကိုယ်စား၊ မိန့်ခွန်းပြောကြားရန် ဖိတ်ကြားခံခဲ့ရသည်။ ကမ္ဘာ့အမျိုးသမီးများ နေ့သည် နှစ်စဉ်မတ်လ (၈) ရက်နေ့တွင် ကျရောက်သည်။ လွန်ခဲ့သော (၂၀၁၇) ခုနှစ်၌ စစ္စတာရ်သည် နိုင်ငံ့ဂုဏ်ဆောင် သက်ကြီးဩစတေးလျားနိုင်ငံသားများကို ချီးမြှင့်သော ဂုဏ်ပြုဆုတံဆိပ်ကို လည်းလက်ခံရရှိခဲ့သည်။ သူ၏မိန့်ခွန်းသည် ကြားရသူတို့၏နှလုံးသားထဲသို့ စူးနစ်ဝင်ရောက်သွားခဲ့သောကြောင့် မိန့်ခွန်းအပြီးတွင် အကူအညီများ ဝဲပျံလာပါတော့သည်။ နှစ်လရှည်ကြာစွာဆက်ကပ်၊ အမှုတော်ထမ်းခဲ့သည်မှာ တီဝိလူမျိုးအတွက်သာဟု ဦးဆောင်ခဲ့ရုံမကဘဲ၊ အရှိန်ဖြင့်ပြောင်းလဲနေသောလူမှုဝန်းကျင်တွင် သဟဇာတရှိရှိ သွားလာနေထိုင်တတ်ရန်လည်း သင်ကြားကူညီပေးခဲ့သည်။



## ကျွန်းပေါ်တွင်ကက်သလစ်ကျောင်း၏ ကျောင်းအုပ်ဖြစ်လာခြင်း။

စစ္စတာရ်သည် ကျွန်းပေါ်ရှိ ကက်သလစ်ကျောင်း၏ ကျောင်းအုပ်အဖြစ် နှစ်ပေါင်းများစွာတာဝန်ခံခဲ့သည်။ သူသည် ဒေသခံများနှင့်မတူမတန် သီးခြားစွာ နေထိုင်မည့်အစား၊ သိုးများကြား၌သိုးနံ့ သင်းသင်းဖြင့် နေထိုင်ခဲ့သည်။ သူ့အတွက် အကြီးမားဆုံး သင်ယူခဲ့ရသောသင်ခန်းစာမှာ ဒေသခံများကို အဘယ်သို့နားထောင်ရမည် ဟူသည့်အချက်ဖြစ်သည်။

သူတို့နှင့် မရင်းနှီးသော ပြင်ပပုဂ္ဂိုလ်အလား ပြောဆိုဆက်ဆံနေခြင်းထက် သူတို့မျိုးနွယ်စု၏ ယဉ်ကျေးမှု ဓလေ့စရိုက်များကိုတန်ဖိုးထားမြတ်နိုးသော သွေးချင်းတစ်ဦးနှယ်ပြောဆိုခြင်းဖြင့် လူမှုရေး အသက်တာ ပြောင်းလဲရန်တွဲခေါ်ရပေမည်။

## ဒေသခံများအတွက်အကြီးမားဆုံးသောလက်ဆောင်

တီဝိမျိုးနွယ်စုအတွက် အကြီးမားဆုံးသော လက်ဆောင်မှာ သူတို့ပြောသည်ကို စိတ်ရှည်စွာ နားထောင်ပေးခြင်းဖြစ်သည်။ သူတို့ကိုနားထောင်ခြင်းဖြင့် သူတို့နှင့်ပြေပြစ်သော ဆက်ဆံရေးကို တည်ဆောက်နိုင်သည်။ သို့ဖြင့်သင်သည် သူ့တို၏အခြေအနေကို လုံးဝနားလည်သည်ဟု ခံစားသွားသည်။



### စစ္စတာရ်နှင့်တီဝီလူမျိုးစုတို့ကြားအမှတ်ရစရာများ။

ရောက်စ၌မေ့မရသော အတွေ့အကြုံတစ်ခုကား ဝါကြီးသီလရှင်သုံးပါး၊ ဘာရာသာရ်သုံးပါး၊ ရဟန်းတစ်ပါး၊ ခရစ်ယာန်သာသနာပြုတစ်ဦးတို့ရှိသောသာသနာနယ်ဆီသို့ စစ္စတာရ်ရောက်ရှိလာခဲ့သည်။ ထိုသာသနာပြုများအ နက်လူဖြူဟူ၍တစ်ဦးတည်းရှိပြီး၊ ဒေသခံမျိုးနွယ်စုမှာလည်း စစ္စတာရ်ရောက်ရှိလာမှသာ လူဖြူကိုပထမဦးစွာ မြင်တွေ့ခဲ့ရသည့်အဖြစ်ကို ကြားသိလိုက်ရသည်။ တီဝီမျိုးနွယ်စုသည် ဘိုးဘေးများလက်ဆင့်ကမ်းပေးခဲ့သော လူမျိုးစုအမွေအနှစ်များကိုလည်းမပယ်။ တစ်ဖက်မှလည်း မြို့ပြယဉ်ကျေးမှုကိုလည်း မျက်ခြေမပြက်အောင် ထိန်းသိမ်းနေထိုင်တတ်သည်။

### သာသနာပြုရာတွင်ကြုံတွေ့ရသောဘာသာစကားနှင့်အတွေးအခေါ်။

စစ္စတာရ်တို့သည် သာသနာနယ်သို့ရောက်ရှိသွားပြီး နောက်နှစ်အတော်ကြာမှ ဘာသာစကားနှစ်မျိုးဖြင့်စာသင်ကြားပေးနေခဲ့ရသည်။ စစ္စတာရ်အနေဖြင့် ဤကဲ့သို့သောကျောင်းတွင် တာဝန်ခံအဖြစ်ထမ်းဆောင်ရသည်မှာ သူ့အတွက်ပထမဦးဆုံးအတွေ့အကြုံဖြစ်ကြောင်း၊ ဤအတွေ့အကြုံမှ အနောက်တိုင်းဆန်သောကျောင်းမျိုးကိုဖွင့်လှစ်ရန် သူ၏စိတ်ကူးသည်မဖြစ်နိုင်ကြောင်းကိုလည်း သိလာခဲ့ရကြောင်း၊ တီဝီလူမျိုးတို့၏ခေါင်းဆောင်မှုကဏ္ဍကို နားလည်ပုံမှာအနောက်နိုင်ငံသားများ နားလည်ပုံနှင့်ခြားနားသည်။ အဘယ်ကြောင့်ဆိုသော် သူတို့နားလည်သောခေါင်းဆောင်မှုကဏ္ဍမှာ တစ်ဦးယောက်တည်း ဖြေရှင်းခြင်းမဟုတ်ဘဲ၊ ဆွေမျိုးသားချင်းများစုဖွဲ့ဖြေရှင်းခြင်းဟုနားလည်သည်။ အဘယ်ကြောင့်ဆိုသော် စစ္စတာရ်များသည် ကျောင်းအုပ်နေရာကို သာမန်ခရစ်ယာန်များအား လွှဲအပ်ပေးရန်စီစဉ်သောအခါ ထည့်သွင်းစဉ်စားခံရသောအမျိုးသမီးက ထိုရာထူးကိုလက်ခံရန် ပစ်ပစ်ခါခါငြင်းဆန်သည်။ ဤရာထူးကိုလက်ခံခြင်းသည် မိမိကိုယ်မိမိအထင်ကြီးလွန်းရာကျသည်ဟု ယူဆသည်။

စစ္စတာရ်အနေဖြင့် တီဝီလူမျိုးစုနှင့်နှစ်ပေါင်း (၃၀) ကြာနေထိုင်ခဲ့ရ၍ သူတို့၏ယဉ်ကျေးမှု၊ အတွေးအခေါ်များကိုသိလှပြီဟု မှတ်ထင်ခဲ့သည်မှာ အလွဲကြီးလွဲနေခဲ့သည်။ ထို့ကြောင့်ကျောင်း၏ အုပ်ချုပ်ရေးအပိုင်းကို အတင်းအကြပ်မစီမံတော့ဘဲ တီဝီအမျိုးသမီး၏တင်ပြချက်ကိုလက်ခံလိုက်သည်။ နောက်ပိုင်း၌ စစ္စတာရ်တို့အလုပ်အပေါ် အလေးအနက်ထားလုပ်ဆောင်လာလျှင် ဒေသခံများသည် စိုးရိမ်စိတ်ပွားလာကြသည်။ ထို့ကြောင့်ယဉ်ကျေးမှုနှစ်ခုကြား၌ သာသနာပြုလျှင် အခြားသူတို့၏ ယဉ်ကျေးမှုနှင့်အယူအဆကို နားထောင်ပေးတတ်ရန် အလွန်အရေးကြီးလှပါသည်။ သို့မှသာသူတို့အားထိခိုက်စော်ကားခြင်းမဖြစ်စေဘဲ၊ ယုံကြည်မှုကိုပိုရစေပါသည်။ ရလိုက်သောအတွေ့အကြုံအရ နောက်ဆုံး၌ ကျောင်း၏အုပ်ချုပ်ရေးအပိုင်းကို တစ်ဦးတစ်ယောက်တည်းဖြင့် ဦးစီးစေခြင်းမဟုတ်တော့ဘဲ၊ အဖွဲ့အစည်းနှင့်လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ လုပ်အမှုဆောင်အဖွဲ့၏ လုပ်ရည်ကိုင်ရည်များလည်း တိုးတက်လာစေရန် စွမ်းရည်မြှင့်တင်သည့်သင်တန်းများ၊ ငွေကြေးအကူအညီနှင့်ကွန်ပျူတာသုံးစွဲခြင်းတို့ကိုလည်း သင်ကြားပေးခဲ့သည်။ စစ္စတာရ်



သည်ကျောင်းအုပ်အဖြစ်တာဝန်မထမ်းဆောင်တော့သော်လည်း၊ ကက်သလစ်ဘာသာ၏ ဘာသာရေး သွန်သင်ချက်များကို ဆက်လက်သင်ကြားပေးခြင်း၊ မြို့ထဲသို့သွား၍ ဆုတောင်းပေးရန် ဖိတ်ခေါ်သောအိမ်များသို့သွားရောက်ဆုတောင်းပေးခြင်းများကိုပြုလုပ်လျက်ရှိသည်။ စစ္စတာရ်အား ကျွန်းသူကျွန်းသားများအားလုံးက မသိသူမရှိသောကြောင့်သူတို့သည်သူ့အား၊ သို့မဟုတ် ဤသူသည် သူတို့ထံသို့ချဉ်းကပ်၍ ဆုတောင်းပေးရန် တောင်းခံခြင်း၊ ဆုတောင်းပေးမည်ဟု အားပေးခြင်းကိုပြုလုပ်လေ့ရှိသည်။ စစ္စတာရ်၏စွန့်လွှတ်အနစ်နာခံမှုများသည် ကမ္ဘာ့သတင်းစာမျက်နှာများတွင်ဖော်ပြခြင်းမခံရသော်လည်း တီဝီလူမျိုးစုကြား၌မူအလွန်ထိရောက်နေပါသည်။ ကျွန်းပေါ်ရှိသာသနာနယ်များတွင်သာသနာ၏ကျောရိုးမအဖြစ် အမာခံကျားကန်ပေးနေသူများမှာ တီဝီအမျိုးသမီးများဖြစ်ကြောင်း၊ ရှေးလွန်ကာလကို ပြန်လည်ငဲ့စောင်းကြည့်မည်ဆိုလျှင်လည်း ဤသို့ခက်ခဲသောဒေသသို့ဘာသာရေးနှင့်လူမှုဖွံ့ဖြိုးမှုကိုဖောက်ချလုပ်ဆောင်ခဲ့သူများမှာသာသနာအမှုထမ်းများနှင့် သာမန်ခရစ်ယာန်အမျိုးသမီးများပင်ဖြစ်သည်ဟုချီးကျူးစကားဆိုခဲ့ပါသည်။



## သာသနာအတွင်းအမျိုးသမီးကဏ္ဍနှင့်စစ္စတာရ်၏အမြင်။

သာသနာအနေဖြင့် လွဲအပ်ပေးနိုင်သောအမှုတော်များစွာရှိသည်ကိုတွေ့ရကြောင်း၊ သို့သော် မိမိတို့လိုရာဥပဒေကိုရေးဆွဲ၍မရကြောင်း၊ ဥပမာအားဖြင့်အမျိုးသမီးရဟန်းသိက္ခာတင်ခြင်းကိစ္စမျိုးသည်အဘယ်သို့မျှဖိအားပေး၍မရကြောင်း၊ အမျိုးသား၊ အမျိုးသမီးသာသနာ့အမှုထမ်းများကို မိမိတို့၏အမှုတော်၌အားသွန်ခွန်စိုက်ကြိုးစားအမှုထမ်းရန်၊ ရဟန်းမင်းကြီးဖရန်စစ်သည် ကျွန်ုပ်တို့အားလက်ရှိအခြေ အနေမှရုန်းထွက်ပါ။ သိုးနံ့သင်းအောင်သိုးများကြားသွားပါဟုတိုက်တွန်းနေပါသည်။ ဆိုလိုသည်မှာ လူများနှင့်တစ်ယောက်တစ်လက် ဝိုင်းဖွဲ့လုပ်ဆောင်ရန်ဖြစ်ကြောင်းဖြင့်မိန့်ခွန်း ပြောကြားသွားခဲ့ပါသည်။

(CNA)

**ကလေပိုက်**

From Page 51

**184. What is the peculiarity of the religious community?**

It is the *community witness* that it gives. With brotherly union and with the apostolate, in keeping with their individual charisms , they participate in the life and mission of Christ in an absolute and total manner. "The community live is part of the *essential characteristics* of the religious congregation" (Paul VI Speech *To the Superiors Major* 29-10-70).

**185. What is the purpose of community life?**

"It is evident that fraternal life will not automatically materialize by the observance of the rules which regulate community life; but it is at the same time evident that the life in common has the scope of favouring fraternal life intensely" (VF 3) and it also faithfully preserves the vocation and identity of each Institute (c 587 s 1).

b) THE RELIGIOUS COMMUNITY IN ITSELF AND IN THE CHURCH

**186. What are the elements of union among the members of a religious community?**

a) The **spiritual** element is the "*fraternal communion*" which has its roots in their hearts enlivened by charity. This element is what gives life to "the communion of life" and interpersonal relationships (cf 602).
b) The more **visible** element is the **community life** or the life in common which consists of living in their own religious house that is constituted as such by law, and in their living the communitarian life with fidelity to the rules, participating in community activities, and collaborating in their community undertakings and services (cf c 608; 665 s 1; VF 3). The whole life is lived out in their *own style* (cf c 731 s 1) in their various communities based on their *own charism* and the constitutions of their own Institute (cf c 607 s 2; VF 3).

**187. What are the relationships between the religious communities and the Church?**

Religious life belongs undeniably to the very life of the Church, to its well being and mission (cf LG 44; VC 3).
In particular:

a) It is the *living witness and privileged realization* of the "*Trinitarian communion*" it participates in the life of the Trinity, confessing its redeeming love (VC 16; RdC 5).
b) It makes publicly visible and continuously perceivable the *gift of brotherhood* which Christ has bestowed on the Church "it is an eloquent sign of ecclesiastical communion" (VC 42).
c) It joins the members of a community in a *unique call* of God through the *charism of its foundation;* this is gratefully recognized by the Church, because it renders her richer in charisms "more commonly and more freely bestowed" (LG 12) which God showers upon its members for the benefit of the whole Body.

d) It has an *apostolic dimension*, as an essential witness and guarantee of the favourable outcome of the apostolic activity, which has as its ain the union of all men bouth among themselves and with God. "Fraternal communion is the starting point and the final end of the apostolate" (cf VF 2; VC 76).

**188. What is meant by and what is the purpose of religious "enclosure"?**

It is a means of favouring, and at the same time defending, community life.
This is obtained by:

a) *Avoiding frequent or prolonged absences* from the religious house, especially lacking just motive and without the permission of the Superiors (cf c 665).
b) *Avoiding irregular access* to community localities of extraneous persons, particularly of the opposite sex.
c) *Using means of communication with discretion* "avoiding those things which could be harmful to one's vocation" or to that of other members of the community (cf c 666).

**189. Is there a difference of cloister for the various institutes?**

Yes; cloister can be:

**a) Ordinary**, which must be observed in every religious house according to kind, mission, norms of proper law and have "some part of a religious house always reserved to the members alone" (c 667).
**b) Papal**, that is to say, in conformity with the norms given by the Apostolic See (cf PC 16). It is more rigorous and concerns the monasteries of contemplative life for this reason called "enclosed". The principles, obligations and extension of this form of cloister have been reaffirmed and clarified recently in the Insturction "*Verbi sponsa*" (cf 14-21).

**190. Who may enter or leave papal cloister?**

The *components* of the community and *others*, with the permission of the Superior and for just motive. The diocesan *Bishop* may enter, for just cause, the cloister of monasteries of his diocese. For a grave cause, and with the consent of the Superior, he can permit others to be admitted to the cloister and the nuns to leave it (cf c 667 s 4).

TO BE CONTINUED . . . . . .

# THANK YOU . . . .

# God bless you all . . .

# စာမျက်နှာ နှင့် အကြောင်းအရာ

## စာမျက်နှာ


၁ ။ မြန်မာပြည်လက်နက်ကိုင်ပဋိပက္ခအားလုံးချုပ်ငြိမ်းရေး (ကာဒီနယ် ချားလ်စ်ဘို)
၄ ။ လူသားနဲ့ဝါသနာ (နီလာရိုင်း)
၆ ။ ယုံကြည်သူတို့သွားရာလမ်း (Fr. ဂျော့ရှ် ဖေမန်)
၈ ။ ကောင်းသောစိတ်စွမ်းအားနှင့် မကောင်းသောစိတ်စွမ်းအား - (Br. Thang Ha, SJ)
၁၂ ။ မိမိကိုယ်ကိုဗဟိုပြုဦးဆောင်မှု - (ဆရာတော်ဂျွန်မန်းဆိန်းဟို)
၁၆ ။ ခြေတစ်လှမ်းမှအစပြုလို့ - (စောပီတယ်)
၁၈ ။ ဒီလှိုင်းလိုလူ - (စိုးဟေမာန်စိုး)
၂၀ ။ Goldren Jubilee of Sr. Grace (IJ)
၂၂ ။ Formator Gathering
၂၄ ။ အန္တရာယ် (၇) ပါး - (မွန်ဆီညော်မောရစ်ညွှန့်ဝေ)
၂၅ ။ တရားခံ - (ရှားမာန်)
၂၆ ။ မေ့ဆေး - (အင်ဝိုင်းပန် SJA)
၂၇ ။ အာဂစိတ်ထား သီလရှင်များ။ - (အိုင်လုန့်ဖ)
၂၈ ။ ပုပ်ဘက်နဒစ် (၁၆) ၏ကိုယ်ရေးအကျဉ်း (လောရန့်ဂျန်မာဂန်)
၃၄ ။ အပေးအယူမျှတပါမှ - (မြေစာပင်)
၃၅ ။ တန်ဖိုးရှိသောဖန်ဆင်းခံလူသား - (Sr. Mary, MIRS)
၃၇ ။ ချည်နှောင်ခံရခြင်းမှလွတ်မြောက်ရန်ထွက်ခဲ့ပါ - (ဖီခနုတ်ဖေါင် SFX)
၃၈ ။ ကက်သလစ် Valentine Day ဆိုသည်မှာ - (သီကိုရှင်း)
၄၂ ။ မင်္ဂလာရှိသောမိဘများ - (အင်ဝိုင်းပန် SJA)
၄၇ ။ မမေ့နိုင်ပါ ဖေဖေမေမေ - (ဒက်ဇူးမယ်)
၄၄ ။ စီအာရ်အမ်နှင့်သတင်းများ
၅၀ ။ A Catechism of the Religious Life
၅၂ ။ စစ္စတာရ်တစ်ပါး၏ စွန့်လွှတ်ဆက်ကပ်မှု - (ကလေပိုက်)



ကြေးစည်တောကောင်းကို မြန်မာနိုင်ငံ ကက်သလစ်သူတော်စင်များအဖွဲ့ချုပ်ရုံး
(CRCM) မှ ၃ လ တစ်ကြိမ်ထုတ်ဝေသည်။ (အသင်းတော်အတွင်းသုံးသာ)



လိပ်စာ။ ။ကက်သလစ်သူတော်စင်များရုံးချုပ်၊ အမှတ် - ၁၁၂ (က)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
email: kyesemyanmar@gmail.com, Ph: 09 794511950/ 09 400761158


*ငါ၏ထမ်းပိုးကိုယူ၍ထမ်းလျက်ငါ့ထံမှသင်ယူကြလော့၊ အကြောင်းမူကား ငါသည်သိမ်မွေ့၍နှိမ့်ချသောစိတ်နှလုံးရှိ၏၊ (မာတေဦး ၁၁ : ၂၉)*